ဂန္ဓိရ ဝိပဿနာဂုဏ္ဘွယ်

ဒါနထက် သီလမြတ်၍
သီလထက်ဘာဝနာမြတ်ကြောင်းကို
ဘုရားထပိက်သူဌေးကြီးအားဟောကြောင်းပေ

ဘုရားထပိက်သူဌေး

ဝိပဿနာ ရှုဘွယ်

(ပဌမတွဲ)

ကျမ်းပြုသူ-ဦးပဏ္ဍိုင်

ပညာမဇ္ဈ။ပိဋကတ်စာအုပ်ဆိုင်၊
၁၇၊ ရွှေတိဂုံဘုရားလေး (၁ဂုံစာတိုက်) ရန်ကုန်မြို့။

No. 1

၁၉၆၂-ခုနှစ်တွင် ပုံနှိပ်သည်၊
ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း
စာအုပ်ရေ.... ၂၀၀၀။

တာဝန်ခံ ဖြန့်ချိသူ-ဦးဝိုင်း

(မှတ်ပုံတင်အမှတ်-၀၂၇၂)

ပညာမဇ္ဈိုပဋ္ဌကတ်စာအုပ်ဆိုင်၊
၁၇၊ ရွှေတိဂုံဘုရားလေး (ဒဂုံစာတိုက်) ရန်ကုန်မြို့။

(မှတ်ပုံတင်အမှတ်-၀၁၀၀၄၇)

မဟာဝိဇ္ဇာပုံနှိပ်တိုက်နှင့်
စာပေဖြန့်ချိရေးဌာနတွင် ရိုက်နှိပ်သည်၊
အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့။

ဆိုင်ရာ ပုဂ္ဂိုလ်များသို့

(ကိုးခဏ်းပျို့ကို မူတည်၏)

ငါနှင့်ငါသာ၊ နှိုင်းစရာဟု၊ ပညာမုန်ယို၊
အရွယ်ပျို့က၊မဆိုစလောက်၊ မာန်စောင်
မြောက်၍၊ နှုတ်ငေါက်လွန်မိ၊ ဒေါသရှိ
လည်း၊ နှောင်းပြီတခါ၊ ရိုသေစွာလျှင်၊
ဤစာ မြတ်ကျမ်း၊ ပုလဲ ပန်းဖြင့်၊ စိတ်
ကြမ်းမာန်လျှော့၊ ကျွန် ကန် တော့ ၏၊
မပေါ့ချစ်ခင်၊ သားနှယ်ကြင်၍၊ ရှင်လူ
တကာ သည်းခံပါလော့၊ မေတ္တာမသွေ၊
မုန်းတုံ့ဖြေသည်၊ မျက်ပြေသူတော် ကျင့်
ဟောင်းတည်း။

ပ ဂျိုင့်

၁၃၁၆-ခု၊ ကဆုန်လ

ကျေးဇူးဆပ်ခြင်း

ဤရှုဘွယ် ကျမ်းကို ပြုစုရခြင်းသည် ကျေးဇူးရှင်ဖြစ်တော်မူကြကုန်သော ရန်ကုန် တောင်လုံးပြန် ဆရာတော်ဦးတေဇိန္ဒ၊ ကွယ်လွန်သွားရှာသော ပါဠိ ဆရာကြီး ဆရာဘီ၊ ရန်ကုန်ပြည်လမ်း ပဌာန်းဆရာတော်၊ မန္တလေး မစိုးရိမ်ဆရာတော်၊ ရန်ကုန် သိမ်ကုန်း ဓမ္မိကာရုံကျောင်းဆရာတော်ဦးရေဝတဓမ္မ၊ ရန်ကုန် ကျောင်းတော်ရာ ရွှေကျင်တိုက် အရှင်ဘဒ္ဒန္တ ဇောတ အစ ရှိသော ကျေး ဇူး ရှင် ဆရာ ဖြစ်ကြကုန်သော ပုဂ္ဂိုလ် အပေါင်းတို့နှင့်တကွ ဝိပဿနာ ဘာဝနာ လုပ်ငန်းကို လက်တွေ့သင် ကြား ပြ သ ပေး ပေသော အစ်ကိုဝမ်းကွဲ တော်စပ်သူ ဟာသ်ဘတ ဦးသူတော်အားလုံး၊ကျေးဇူးဆပ်သည့် မည်ပါစေသတည်း၊ ထိုမှ တဖန် ဤကျမ်းကို ပြုစုရာ၌ အကြံဉာဏ်ပေးသော ဦးကြီစု(ဘီအေ)အားလုံး၊ တူဖြစ်သူ မောင်ခင်မောင်ဆန်း အားလုံး၊ အဘက်ဘက်မှ ကူညီကြကုန်သော တိုးတက်ရေး တိုက် သား မျိုး အား လုံး တ င် ပါ ကြောင်း။

ပဏ္ဍိုင်

၁၄-၆-၅၄

သောတာပန်

ဖြစ်ချင်သလား

စာအုပ်၏ အချီး နိဒါန်း ဆိုသည်မှာ စာအုပ်အကြောင်း စာရေးဆရာအာဘော်ကိုပြောပြခြင်းဖြစ်၏၊ ဤကျမ်းအတွက် နိဒါန်း ရေးရာတွင် စာဘတ်သူတို့ ဥပနိသျှ ရရှိစေရန် ပရိယတ္တိ ပဋိပတ္တိဘက်တွင် အားတက်သရော်ဖြစ်ခါ ငါလည်း ကြိုးစားက ဖြစ်နိုင်၏ ဟူသော သဘောပေါက်လာအောင် ရေးသားလို၏၊ သို့သော် အတ္တုက္ကံသန ဟူသော အစွန်းမှ လွတ်ပါအံ့ လောဟ တွေးတောနေစဉ် စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ ဆိုသော ရှင်တော်ဘုရား၏ (သာမုက္ကံသိက) ဒေသနာသည် ထင်ရှားစွာ ဖြစ်ပေါ်လာသဖြင့် စာဘတ်သူတို့ အကျိုးငှာ ရေးသားပါအံ့။

သောတာပန်

သောတာပန်ဖြစ်လျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံသို့ မကျတော့ပြီ၊ အပါယ် ၄-ဘုံသို့ မကျရပြီ ဆိုသော လက်မှတ်ကို ရရှိထားသော သောတာပန်သည်၊ သြော်-ငါသည် ထိုထိုသော သတ္တဝါတို့ကဲ့သို့ အပါယ် ၄-ဘုံသို့မကျရတော့ပြီ၊အပါယ် ၄-ပါးအစာမဖြစ်တော့ပြီဟု ဆိုကာမျှပင် ဝမ်းသာ၍ မဆုံးနိုင်တော့ချေ၊ ဝိသာခါ, အနာ

ထပိုဏ်, သိကြားမင်းတို့ကဲ့သို့ အပါယ် ၄-ပါးအစာမှ ကင်းဝေး၍ ဘုံစဉ်စံကာ စည်းစိမ် ခံစားလျက် နေရမည် ဆိုပါက အဘယ်လျှင် ဝမ်းသာ၍ ဆုံးနိုင်ပါအံ့နည်း၊ အဘယ်မှာလျှင် အဘိုး ဖြတ်ခြင်းငှာ တတ်စွမ်းနိုင်ပါတော့အံ့နည်း။

စာသင်ခဲ့ရပုံ

လူတို့သည် မိမိတဘဝ တဝမ်း တခါး စားသောက် နေထိုင်မှုအတွက် ကျောင်းတွင် ၁၀-နှစ် ၁၅-နှစ် နေ့စဉ်ကျောင်းတက်၍ ညစဉ်အိမ်၌ စာရေးစာကျက်ခါ နေ့ညမပြတ် ကြိုးစားခဲ့ကြရ၏၊ သို့ရာတွင် ထိုသို့ ကြိုးစားမှုမှာ ဤတဘဝ တသက် လျှာမျှသာ ဖြစ်၏၊ သေသောအခါ အပါယ် ၄-ပါး အစာမဖြစ်ဘူးဟူ၍ကား အာမခံလက်မှတ် မရှိချေ။

ဝိပဿနာလုပ်ငန်းကား ဤသို့မဟုတ် သဘာဝကိုသဘောပေါက်၍ သေခါနီးတွင် ဒိဋ္ဌိဝိသုဒ္ဓိ, သင်္ခါဝိတရနဝိသုဒ္ဓိ ၂-ပါးကို စဉ်းစား ဆင်ခြင်မှု (ဝါ) နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးကို ဆင်ခြင်နေရုံမျှနှင့် သေလျှင် အပါယ်လေးဘုံသို့ မကျရောက်ရဘဲ စူဠ သောတာပန်ဖြစ်ခါ သုဂတိဘုံသို့ လားရ၍ ထိုဘုံ၌ သောတာပန်ဖြစ်ရ၏၊ သမဏနတ်သားသည် လူ့ပြည်တွင် ဝိပဿနာ ဘာဝနာကို ပွားများနေစဉ် နတ်ပြည်၌ သောတာပန်ဖြစ်ရပုံ ပါဠိတော်ကို ယခင်ရေးသားခဲ့သော ဝိပဿနာအခြေခံကျမ်းတွင် ဖော်ပြခဲ့လေပြီ။ ဤဂ မ္ဘီရ ဝိပဿနာရှုဘွယ် ကျမ်းငယ်သည် ဝိပဿနာ ဘာဝနာကို ပါဠိတော် အဋ္ဌကထာ, ဋီကာတို့၌ လာသည့်အတိုင်း

ယထာဘူတ ကျနစ္စာကျင့်သုံး ပွားများနိုင်ရန် ပဓာနရည်ရွယ်ချင်းဖြစ်၏။

အချိန်သည် အဘိုးတန်လှ၏

ထိုမှတဖန် အနည်းငယ် ရေးသားလိုပြန်သည်မှာ ဤကျမ်းကို ဘတ်ရာ၌ အနီးတွင် ခဲတန် အနီ,အပြာ သို့မဟုတ် ဖေါင်တိန်ထားရှိ၍ အမှတ်အသားပြုကာ အချို့စာကြောင်းများကို အနီဖြင့် မှတ်၍ အချို့ကို အနက်ဖြင့် မှတ်သားထားတော်မူပါ၊ ယခု ခေတ်ကြီးမှာ အချိန်သည် အလွန်အကြူး အတူးအဘိုး ထိုက်တန်လှ၏၊နောက်ထပ် အလိုရှိသောအခါ စာတအုပ်လုံးကို ပြန်၍ ဘတ်ရန် အချိန်မဖြုန်းနိုင်တော့ပြီ၊ အချိန်သည် ငွေ,ထက်အဘိုးတန်၏၊ ငွေကုန်သော် ရှာလျှင် ပြန်၍ရ၏၊ အချိန်ကုန်သော် ရှာသော်လည်း ပြန်၍ မရနိုင်။

နောက် တချက်ကား ပေါရိုဏာဒ လက်မှ လွတ်လာသော သုတသောမ မင်းကြီး သည် ၄-ဂါထာကို တဂါထာလျှင် အသပြာ ၁၀၀၀-စီပေး၍ နာကြားရလေသည်၊ဤကျမ်းငယ်၌ ကား ဘုရားရှင်၏ (သာမုဏ်သိက) ဒေသနာတော် ဂါထာ ပေါင်းများစွာ ပါရှိရကား ထိုဂါထာများမှ ကြိုက်နှစ်သက်တော်မူသည်တို့ကို အရကျက်၍ အခြားပုဂ္ဂိုလ်တို့အား ဒါန ခဏ်းတွင် ပါရှိသည့် နည်းအတိုင်း သဘောပေါက်ခါ ဝမ္မ ဒါနကို ပြုတော်မူရန် အထူးကြိုးစားတော်မူပါကုန်။

အားကျရန်

အောက်ပါအနည်းငယ်သော စာကြောင်းမှာ မိမိကိုယ်ကို ချီးမြှောက်သည် ဆိုသော အတ္တုက္ကဋ္ဌသန အတွက် မဟုတ်ပါ၊ အကြောင်းဖြစ်ပေါ်လာသဖြင့် ယုံကြည်လေးစားစွာ ပြုကျင့်နိုင်ရန်မျှသာ စေတနာကောင်းဖြင့် ဖော်ပြရခြင်းဖြစ်ပါသည်။

တိုင်းသူ ပြည်သားတို့ အကျိုးငှာ မကြာမီက ဝိပဿနာ အခြေခံကျမ်းကို ပြုစုထုတ်ဝေခဲ့ရာ စာအုပ် ၂၀၀၀-မှာ ၆-လ ဘွင်ကုန်သွားလေ၏၊ သို့သော် အမေးပုစ္ဆာတရပ် ပေါ်ထွက်လာသည်မှာ ထိုကျမ်းကို ပြုစုသူကိုယ်တိုင် ဝိပဿနာဘာဝနာကို အားထုတ်ဘူးပါသ လား ဟူသော မေး မြန်း ချက် ပင်ဖြစ်ပါ၏။

ကျွန်တော်သည် မိမိမသိရှိ မယုံကြည်သော လုပ်ငန်းတရပ်ကို ဟောပြော ရေးသားလေ့ မရှိပါ၊ ကိုယ်တိုင် လေ့ကျင့်သဘောကျမှ ရေးသား ပြောဟောလေ့ ရှိပါသည်၊ ဥပမာမြန်ရသော် ငယ်ရွယ်စဉ်က ကျွန်တော်သည် ကျောင်းကထွက်သောအခါ အင်္ဂလိပ်ဗမာစာကိုကောင်းစွာမရေးတတ်မဘတ်တတ်ခဲ့ချေ၊ တလလျှင် ၃၀-စား စာရေးအလုပ်တခုကို ရရှိခဲ့၏၊ ထိုအချိန်၌ ညကျောင်းတွင် စာသင်ခဲ့ရ၏၊ လူတို့၏ တိုးတက်ကြီးပွားမှု စာအုပ်ကြီး ငယ်တို့ကို ဘတ်၏၊ မိမိကိုယ်တိုင် တိုးတက်လာ၏၊ ထို တိုးတက်မှုကို ငါတဦးတည်း ခံစားကအရင်းမျှသာ ရှိချေ၏၊ ဗမာတိုင်း ဗမာတိုင်း တိုးတက်စေရန် စာအုပ်တခု ရေးသားအံ့ဟု ကြံစည်ခါ "ကြိုးစားက ဘုရားဖြစ်၏" ဆိုသောစကားကို စဆွဲပြီးလျှင် "ကြီးပွားချမ်း

သာရေး" အမည်ဖြင့် စာတအုပ်ရေးသားခဲ့၏၊ ထိုစာအုပ်တွင် စာတွေ့သာမက မိမိကိုယ်တိုင် အကျိုးကျေးဇူး ခံစားရခဲ့ပုံ နည်းမျိုးစုံကို ပေါ်ပြ ရေးသားခဲ့၏၊ ထိုစာအုပ်မှာ မြို့သုံး ကျောင်းသုံး အဖြစ်ဖြင့် တိုင်းပြည်က ချီးမြှောက်ကြကုန်၏၊ ထိုစာအုပ်ဖြင့် မြောက်မြားစွာသော လူအပေါင်းတို့ တိုးတက် ကြီးပွား လာကြကုန်သည်ကို လူတိုင်းအသိပင်၊ ထိုနောက် စီးပွားရေးကို အထူး အားပေး ရေးသား ခဲ့၏၊ ဗမာများ ဘဏ်လုပ်ငန်းကို လိုက်စားရန် ဗမာနှင့်ဘဏ် ဆိုသောစာအုပ် ငယ်တအုပ်ကို ရေးသားထုတ်ဝေခဲ့၏။

ထိုနောက် လက်ရှိ ယူနိယံဘဏ်ကြီးနှင့် ဗမာပိုင် ဘဏ်ကြီး တခု အမြန်ဆုံးတည်ရှိနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းတို့ အနိစ္စ မရောက်မီ ရန်ကုန် "ဆော်ရန်တို" အဆောက် အဦကြီး၌ မူလကြိုးစားသူ ၃-ဦးတွင် တဦး အပါအဝင် ဖြစ်ခဲ့၏၊ မကြာမီ ယူနိယံဘဏ်ကြီးတွင် ဒါရိုက်တာ လူကြီးတဦး ဖြစ်လာကာ (၂)နှစ်ဘိုင် ဆောင်ရွက်ခဲ့၏၊ ထိုစဉ်အခါက အင်္ဂလိပ် အစိုးရ တို့ ပြုလုပ်သွားသော ဘဏ်ဥပဒေကြီးကို ပြုပြင်ရန် အထူး ကြိုးစားခဲ့၏၊ နောက်ဆုံးတွင် ဘဏ်ဥပဒေ ပြင်ရာတွင် ပါဝင် ဆောင်ရွက်ခဲ့၏။

၁၉၅၀-ပြည့်နှစ်တွင် ဗမာ ငွေတန်ဘိုး ဗမာ ငွေစက္ကူ ပြဿနာအတွက် စုံစမ်းရန် (ဦးနု)အစိုးရထံသို့ စာအုပ်စာ တမ်းတခု ပြုစုကာ တင်သွင်းခဲ့၏။

ထိုနောက် အသက်ကြီးရင့်လာသဖြင့် ဝိပဿနာဘာဝနာ ဘက်သို့ ကူးပြောင်း လိုက်စားခဲ့၏၊ ဒီပနီ အရပ်ရမ်းကို နှုံ့စပ်

အောင် ဘတ်ခဲ့သည်လည်း ဟူ၏၊ သင်္ဂြိုဟ်ကျမ်းကို ပါဠိဆရာ ကြီး ဆရာဘိထံတွင် အရက် ၄၀-ခန့်မျှ သဘောပေါက်ရန် သင်ကြားခဲ့၏၊ ထိုနောက် အသက် ၅၀-ကျော်သော အခါ ဓမ္မသင်္ဂီ၏ အဖွင့်ဖြစ်သော အဋ္ဌသာလိနီကို ရန်ကုန်မြို့ သိမ်ကုန်းဓမ္မိကာရုံကျောင်း ဆရာတော် ဦးရေဝတဓမ္မထံတွင် သဘောပေါက်ရန် ၂-လခန့်တက်ခဲ့၏၊ ထိုနောက် ရန်ကုန်မြို့ ပြည်လမ်း ပဋ္ဌာန်းဆရာတော် ထံတွင် ပဋ္ဌာန်းကျမ်း ကြီးကို သဘောသဘာဝ အရသာကိုမြည်းနိုင်ရန် ၃-လခန့်တက်ခဲ့၏၊ ထိုနောက် မန္တလေး (မစိုးရိမ်) ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓ ထံ၌ ပဋ္ဌာန်းနည်းဖြင့် ဝိပဿနာအခြေခံကို ရရှိနိုင်ရန် ၃-လခန့် တက်ခဲ့၏၊ ပဋ္ဌာန်းကျမ်းကြီးကား ဝိပဿနာဘာဝနာ အခြေခံ ဖြစ်သော ပစ္စယ ပရိဂ္ဂဟ ဉာဏ်ကို ဟန်ကုန်အောင် ပြသော ကျမ်းကြီးပါပေတည်း။

ထိုနောက် စာခမေးပါမျှားသဖြင့် ရန်ကုန်မြို့ တောင်လုံးပြန် ရွှေတောင် ပိဋကတ် ဆရာတော် ဦးတေဇိန္ဒက ပါဠိတော် ကျမ်းအိပ်ကြီးများကို နိဿန္ဒင့်တွဲ၍ ဘတ်ရှုရန် အထပ်ထပ် အမိန့်ရှိရုံမျှမက ကျမ်းများကိုပါ ချီးမြှင့်တော်မူ၏၊ မေးသည် တို့ကိုလည်း ဖြေတော်မူ၏။

ထိုတွင်ပဋ္ဌမ၌ ခက်သရောင်ရောင် ရှိသော်လည်း "ကြိုးစား က ဘုရားဖြစ်၏" ဆိုသော မိမိ၀ါဒအရ မနားမနေ ကြိုးစား သောအခါ တသက်တွင် တခါမျှ မတွေ့,မဘတ်,မရှု,မကြား, မနာရ သေးသော အရသာကို ထိုကျမ်းအိပ်ကြီး များတွင် မြောက်မြားစွာ တွေ့ရှိရ၏၊ ထိုပါဠိတော်များမှာ ဦးသူတော်

ထုံမှ ရရှိသောနည်း၊ သိမ်ကုန်းဆရာတော် ဦးရေဝတာဓမ္မထုံမှ ရရှိသော နည်းတို့နှင့်တသားတည်း တွေ့ရှိရလေသည်။

ယင်းသို့ ဝိပဿနာ ဘာဝနာ၏ အရသာကို ကိုယ်တွေ့ခံစားရသော အခါ အထက်တွင် ဖော်ပြခဲ့သော စေတနာ အတိုင်းပင် ထိုမျှကောင်းလှသော အဘိုးဖြတ်ခြင်းငှာ မည်သူ တစုံတယောက်မျှ မစွမ်းဆောင်နိုင်သော အကျိုးကျေးဇူးကို ငါတ ဦးတည်း ခံစား သည်ထက် အ များ ခံ စား ရ သော် "ကောင်းလေစွ"ဟူ၍ သဘောပေါက်ခါ ဝိပဿနာအခြေခံ ကျမ်းနှင့် ဤဂ ဗ္ဘီရ ဝိပဿနာ ရှုဘွယ်ကျမ်းကို ပြုစုခြင်းဖြစ်ပါသည်။

ထိုကြောင့် ကျမ်း ပြု သူသည် ဝိပဿနာ ဘာဝနာကို ကြိုးစား အားထုတ် ဘူးပါသလောဟု မေးခွန်း၏ အဖြေကို တိကျစွာ ဖြေဆိုရသော် ကျွန်တော်သည် မေတ္တာဘာဝနာကို မနောက်မျှသာမဟုတ် ကာယကံ ဝစီကံ တို့ဖြင့်လည်း လေ့ကျင့်လျက် ရှိပါ၏၊ ဝိပဿနာ ဘာဝနာကိုလည်း ယနေ့တိုင် နေ့စဉ် နေ့တိုင်း လေ့ကျင့် ပွားများလျက် ရှိပါကြောင်း ရိုသေ လေးနက်စွာ ဝန်ခံပါ၏၊ ဤမှန်သော သစ္စာကို ဆိုခြင်းဖြင့် ဤကျမ်းကို ဘတ်ရှုသူ အပေါင်းတို့သည် တိုးတက် ကျမ်းမာ ချမ်းသာစွာဖြင့် သောတာပန်စခမ်းကို တက်လှမ်းတော်မူနိုင် ကြပါစေသတည်း။

ပဂ္ဂိုဠ
ကျမ်းပြုသူ။

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁။	အစ(နိဒါန်း)နှင့် သောတာပန်စခန်း	-	၃
၂။	ဝေလာမသုတ်	-	၁၇
၃။	ယုံကြည်မှု	-	၂၄
၄။	ဒါနခက်း	-	၄၄
၅။	သီလခက်း	-	၅၉
၆။	မေတ္တာဘာဝနာ	-	၀၇
၇။	ဝိပဿနာချီးမွမ်းခက်း	-	၁၃၃
၈။	သဘာဝကို နှိုင်ရမည်	-	၁၅၇
၉။	သောတာပန်ဖြစ်လိုသူတိုင်း သိရမည့်တရား	-	၁၇၇

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဒါနထက် သီလမြတ်၏
သီလထက် ဘာဝနာ မြတ်၏

ယောစ အစ္ဆရာ သင္ခါတ
မတ္တာမိ အနိစ္စသညံ ဘာဝေယျ။

(အင်္ဂုတ္တိုရ်ပါဠိတော် နဝနိပါတ်၊ သီဟနာဒဝဂ်)

ယောစ၊အကြင် သူသည်ကား။ အစ္ဆရာသင္ခါတ မတ္တာမိ။ လက်ဖျစ်တတွက် အတိုင်းအရှည် ရှိသော ကာလမျှလည်း။ အနိစ္စသညံ၊မမြဟု ဖြစ်သော အနိစ္စ သညာကို။ ဘာဝေယျ၊ ပွားစေရာ၏။

အထက်ပါ ပါဠိတော်မှာ မြတ်စွာဘုရားရှင်သည် အနာထပိဏ်သူဌေးကြီးအား အကြောင်းပြု၍ အင်္ဂုတ္တိုရ် ပါဠိတော် နဝနိပါတ်၊ သီဟနာဒဝဂ်၊ (ဟံသာဝတီ၊ စာမျက်နှာ ၁၂၄)

(ဝေလာမ)သုတ်ကို ဟောတော်မူရာ၌ လာရှိသောပါဠိတော် ဖြစ်၏။

အကြောင်းသော်ကား-အခါတပါး၌အနာထပိဏ်သူဌေး ကြီးသည် အလွန်ဆင်းရဲသော အခြေအနေသို့ ရောက်ရှိ သွား၏၊ ထိုအခါ၌ မြတ်စွာဘုရားရှင်က အနာထပိဏ်သူဌေး ကြီးအား ဂဟ ပတိ သူကြွယ် အသင်သည် ဆန်ခွဲထမင်းနှင့် ပဒုံးရည် ဟင်းလျှာမျှကိုသာ လှူဒါန်းရသဖြင့် ဝမ်းနည်း ဘွယ် မဖြစ်ရာ။

အလှူခံ ပုဂ္ဂိုလ်အား ရိုသေ လေးစားစွာ ပေးဝေလှူဒါန်း ခြင်း၊ လှူဘွယ်ဝတ္ထုဟု သန့်ရှင်းစင်ကြယ်စေခြင်း၊ စေတနာ သဒ္ဓါတရားဖြင့် မိမိကိုယ်တိုင် ရိုသေစွာ ပေးကမ်း လှူဒါန်း ခြင်းသည် ကြီးစွာသော အကျိုးကို ပေး၏၊ ဥစ္စာ ပစ္စည်း ကြွယ်ဝချမ်းသာ၍ သားသမီးဆွေမျိုးတို့၏ ရိုသေလေးစားခြင်း ကို ခံစားရ၏၊ ထိုသို့ရိုသေ လေးစားသော စေတနာ သဒ္ဓါ ဘရား မဟုတ်မူက နောင်ကာလ၌ ဥစ္စာပစ္စည်း ရှိလင့်ကစား မိမိမပိုင်သကဲ့သို့ ဖြစ်တတ်၏၊ သား သမီး ကျေးကျွန်တို့ကမူ သည်း မရိုမသေ မခန့်မညား ပြုတတ်ကြကုန်၏။

ထိုမှတဖန် မြတ်စွာဘုရားရှင်သည် အနာထပိဏ် သူဌေး ကြီးအား ဆက်၍ ဟောတော်မူ ပြန်သည်မှာ ဝါဘုရားရှင် သည် သာသနာပတ္တင် အလောင်းတော် (ဝေလာမ)ပုဏ္ဏား ကြီး ဖြစ်ခဲ့ဘူး၏၊ ထိုစဉ်အခါ သာသနာပ၌ (ဝေလာမ) ပုဏ္ဏားကြီးသည် (၇)နှစ်၊ (၇)လတိုင်တိုင် ထမင်းရေချောင်း ဖိုး လှူဒါန်းခဲ့၏၊ ရွှေ,ငွေ,ကျောက်သံ,ပတ္တမြား စသည်တို့ကို အမျိုးမျိုး လှူဒါန်းခဲ့၏။

ထိုသို့ လှူဒါန်းရာတွင် သာသနာ ခေတ်တွင်း၌ သောတာပန် တပါးအား ဆွမ်းလုပ်ကျွေးခြင်းက ထို(ဝေလာမ)ပုဏ္ဏားကြီး အလှူထက် ပို၍မြတ်၏၊ ပို၍ အကျိုးထူးရ၏။

သောတာပန် ပုဂ္ဂိုလ် အပါး (၁၀၀) ကို ဆွမ်းလုပ်ကျွေးလှူဒါန်းရခြင်းထက် သကဒါဂါမ် ပုဂ္ဂိုလ် တပါးကို ဆွမ်းလုပ်ကျွေးရခြင်းက ပို၍မြတ်၏၊ ပို၍အကျိုးထူးရ၏။

သကဒါဂါမ် ပုဂ္ဂိုလ် အပါး (၁၀၀) ကို ဆွမ်းလုပ်ကျွေးရခြင်းထက် အနာဂါမ် ပုဂ္ဂိုလ် တပါးအား ဆွမ်းလုပ်ကျွေးရခြင်းက ပို၍မြတ်၏၊ ပို၍အကျိုးထူးရ၏။

အနာဂါမ် ပုဂ္ဂိုလ် အပါး (၁၀၀) ကို ဆွမ်းလုပ်ကျွေးရခြင်းထက် ရဟန္တာ ပုဂ္ဂိုလ် တပါးကို ဆွမ်းလုပ်ကျွေးရခြင်းက ပို၍မြတ်၏၊ ပို၍ အကျိုးထူးရ၏။

ရဟန္တာ ပုဂ္ဂိုလ်အပါး (၁၀၀) ကို ဆွမ်းလုပ်ကျွေးရခြင်းထက် ပစ္စေကဗုဒ္ဓါ ဘုရားတဆူကို ဆွမ်းလုပ် ကျွေးရခြင်းက ပို၍မြတ်၏၊ ပို၍ အကျိုးထူးရ၏။

ပစ္စေကဗုဒ္ဓါ ဘုရား အဆူ (၁၀၀)ကို ဆွမ်းလုပ် ကျွေးရခြင်းထက် သမ္မာသမ္ဗုဒ္ဓ မြတ်စွာ ဘုရားရှင် တပါးအား ဆွမ်းလုပ်ကျွေးရခြင်းက ပို၍မြတ်၏၊ ပို၍ အကျိုးထူးရ၏။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာ ဘုရားရှင်အား ဆွမ်းလုပ်ကျွေးလှူဒါန်း ရခြင်းထက် သမ္မာသမ္ဗုဒ္ဓ မြတ်စွာ ဘုရားရှင်နှင့် တကွသော ရဟန်းသင်္ဃာတော်မြတ်တို့အား ဆွမ်းလုပ်ကျွေးရခြင်းသည် ပို၍မြတ်၏၊ ပို၍အကျိုးထူးရ၏။

ထိုထက် အရပ် ၄-မျက်နှာမှ ရောက်လာကြ ကုန်သော သင်္ဘောတော် အရှင်မြတ်များအတွက် ဆောက်လုပ် လှူဒါန်း အပ်သော ကျောင်းသည် ပိုရ်၍ မြတ်၏၊ ပိုရ်၍ အကျိုးထူး ရ၏။ ထိုထိုပြဆိုခဲ့ပြီးသော အလှူမျိုးတို့ထက်-

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆామি။
(၂) ဓမ္မံ သရဏံ ဂစ္ဆామি။
(၃) သံဃံ သရဏံ ဂစ္ဆామি။

ဟူ၍ ကြည်ညိုသဒ္ဓါဖြင့် သရဏဂုဏ် ၃-ပါးကို ဆည်းကပ် ကိုးကွယ်ခြင်းသည် ပိုရ်မြတ်၏၊ ထို သရဏဂုဏ် ၃-ပါးကို ဆောက်တည် ကိုးကွယ်ရခြင်းထက် သရဏဂုဏ် ၃-ပါးနှင့် တကွ ၅-ပါးသီလကို ခံယူဆောက်တည်ရခြင်းသည် ပိုရ်မြတ်၏၊ ထိုသရဏဂုဏ် ၃-ပါးနှင့်တကွ ပဉ္စသီလ ၈ါးပါးသီလကို ဆောက်တည်ရခြင်းထက်-

ယောစ အန္တမသော
ဂန္ဓောဟန မတ္တမ္ပိ
မေတ္တစိတ္တံ ဘာဝေယျ။

ယောစ၊ အကြင်သူသည်ကား။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဂန္ဓောဟန မတ္တမ္ပိ၊ လက်ချောင်း ၂-

ချောင်းတို့ဖြင့် နံ့သာဆိုင်ကို ကိုင်ယူ၍ နံ့သာကို နမ်းရှူခြင်းမျှ အတိုင်းအရှည် ကာလမျှလည်း။ မေတ္တာစိတ်၊ (မေတ္တာ)နှင့် ယှဉ်သောစိတ်ကို။ ဘာဝေယျ၊ ပွားစေရာ၏။

ဆိုလိုရင်းမှာ အချိန်ကြာမြင့်စွာ မေတ္တာပို့ခြင်း၊ မေတ္တာ ဘာဝနာ ပွားများရခြင်းကို မဆိုထားဘိဦး နံ့သာမှုံကို တခါ ရှူသော အချိန်မျှလောက်တွင် မေတ္တာဘာဝနာ ပွားများရ သော ကုသိုလ်သည် အထက်၌ ဖော်ပြခဲ့သော ဒါနကုသိုလ် သီလကုသိုလ်တို့ထက် မြတ်လှပေ၏ဟု မြတ် စွာ ဘု ရား ရှင် သည် အနာထပိဏ်သူဌေးကြီးအား ဟောတော်မူခြင်းဖြစ်၏။ ဤ၌ သတိပြုရန်ကား အချိုးကျကျ အ ပွ နာ နှင့် ယှဉ် ၊ သာ မေတ္တာကို ဆိုလို၏၊ ရှေတွင် မေတ္တာဘာဝနာ ပွားများနည်း, စေတနာထားနည်းတို့ကို တွေ့ရပေလတံ့။

ထိုနောက် တဖန် အနာထပိဏ် သူဌေးကြီးအား မြတ်စွာ ဘုရားရှင်သည် ဟောတော်မူပြန်သည်မှာ ထိုထိုသော ဒါန, သီလ, သမထ, (မေတ္တာ)ဘာဝနာ ပွားခြင်းတို့ထက် လက်ဖျစ် တတွက်ခန့်မျှ ကြာမြင့်စွာ အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာ ဘာဝနာကို ပွားများရခြင်းကုသိုလ်သည် ပို၍ အကျိုးကြီး မြတ်၏ဟု မိန့်တော်မူလိုရကား၊ အစတွင် ဖော်ပြခဲ့သော-

ယောစ အစ္ဆရာ သင်္ဃာတမတ္တမ္ပိ၊
အနိစ္စသညံ ဘာဝေယျ။

ဟု ဟောတော်မူခြင်းဖြစ်၏၊ (အစဉ် အနက်ပေးခဲ့ပြီ) ဤ၌ လည်း မဂ်စိတ်ဖြစ်ရန် ကျေးဇူးပြုသော အနိစ္စသညာကို ဆိုလို သည်၊ ရှေတွင် သဘာဝမမ္မနှင့် ဝိပဿနာ ဘာဝနာပွားများ နည်းကို တွေ့ရှိရလတံ့။

ဤတွင် ဝေလာမသုတ်ကို အတိုချုပ်ရသော် သာသနာပဋ္ဌ ၇-နှစ် ၇-လ ထမင်းရေချောင်းစီး လှူဒါန်းရသောအလှူထက် သာသနာတော် တွင်းဝယ် သောတာပန် တပါးအား ဆွမ်း လုပ်ကျွေးရသော ဒါနကုသိုလ်က ပို၍မြတ်၏။

သောတာပန်အပါး	၁၀၀–ထက်	သကဒါဂါမ်တပါး
″	၁၀,၀၀၀–ထက်	အနာဂါမ်တပါး
″	၁၀,၀၀,၀၀၀–ထက်	ရဟန္တာတပါး
″	၁၀,၀၀,၀၀,၀၀၀–ထက်	ရှင်ပစ္စေကဗုဒ္ဓါ
″	၁၀,၀၀,၀၀,၀၀,၀၀၀–ထက်	မြတ်စွာဘုရားရှင်

ထိုထက် ဘုရားရှင်နှင့် တကွသော သင်္ဃာတော် မြတ်တို့အား ဆွမ်းလုပ်ကျွေးရခြင်း။

ထိုထက် သင်္ဃာ့ကျောင်းအလှူ။

ထိုထက် သရဏဂုဏ် ဆောက်တည်ရသော ကုသိုလ်။

ထိုထက် သရဏဂုဏ် ၃-ပါးနှင့်တကွ ၅-ပါး သီလကို ဆောက်တည်ရသော ကုသိုလ်။

ထိုထက် မေတ္တာ ဘာဝနာ ကုသိုလ်။

ထိုထက် အနိစ္စသညာ ဝိပဿနာ ကုသိုလ် လွန်မြတ်ကြောင်းကို မြတ်စွာဘုရားသည် ဝေလာမသုတ်တွင် ထင်ရှားစွာ ဟောတော်မူလိုရင်း ဖြစ်၏။

ထိုကြောင့် ဒါနတွင် ငွေသိန်း,သန်း အကုန်ခံ၍ လှူဒါန်းရခြင်းမျှဖြင့် ရောင့်ရဲတင်းတိမ်တော် မမူသေးဘဲ သီလသို့တက်တော်မူပါ၊ ထိုမှတဖန် ဒါန,သီလတွင် တင်းတိမ်မနေမူ၍(သမထ)မေတ္တာ ဘာဝနာအထိ တက်တော်မူပါ၊ ထို ဒါန,သီလ,သမထ မျှတွင် တင်းတိမ်နေတော်မမူကြဘဲ ဘုရားရှင်အလိုတော် အကျဆုံးဖြစ်သော ဝိပဿနာ ဘာဝနာ အထိ တက်ရောက် ကြိုးစားတော်မူကြပါလေ၊ ဤကား ဝေလာမသုတ်၌ လာသော လိုရင်းဖြစ်၏။

တနည်းရှင်းလင်းစွာဖေါ်ပြရသော် ဘာဝနာ ကုသိုလ်သည် သက်သက်သာသာ အချိန်တိုတိုနှင့် အမွန်မြတ်ဆုံးကုသိုလ်ကို ရရှိသည်ကို သတိပြုကာ ခဏခဏ အားတိုင်း အားတိုင်း ဘာဝနာကို ကြိုးစား ပွားများတော်မူကြပါကုန်။

ယောဂီသူမြတ် အထူးသတိပြုတော်မူရန်ကား ဒါန,သီလ သမထ ကုသိုလ်တို့မှာ ကမ္ဘာ ဦး ကပင် သူတော်ကောင်းတရားဟူ၍ ရှိပြီးဖြစ်၏၊ ဝိပဿနာ ဘာဝနာမှာမူကား မြတ်စွာဘုရားရှင် တဆူတဆူ ပွင့်တော်မူမှ သာလျှင် နာကြားရသော တရားတော်မြတ်ဖြစ်သည်ကို အထူးသတိပြုတော်မူပါ။

ယုံကြည်မှု

အပ္ပမာဏော ဗုဒ္ဓေါ
အပ္ပမာဏော ဓမ္မော
အပ္ပမာဏော သံဃော

(ခန္ဓသုတ်)

ဗုဒ္ဓေါ၊ မြတ်စွာ ဘုရားရှင်၏ ဂုဏ်တော်သည်။ အပ္ပမာဏော၊ အတိုင်းအရှည် မရှိ ကြီးမားတော်မူလှပေ၏။

ဓမ္မော၊ တရားတော်၏ ဂုဏ်တော်သည်။ အပ္ပမာဏော၊ အတိုင်း အရှည် မရှိ ကြီးမားတော် မူလှပေ၏။

သံဃော၊ သံဃာတော်တို့၏ ဂုဏ်တော်သည်။ အပ္ပမာဏော၊အတိုင်းအရှည်မရှိ ကြီးမားတော်မူလှပေ၏။ ဤသို့လျှင် အင်္ဂုတ္တိရ၊ ပါဠိတော်၊ စတုက္ကနိပါတ်၊ ဒုတိယ ပဏ္ဏာသက-၂ ပဏ္ဍိတမ္မဝဂ်၌ လာရှိ၏၊ အလွယ်အားဖြင့် သော်တာ၊ ပရိတ်ကြီး၊ ခန္ဓသုတ်၌ ပါရှိ၏။

ဤသို့လျှင် ရှေးဦးစွာ ဘုရားတရား သံဃာတော်မြတ်တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ယုံကြည်လေးစား အားထား ရပေမည်၊ တနည်းဆို ဦးအုံ့။

မြတ်စွာဘုရားရှင်၏ တရားတော်ကို လိုက်နာ ပြုကျင့်မည့် ပုဂ္ဂိုလ်သည် ရှေးဦးစွာ ဝိဋ္ဌကတ် ၃-ပုံ၏ ပဓာန အဦးအစ ပဘာဝဖြစ်သော အကွာရာ ၂၄-လုံး၊ ၃-ပဒရှိသော-

ဗုဒ္ဓံ သရဏံ ဂစ္ဆामိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

ဟူသော သရဏဂုဏ် ၃-ပါးခု တကယ် ယုံ ကြည် လေး စား သက်ဝင် ထားရပေမည်၊ ဤရတနာ မြတ် ၃-ပါးသည် သာ သနာပဋ္ဌ ကြားနာရသော အကွာရာ စာလုံးများ မဟုတ်ပေ၊ ဘုရားရှင် တဆူ တဆူ ပွင့်တော်မူမှ သာလျှင် နာကြား သိရှိရ သော ရတနာ ၃-ပါး မြတ်တရား ဖြစ်လေသည်၊ ထို့ကြောင့် ဗုဒ္ဓဝါပါဠိတော်၊ သေနာသနက္ခန္ဓကဋ္ဌ-

ယောသောဝိခေါ ဒုလ္လဘော လောကသ္မိ
ယဒိဒံ ဗုဒ္ဓေါ ဗုဒ္ဓေါတိ။

ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ ဘုရား, ဘုရားဟူ၍။ ယဒိဒံ-ယောအယံ ယောသော၊ အကြင်အသံသည်။ အတ္ထိ၊ ရှိ၏။ သော-ယော သောဝိခေါ၊ ထိုအသံသည်လည်း။ လောကသ္မိ၊ လောကဋ္ဌ။ ဒုလ္လဘော၊ ရနိုင်ခဲ၏။

ထိုမျှ မကသေး ပဏ္ဏာသ ပါဠိတော်, သံယုတ်ပါဠိတော်, အင်္ဂုတ္တိုရ်ပါဠိတော် စသော ပါဠိတော်များတွင် မကြာခဏ

လာရှိသော ပါဠိတော်ကို အထက်ပါ ပါဠိတော်များကဲ့သို့ ပင် အရက္ခကမ္မတ် ဟောပြောအပ်သော ပါဠိတော်မှာ-

ဗုဒ္ဓေ အဝေစ္ဆပ္ပသာဒေန
သမန္နာဂတော။

ဗုဒ္ဓေ၊ ရှင်တော်ဘုရားခ်ီ။ အဝေစ္ဆပ္ပသာဒေန၊ မတုန်လှုပ်သော ယုံကြည်, ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။

ဓမ္မေ အဝေစ္ဆပ္ပသာဒေန
သမန္နာဂတော။

ဓမ္မေ၊ တရားတော်ခ်ီ။ အဝေစ္ဆပ္ပသာဒေန၊ မတုန်လှုပ်သော ယုံကြည်, ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။

သံဃေ အဝေစ္ဆပ္ပသာဒေန
သမန္နာဂတော။

သံဃေ၊ သံဃာတော်ခ်ီ။ အဝေစ္ဆပ္ပသာဒေန။ မတုန်လှုပ်သော ယုံကြည်, ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။

ဤသို့လျှင် ရတနာ ၃-ပါး အပေါ်ခ်ီ အကြင်းမဲ့ ယုံကြည်လေးစားခြင်း ရှိရပေမည်၊ ဘုရားရှင်၏ တရားတော်သည်

ဤ၌ အနည်းငယ် လိုနေသည်၊ ဤ၌ အနည်းငယ် ဝိုနေသည် ဟူ၍ကား မရှိချေ၊ ထို့အတူ တရားတော် အတိုင်း ယုံကြည်လေးစားစွာ ပြုကျင့်မည်ဆိုပါက အလိုအဝိုမရှိ၊ မိမိပြုမှု စေတနာ သဒ္ဓါတရား အတိုင်း အတိ အကျ ပြန်လည် အကျိုးပေးသည်မှာ စိုးစဉ်းမျှ ယုံမှားဘွယ် မရှိသင့်ပေ၊ ထို့အတူ ဘုရားရှင်၏တပည့် ဖြစ်ကြကုန်သော ရဟန္တာအရှင်မြတ်များ ဟောတော်မူသော တရားတော်များမှာ မြတ်စွာဘုရားရှင်၏ အလိုတော်ကျ အတိုင်းသာ ဟောတော်မူခဲ့သည်ကိုလည်း ယုံကြည်ထား ရ ပေ မည်။ ဤသို့လျှင် ဗုဒ္ဓ ဘာသာဝင် အ ပေါင်းတို့သည် ရတနာ ၃-ပါး၌ သက်ဝင် ယုံကြည်ထားရပေမည်။

ဘုရားရှင် တွေ့ရှိအပ်သော ဓမ္မနိယာမ တရားတော်သည် အဘယ်အတည်မျှ တန်ခိုးသတ္တိရှိပါ သနည်းဟူမှ သူတပါး ထောက်ခံပြောဆိုချက်ဖြင့် မဟုတ်မူ၍ မိမိကိုယ်တိုင် ဒိဋ္ဌထင်ရှား မျက်မှောက်၌ ချမ်းသာအကျိုးကို ခံစားရသော သန္ဒိဋ္ဌိက ဂုဏ်နှင့် ပြည့်စုံ၏။

ဤတရားကို လိုက်နာပြုကျင့်က လွဲမှားခြင်းမရှိ အချိန်အခါမရွေး အကျိုးပေး၏၊ အဘယ်မျှ လျင်မြန်ပါ သနည်း ဟူမှ မဂ်စိတ် ဖြစ်လျှင် ဖိုလ်စိတ်သည် ကပ်လျက် အကျိုးပေးသော အကာလိက ဂုဏ်နှင့်ပြည့်စုံ၏။

ဤတရားကား သာမန်မဟုတ်၊လောကြဟော့ ကြည့်ကြဟော့ ဟူ၍ လူကို လူက ခေါ်ဆို ပြသ လောက်ရုံမျှမက နတ်ရောသိကြားပါ ပြဟ္မာမကျန် ခြီးကျူး ခေါ်ပြခြင်းငှာ ထိုက်သော

ဟေတိပသိက ဂုဏ်နှင့်လည်း ပြည့်စုံ၏၊ (ဃဋ္ဋိကာရ အိုးထိန်းသည် ယောက်ျားသည် မိမိ မိတ်ဆွေ ဖြစ်သော ဇောတိပါလ ပုဏ္ဏားအား ဘုရားထံ တရားနာ ခေါ်ရာ၌ မလိုက်ဘဲနေခြင်း ကြောင့် ဆံပင်ကိုဆွဲ၍တရားကိုနာစေအပ်ခြင်းငှာ ထိုက်သော တရားဖြစ်၏။)

ဤတရားတော်သည် အခြား အရေးကြီးလှသော ကိစ္စ အဝဝကို ချထား၍ မိမိနှင့်မကွာ ကပ်၍ ဆောင်ထိုက်သော တရားမည်၏၊ အဘယ်သို့နည်းဟူမူ မိမိကိုယ်၌ အဝတ်ပုဆိုးမှ စ၍ ဦးခေါင်းကိုမီးစွဲလောင်နေသည်ကို အပထား၍ ဘာဝနာ မြတ်တရား ကိုသာ ပွားများခြင်းငှာ ထိုက်လှသော တရား ဖြစ်၏၊ တရားတော်၏ ဂုဏ်တော် အကျိုးအာနိသင်ကို ထိုမျှ သုံ့ကြည်အားထားရပေမည်။

ထိုမှတပါး အင်္ဂတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်အပဏ္ဏက ဝဂ်၌ လာသော မြတ်စွာဘုရားရှင်၏ ဉာဏ်တော် ကြီးမားပုံ မိမိတို့လူသာမန် လောကဓာတ်ဆရာ ဉာဏ်တို့ဖြင့် ကွာခြားပုံ ဘိုကိုလည်း သိမှတ်ထားအပ်၏၊ ပါဠိတော်ကား-

(၁) စတ္တာရိမာနိ ဘိက္ခဝေ
အစိန္တေယ္ယာနိ နစိန္တေတဗ္ဗာနိ
ယာနိ စိန္တေန္တော ဥမ္မာဒဿ
ဝိဃာတဿ ဘာဂိ အဿ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာနိ၊ အကြင် မကြီစည်အပ်ကုန်သော ၄-ပါးသော အကြောင်းတို့ကို။ စိန္တေန္တော၊ ကြီစည်သောသူသည်။ဥမ္မာဒဿ၊ရူးသွပ်ခြင်း၏။ဝိဃာတဿ၊ စိတ်ပင်ပန်း ဆင်းရဲခြင်း၏။ ဘာဂီ၊ အဘို့သည်။ အသ၊ ဖြစ်ရာ၏။ နစိန္တေတဗ္ဗာနိ၊ မကြီစည် ထိုက်ကုန်သော။ ဧကမာနိ အစိန္တေယျာနိ၊ ဤအစိန္တေယျ တရားတို့သည်။ စတ္တာရိ၊ ၄-ပါးတို့တည်း။ အဘယ် ၄-ပါးတို့နည်းဟူမူ-

မြတ်စွာဘုရား အရာကို မကြီစည်အပ်။
ဗျာနအဘိညာဏ်အရာ။
ကံ၏အကျိုးပေးပုံ။
နေ,လ တို့၏ တည်ခြင်း။

ဤတရား ၄-ပါးတို့ကား လောကလူတို့ ကြီစည်အပ်သော တရားများမဟုတ်သည်ကိုလည်း စွဲမြဲစွာ ယုံကြည်ထားရပေမည်။

ဘုရားရှင် တွေ့ရှိသော ဓမ္မနိယာမမှာ အလွန်လျှင် ခက်ခဲနက်နဲ၏၊ နူးညံ့သိမ်မွေ့၏၊ ဘာသာခြား နိုင်ငံခြားသားတို့သည် ဗုဒ္ဓဘာသာ အယူဝါဒကို ယုံကြည် လေးစားခြင်း မရှိ၊ လေ့ကျင့် လိုက်စားခြင်း မရှိဘဲ အသို့လျှင် ပဋိပတ္တိ, ပဋိဝေဒ ဉာဏ်သို့ သက်ရောက်ကာ အမှန်ကို သိရှိရေးသား ဖေါ်ပြနိုင်ပါအံ့နည်း။

ဘာသာခြားတို့သည် အတ္တနှင့် အနတ္တကို မည်သို့လျှင် သဘောပေါက်အောင် ရေးသားနိုင်ပါအံ့နည်း၊ရေးသားရန်

မဆိုထားဘိ၊ ၎င်းတို့ကိုယ်တိုင်ပင် အတ္တအစွဲမှ မကျော်လွှန်နိုင်ကြကုန်၊ အတ္တနှင့် အနတ္တ ခွဲခဏ်း ရှေတွင် တွေ့ရှိရလတံ့။

သဘာဝစစ်တန်း

လူတယောက်သည် ပညာရပ်တခုကို ၅-နှစ် ၁၀-နှစ် သင်ကြား လေ့ကျင့်လိုက်စားပါက ထိုပညာရပ်တွင် ကျွန်စွာ တတ်မြောက်မည်မှာ ယုံးမှားဘွယ် မရှိချေ၊ ထိုအတူ မြတ်စွာဘုရားရှင်သည် ဩဘာဝဓမ္မကို သိရှိရန် အမျိုးမျိုး ဒုက္ခခံကာ ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ကိုယ်ထိလက်ရောက် ကြိုးစားတော်မူ၍ နောက်ဆုံး၌ ဓမ္မနိယာမ သဘာဝကို ကျွန်စွာသိရှိ အောင်မြင်တော် မူခဲ့လေပြီ။

လောကကြီးတွင် ကမ္ဘာဦးသူတို့က အစပြု၍ သူတော်ကောင်း တရားသည် ရှိခဲ့၏၊ ထိုတရား အပေါင်းတို့သည် သာသနာပ၌ လည်းရှိ၏၊ လိုက်နာကြသည် တို့လည်းရှိ၏၊ ထိုသူတော်ကောင်း တရားတို့သည် အဘယ်အထိ အကျိုးပေးနိုင်သနည်းဆိုမူ ကမ္ဘာပေါင်း(၈) သောင်း (၄) ထောင် တိုင်တိုင် အသက်ရှည်ကာ ပြဟ္မာဘုံတွင် နေကြရကုန်၏၊ သို့သော် ကုသိုလ်ကောင်းမှုအရှိန်ကုန်သောအခါ လူ့ပြည်သို့ ကျရောက်လာပြန်၏၊ လူ့ပြည်၌ ကုသိုလ် အကုသိုလ်ပြုမိသည့် အလိုက် ဘဝတပါးသို့ရှေ့ပြောင်း ရပြန်၏၊ ထိုကြောင့် ပြဟ္မာ့ပြည် တဝင်းဝင်း ဝက်စားကျင်း တ၌်၌် ဟူ၍ ဆိုစမှတ် ရှိ၏။

လူအများ သိရှိပြီးဖြစ်သော ဒေဝဠ္ဠ ရသော့, ဥဒက ရသော့, အာဠာရ ရသော့ကြီးများမှာ ဘုရားရှင် မပွင့်မီကပင် ပြဟ္မာ့

ပြည်သို့ ရောက်ရှိပုံ၊အလောင်းတော်၏ မိခင်သည် အလောင်းတော် သိဒ္ဓတ္ထ မင်းသားအား ဖွားမြင်တော်မူပြီးသည့် နောက် ၇-ရက်တွင် သေလွန်၍ နတ်ပြည်သို့ ရောက်ရှိပုံတို့ကို ထောက်သော် နတ်ပြည်, ဗြဟ္မာ့ ပြည် လောက် ကို ရောက်နိုင်သောသူ တော် ကောင်း အကျင့် သီလများမှာ ဘုရားမပွင့်မီကပင် ထင်ရှားရှိပေ၏။

ထိုမှတပါး သူတော်ကောင်းတရားများ တဖြည်းဖြည်း ဆုတ်ယုတ် လာပုံတို့ကိုလည်း အောက်ပါ အတိုင်း သိအပ်ပြန်၏။

ကမ္ဘာ ဦးသူတို့သည် သာသနာပဋ္ဌာန်ပင် ဖြစ်လင့်ကစား သူတော်ကောင်းတရားကို အလွန်လိုက်စား ကြကုန်၏၊ တဦးကို တဦး ဘေးအန္တရာယ် မပြုကြကုန်၊ တဦးကိုတဦး မေတ္တာ ထားကြကုန်၏၊ အသားကိုပင် မစားကြကုန်။

ထိုစဉ်အခါက နတ် ဗြဟ္မာ အပေါင်းတို့သည် လူတို့အား အလွန်ကြည်ညို လေးစားကြကုန်၏၊ကောင်းစွာစောင့်ရှောက်ကြကုန်၏၊ လူတို့တွင်လည်း ယခုကဲ့သို့ ရောဂါဆိုး၊ အနာဆိုး ဥပဒ်ဆိုးဟူ၍ တစုံတခုမျှ မရှိခဲ့ချေ။

နောင်သောအခါယုတ်မာကုန်သော ဗြာဟ္မဏပုဏ္ဏားအချို့တို့သည် အသားစားခြင်း၏ အကျိုးများပုံကို အမျိုးမျိုးသွယ်ဝိုက်ချွဲထွင်ကာ ဂါထာစီကုံး၍ ကမ္ဘာဦးမှ ဖြစ်သော ကျမ်းထူး ကျမ်းမြတ် ဆိုကာ ဘုရင်သို့ ဆက်ကြကုန်၏။

ထိုဘုရင်၏ အမည်ကား သြဂ္ဂာဝက မင်းဖြစ်၏၊ ဘုရင်လည်း အဆင်အခြင် ဗဟုသုတ နည်းပါးရကား အဟုတ်ပင် ထင်မှတ်ပြီးလျှင် နွားများကို ကိုယ်တိုင်သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းခြင်းကို စ၍ ပြုလေ၏။

ထိုအကုသိုလ်ကြီးများကို ပြုသည့်နေ့ကစ၍ လူလောကကို ကြည့်ရှု စောင့်ရှောက် ကြ ကုန် သော နတ် သိကြား ဗြဟ္မာ အပေါင်းတို့သည် လူလောကကြီးကို အလွန် စက် ဆုပ် ကြ ကုန်၏၊ ကြည့်ရှုစောင့်ရှောက်မှုတို့ကို မပြုတော့ပြီ။

ထိုအချိန် ကာလက စ၍ လူလောကကြီးသည် အနာဆိုး ရောဂါဆိုးများ တနေ့တခြား တိုးတက် များပြားလာ လေတော့၏ ဟူ၍ သုတ္တနိပါတ် ပါဠိတော် ဗြာဟ္မဏဓမ္မိယသုတ်၌ ထင်ရှားစွာ လာရှိ၏၊ ဤသည်တို့ကို ထောက်သဖြင့် ဘုရားရှင် ပွင့်တော်မမူမီ သာသနာပ၌လည်း နတ်ပြည် ဗြဟ္မာပြည်သို့ ရောက်ရှိနိုင်သော ဒါနသီလ သမထ ဘာဝနာ လုပ်ငန်းများ ရှိသည်မှာ ထင်ရှားလှပေ၏။

သို့ရာတွင် ထိုသူတော်ကောင်း အပေါင်းတို့သည် ၃၁-ဘုံမှ ကျော်လွန်သွားရန် နည်းလမ်းတို့ ကို ကား မသိရှာကြ ကုန်၊ တနည်းဆိုသော် သဘာဝဓမ္မကို ကုန်စင်အောင် မသိ ရှိကြ၏။

ထိုတဝက် တစိတ်မျှ ဖြစ်သော ဓမ္မနိယာမနည်းကို ယခု အခါ အဘယ် ပုဂ္ဂိုလ်တို့သည် အများဆုံး လိုက်နာ ပြုကျင့်

နေကြပါသနည်းဟူမူ အိန္ဒိယ တိုင်းသား ဟိန္ဒူဘာသာဝင်များသည် ထိုနည်းကို ယနေ့တိုင် ဆက်လက် လေ့ကျင့်လျက်ရှိသည်ကို တွေ့မြင်ရလေသည်။

ဘုရားရှင်သည် အလောင်းတော် ဘဝက လေးသင်္ချေနှင့် ကမ္ဘာတသိန်းဒုက္ခအမျိုးမျိုးခံကာလေ့ကျင့်ရှာဖွေသောအခါ နောက်ဆုံး၌ နတ်ပြည် ဗြဟ္မာပြည်သို့ ရောက်နိုင်သော နည်းလမ်းများသာမက ၃၁-ဘုံမှ ကျော်လွန်သော ဒုက္ခကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာကိုလည်း တွေ့မြင် သိရှိတော်မူလေ၏။

သာသနာပတွင် ဒါန, သီလ, သမထတို့ကို သိရှိနိုင်ကြကုန်သော်လည်း ဝိပဿနာ ဘာဝနာကိုမူကား ဘုရားရှင် တဆူတဆူ ပွင့်တော်မူမှ သာလျှင် သိအပ်သော တရားတော်မြတ်ဖြစ်လေသည်။

ယင်းသို့ အရင်းမူလ သဘာဝဓမ္မကို မသိရှာကြကုန်သော နိုင်ငံခြားသားများ ရေးသားသော အင်္ဂလိပ်စာအုပ်၌ ဘတ်ရှုရသည်မှာ ဂေါတမ ဘုရားသည် ဟိန္ဒူ ဘာသာကို ကူးယူဟောပြောသည် ဟု သိမ်ဖျင်းလှသော အသုံးအနှုန်းများကို မကြာခဏဘတ်ရှုရ၏။

ထိုမှ တပါး ဤ၌ ဗုဒ္ဓဘာသာ တရားတော်ကို အင်္ဂလိပ်လို ဘတ်ရမှ ပို၍ သဘောပေါက်သည် ဟု ပြောဆို ယူဆသူတို့ သဘောပေါက်ရန် စေတနာကောင်းဖြင့် အနည်းငယ် ဖော်ပြပေအုံ့။

အနောက် နိုင်ငံသားတို့သည် ဗုဒ္ဓဘာသာ တရားကို လိုက်လံရှာဖွေ ရေးသားကြသည်မှာ အတော်ကြာ ရှိပြီဖြစ်သော်လည်း ထင်းရှား ကျော်ကြား ခဲ့သော ပုဂ္ဂိုလ်တို့တွင် မက္ခ(စ)မူလာ **Max Muller** နှင့် ရစ်-ဒေဗစ် **Rhys Davids** တို့ အပါအဝင် ဖြစ်ကြလေသည်။

မက္ခ(စ)မူလာသည် ဗုဒ္ဓဘာသာဝင် မဟုတ်သော ဣာမနီ ပြည်၌မွေးသူ တဦးမျှသာ ဖြစ်သည် မဟုတ်သေး၊ ဗုဒ္ဓဘာသာ တ ရား တော် ထက် ဟိန္ဒူ ဘာ သာ တ ရား ကို ပိုမို သက်ဝင် ယုံကြည် လေးစားသူ တဦးဖြစ်လေသည်၊ ထိုကြောင့် ၎င်း ပုဂ္ဂိုလ်နှင့် သက်ဆိုင်သော စာအုပ် စာတမ်းများကို ဘတ်ရှ သောအခါ အောက်ပါစာပိုဒ် တပိုဒ်ကို တွေ့ရှိရ လေသည်။

We told him that Professor Max Muller, though a European by birth and in garb, was virtually more than a Hindu.

" The Life and Letters " of the Right honourable Friedrich Max Muller, edited by his wife, ni two volumes: Vol • II; Chapter XXXV, Page 4o1.

အထက်ပါ စာကြောင်းများ နှင့် ဆက်စပ်နေသော စာကြောင်းများ၏ သဘောကိုပါ သဘာဝပေါ် အောင် ဖော်ပြ ရသော် အောက်ပါ အတိုင်းဖြစ်၏။

အခါ တပါးဌ မက္ခ (စ) မူလာသည် အပြင်း အထန် ဖျားလျက်ရှိ၏၊ ထိုအခါ ၎င်း၏ ဟိန္ဒူ မိတ်ဆွေရင်းများက

ဟိန္ဒူ။ ဘုန်းကြီးကျောင်းရှိ ဟိန္ဒူ။ ဘုန်းကြီးအား ဖျားနာ လျက် ရှိသော မက္ခ(စ)မှုလာကို ပရိတ်များ ရွတ်ဘတ်ပေး ရန် တောင်းပန်ကြ၏၊ ထိုအခါ ဟိန္ဒူ။ဘုန်းကြီးက ပြောဆို သည်မှာ ဟိန္ဒူ။ပရိတ် ရွတ်ဘတ် ဆုတောင်း ပေးခြင်းမှာ ဟိန္ဒူ။လူမျိုးမှ မွေးဖွားသော ဟိန္ဒူ။ကိုသာလျှင် ဟိန္ဒူ။ပရိတ် ကို ရွတ်ဘတ်ဆုတောင်းပေးခြင်းကို ပြုရ၏၊ ဟိန္ဒူ။မဟုတ် သူကို ရွတ်ဘတ်ပေးခြင်းကား ထုံးတမ်းစဉ်လာ မရှိခဲ့၍ ရွတ်ဘတ်ပေးခြင်းကို မပြုနိုင်ဟု ငြင်းဆိုလေ၏၊ ထိုနောက် ဟိန္ဒူ။ တကာကြီးများက အထက်ပါ စာပိုဒ်ကို ပြောပြ သည်မှာ မက္ခ(စ)မှုလာသည် ဥရောပတိုက်သားများ အ ဝတ်ကို ဝတ်ဆင်ထားလျက် ဥရောပတိုက်သားမှ ပေါက် ဖွားလာသည် မှန်သော်လည်း အယူဝါဒ အကျင့်အားဖြင့် ဟိန္ဒူ။တဦး ထက်ပင် သာ လျက် ရှိသဖြင့် ဟိန္ဒူ။ပရိတ်ရေ ချမ်းကို ရွတ်ဘတ်ပေးရန် ပြောဆိုကြ၏၊ နောက်ဆုံးတွင် ဟိန္ဒူ။ဘုန်းကြီးသည် အစဉ်အဆက်ဆက်က မပြုဘူးသော ဟိန္ဒူ။ပရိတ်ကို မက္ခ (စ) မှုလာ၏ ကျန်းမာရေး အတွက် ရွတ်ဘတ် ပေးလေတော့၏။

ဤကား မက္ခ (စ) မှုလာသည် ဗုဒ္ဓဘာသာ တရားတော် ထက် ဟိန္ဒူ။ဘာသာကို ပိုမိုယုံကြည် လေးစားပုံ များစွာတို့ အနက် တခုသော ဥပမာကို ပြောပြခြင်းမျှသာဖြစ်၏၊ ဘုရား ရှင်၏ တရားတော်မှာ ယုံကြည်မှု ရှိမှသာလျှင် အမှန်ကို သိရှိ နိုင်သော တရားဖြစ်သည်ကို အထူးသတိပြုတော်မူအပ်၏။

ဗုဒ္ဓဘာသာဝင်မဟုတ်သူ မက္ခ(စ)မူလာသည် ဗုဒ္ဓဘာသာ တရားတော်များကို ကမ္ဘာက အထင်အမြင် လွဲမှားလောက်အောင် ရေးသားခဲ့သည်ကို ခြေရာခံ၍ လိုက်နာ ရေးသားသူကား ရစ္ဆ-ဒေဗစ္ဆတို့ လူသိုက်ဖြစ်လေသည်။

အင်္ဂလိပ် ဘာသာဖြင့် ဘုရားရှင်အားဇင်း၊ တရားတော်မြတ်အားဇင်း၊ ကမ္ဘာက အထင် အမြင် လွဲမှား သေးသိမ်လောက်အောင် ရေးသားထားပုံ တခုကို ဥပမာ ပြရသော်-

အင်- ဆိုင်- က- လို- ပိ- ဒိ-ယ-ဘ-ရစ်-တင်-နိ-က ခေါ် ကမ္ဘာကျော် စာအုပ်ကြီး တစုံလျှင် ဗမာငွေ ၉ ၀ ၀ိ- ကျော် ၁ ၀ ၀ ၀ိ-ပေးရ၏၊ ထိုစာအုပ်ကြီး၌ ဘုရားရှင်သည် ပဉ္စ၀ဂ္ဂီ ၅-ဦးအား ဓမ္မစက္ကြာ တရားတော်နှင့် အနတ္တသုတ်ကို ဟောတော်မူရာတွင် **Buddha** ဗုဒ္ဓ ဟူ သော စာလုံး အခက်း၌ အောက်ပါအတိုင်း ရေးသားထားလေသည်။

Buddha.

..... yet it was only after the Buddha had for five days talked to them, sometimes seperately,sometimes together, that they accepted in its entirety his plan of salvation.

(Encyclopaedia Britannica)

အထက်ပါ စာပိုဒ်၏ ရှေ့နောက် ဆက်စပ်လျက် ရှိသော စကားရပ်များ၏ ဆိုလိုရင်းသဘောကို နားလည်နိုင်ရန် ဖော်ပြရသော်-

ဘုရားရှင်သည် ပဋ္ဌဝဂ္ဂ ၅-ဦးတို့အား တရားဦးဟောရာ၌ မိမိဘုရားဖြစ်ကြောင်း၊ မိမိ၏ တရားမှန်ကန်ကြောင်းကို ပဋ္ဌဝဂ္ဂ ၅-ဦးတို့အား တခါ, တခါ တဦးစီ, တဦးစီ သွေးဆောင် ဟောပြော၏၊ တခါတခါ အားလုံးကုန်ကိုစု၍ ဟောပြောရ၏၊ ထိုသို့ဟောပြောသော်လည်း ၅-ရက်တိုင်တိုင် ပြောဆိုမှ သာလျှင် ပဋ္ဌဝဂ္ဂ ၅-ဦးတို့သည် ဂေါတမ၏ အယူဝါဒတရားကို လုံးလုံး လျားလျား သက်ဝင်လက်ခံကြလေသည်။

ဤအတိုင်းဆိုမူ ကျွန်တော်တို့ နေ့စဉ်ညတိုင်းရွတ်ဘတ်နေသော ဓမ္မစကြာသုတ် အလာနှင့် မျှားစွာ ကွာခြား နေပေတော့၏။

ဓမ္မစက္က ပဝတ္တနသုတ်၌ကား ဘုရားရှင်သည် ဓမ္မစကြာတရားတော်ကိုဟောတော်မူသည်၏အဆုံး၌အရှင်ကောဏ္ဍညသည် သောတာပန် ဖြစ်တော်မူ၏ ဟူ၍လာ၏။

ဤ၌ အင်္ဂလိပ် စာရေး ဆ ရာ တို့ သည် သောတာပန်၏ တန်ဘိုးကို မသိရှာ မဆုံးဖြတ် နိုင်ကြချေ၊ ဓမ္မပဒ ပါဠိတော်လောကဝဂ်၌ လာရှိသည်မှာ-

ပထဝျာ ကေရဇ္ဇေန၊
သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိပ္ပစ္စေန၊
သောတာပတ္တိဖလံ ဝရံ။

ပထဝီဓာတ်ပြေအပြင်ခွာ။ ကေရင်ဇွန်း၊ ကေရာင်မင်းပြို ရသည် ထက်ရင်း။ သင်္ဂဿ၊နတ်ပြည်ပြဟ္မာပြည်ဆို။ ဂမနေန၊လားရ ရောက်ရခြင်းထက်ရင်း။သင့်လောကာဓိပ္ပစ္ဆေန၊အလုံးစုံသော လောကကို အစိုးရသည်ထက်ရင်း။ သော တာ ပ တို့ ဖလံ၊ သောတာပတ္တိမဂ်ကို ရရှိခြင်း၏ အကျိုးသည်။ဝရုံ၊ထွင့်မြတ်လှ ပ္ပာ၏။

အလွယ်ဆုံးသိသာနိုင်ရန် ရေးသားရသော်, သောတာပန် ပုဂ္ဂိုလ်သည် ငရဲသို့ ကျရောက်ခြင်းမရှိတော့ပြီ၊တိရစ္ဆာန်ဘုံသို့ မကျရောက်တော့ပြီ၊ ပြိတ္တာ အသုရကာယ်ဘုံသို့ မကျရောက် တော့ပြီ၊ထိုအပါယ် ၄-ဘုံသို့ မကျရောက်ရခြင်း ပင်လျှင် ဝမ်း သာ၍မဆုံး၊ တန်ဘိုးဖြတ်ခြင်းငှာ မတတ်နိုင်တော့ပြီ။

ဤသို့လျှင် အင်္ဂလိပ်စာရေးဆရာတို့သည် သောတာပန်၏ တန်ဘိုးကို မသိ နားမလည် ပါက အသို့လျှင် ရဟန္တာ၏ ဟန်ဘိုးကို သိရှိနိုင်ပါအံ့နည်း။

ထိုကြောင့် အထက်ပါ အင်္ဂလိပ်စာပိုဒ်အရ ၅-ရက်ကြာမှ ဘုရားရှင်၏ ဝါဒကို လုံးဝ လက်ခံ ကြသည် ဆိုခြင်းသည် ရဟန္တာ ဖြစ်ခြင်းကို သဘော မသက်ရောက်စေဘဲ၊ ဘုရား, တရား, သံဃာကို ယုံကြည်လာသော ဥပါသကာအခြေအနေ သို့သာ ရောက်ရှိလာခြင်း ကိုသာ အဓိပ္ပါယ် သက်ရောက် စေ၏။

မဟာဝဂ္ဂ သောတာ ပတ္တိ သံယုတ် (သုမဂ္ဂါဝတီ)စာမျက်နှာ ၂၇၅-၌ မဟာနာမ်က လျှောက်ထားသဖြင့် ဘုရားရှင် မိန့်တော်မူသည်မှာ-

ယတောခေါ မဟာနာမ
ဗုဒ္ဓံ သရဏံ ဂတော ဟောတိ
ဓမ္မံ သရဏံ ဂတော ဟောတိ
သံဃံ သရဏံ ဂတော ဟောတိ
တြောဝတာခေါ မဟာနာမ
ဥပါသကော ဟောတီတိ။

မဟာနာမ၊ မဟာနာမ်။ ယော၊ အကြင် တစုံတယောက် သောသူသည်။ ယတောခေါ၊ အကြင် ကြောင့်သာလျှင်။ ဗုဒ္ဓံ၊ ဘုရားကို။ သရဏံ၊ ကိုးကွယ် ဆည်းကပ် ခြင်းသို့။ ဂတော၊ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ဆည်းကပ်ခြင်းသို့။ ဂတော၊ရောက်သည်။ ဟောတိ၊ ဖြစ်၏။ သံဃံ၊ သံဃာတော်ကို။ သရဏံ၊ ကိုးကွယ်ဆည်းကပ် ခြင်းသို့။ ဂတော၊ ရောက်သည်။ ဟောတိ၊ဖြစ်၏။ မဟာနာမ၊ မဟာနာမ်။ တြောဝတာခေါ၊ ဤသို့ရတနာ ၃-ပါးတို့ကို ကိုးကွယ် ဆည်းကပ် သောကြောင့် သာလျှင်။ ဥပါသကော၊ ဥပါသကာ မည်သည်။ ဟောတိ၊ ဖြစ်၏။

အတိုချုပ် ဆိုလိုရင်းကား ဘုရား,တရား,သံဃာ ရတနာ ၃-ပါးကို သက်ဝင်ယုံကြည် ဆည်းကပ်မှုကို ဥပါသကာခေါ်၏။ ဟု ဘုရားရှင် မိန့်တော်မူခြင်းဖြစ်၏။

အထက်ပါ အင်္ဂလိပ် စာပိုဒ်၌ကား ၅ - ရက် ကြာသော အခါ ဘုရားရှင်၏ အယူဝါဒ တရားတော်ကို ပဋ္ဌဝဂ် ၅-ဦး တို့သည် လုံးလုံး လျားလျား လက်ခံ လိုက်တော့ ၏ ဟု ရေးသားရာ ပဋ္ဌဝဂ် ၅-ဦးတို့သည် ရဟန္တာအဖြစ်သို့ မရောက် ရှိဘဲ၊ ဥပါသကာ ၅-ဦးမျှသာ ဖြစ်သော အခြေအနေသို့ ရောက်ရှိ နေပေတော့၏ ဥပါသကာ နှင့် ရဟန္တာ မည်မျှ ကွာခြားသည်ကို ဖော်ပြရန်မလိုတော့ပြီ။

ထိုမှတဖန် "ဗုဒ္ဓ"ဟူသော အခေါ်းဦးပင် ဆက်လက်ရေး သားဖော်ပြ ထားပြန်သည်မှာ-

For forty-five years after entering on his mission Gotama itinerated in the valley of the Ganges not going farther than about 250 miles from Benares...

ဂေါတမ ဘုရားသည် ၄၅-နှစ်တို့ ပတ်လုံး ဂင်္ဂါ မြစ်ဝှမ်းတွင် တနေရာမှ တနေရာသို့ လှည့်လည် သွား လာလျက် တရား ဟောတော်မူ၏ ဤကဲ့သို့ ဟော တော်မူရာ၌ ဗာရာဏသီမြို့မှ ခရီးမိုင် ၂၅၀-ထက် ကျော်လွန် ဝေးကွာစွာ သွားရောက်ခြင်းမပြုခဲ့ချေ။

ဤစာပိုဒ်၏ သဘောမှာ ဘုရားရှင်အား သာမန်လူမျှ လောက်သာ ဆိုလိုသည် မဟုတ်၊ မြတ်စွာဘုရား ရှင်သည် နတ်ပြည်သို့တက်ကာ အဘိဓမ္မာတရားကို ဟော်တော်မူသည် ကိုပင် ယုတ္တိ မရှိလေဟန်ကို ရေးသားလိုရင်းဖြစ်၏။

ဤသည်တို့ကို ထောက်ဆခြင်း အားဖြင့် နိုင်ငံခြားသား တို့သည် အထက်တွင် ဖော်ပြခဲ့သော ပါဠိတော်အရ-

အပ္ပမာဏော ဗုဒ္ဓေါ
အပ္ပမာဏော ဓမ္မော
အပ္ပမာဏော သံဃော

ဟူသည်ကို အဘယ်လျှင် ယုံကြည်နိုင်ကြပါ မည်နည်း၊ ထိုကြောင့် ဘုရားရှင်၏ တရားတော်ကို လိုက်စား လိုသော ပညာရှိ သူတော်ကောင်း တို့သည် ဘာသာခြားတို့ ရေးသား ထားသည်တို့ကို မျှားစွာ သတိပြုအပ်လှပေ၏။

ထိုမှတပါး အကြောင်းဆိုက်သဖြင့် ရေးသားဖော်ပြခဲ့လို သည်မှာ ဗုဒ္ဓဘာသာဝင် ရဟန်း ရှင်လူ အပေါင်းတို့သည် ကမ္ဘာသူ ကမ္ဘာသားတို့အား ဘုရားရှင်၏ တရားစစ် တရား မှန်ကို သိရှိနိုင်စေရန် ထိုထိုသော အင်္ဂလိပ် ဘာသာဖြင့် ရေး သားထားသောအမှားများကို အမှန်သို့ရောက်လာရန် အထူး ကြိုးစားတော် မူကြပါကုန်၊ ရရှိမည့် အကျိုးကား သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ အတိုင်းပင်တည်း။

လူမျိုးဂုဏ်

လောကီ လူမျိုးရေးအားဖြင့် ကြည့်သည်ရှိသော် အင်္ဂလိပ် စာအုပ်စာတမ်းများ ရေးသားချက်အားဖြင့် ဗမာ လူမျိုးတို့ အထွဋ်အထိပ်ဟူ၍ ထားသော ဂေါတမဆိုသူမှာ ဘာမျှမထူး

ပါတကား၊ ထိုဘာမျှ တန်ခိုး သတ္တိ မရှိသူကို ကိုးကွယ်ကြ သော ဗမာသည် သူတို့ ဘုရားကို သူတို့ တယ်အထင် ကြီးကြ ပါကလား။

ဤ၌ ဗမာအထင်နှင့် သူတို့အထင် ကွာခြား ရပုံမှာ ဗမာ ဘတ်ရှသော ပါဠိတော်နှင့် သူတို့ ဘတ်ရှရသော အင်္ဂလိပ် စာ ကွာခြားခြင်းတို့ကြောင့် ဖြစ်ရလေသည်။

ဘာမဟုတ်တဲ့ ဂေါတမကို အထင်ကြီးနေသော ဗမာတစု ကို ငါတို့ ဘာမှုရပါအုံးနည်း၊ ငါတို့ဘာသာလောက်မှ အဘိုး မတန်သည်ကို ဗမာတွေ အထင်လွဲလှချေ၏ တကားဟု ဗမာ ကို ကမ္ဘာက အထင်သေးဘွယ်ရှိ၏။

ထိုအတူ လူမျိုးခြားက ဗမာကို အထင်သေးပုံကို မရိပ်မိဘဲ လျက် ကျွန်တော်တို့ကလည်း လူမျိုးခြားတွေကို သနားလျက် ရှိနေပြန်သေး၏။

၁၉၀၇-ခုနှစ်တွင် **D.T.Suzuki** ဒီ-တီ-စူဇူကီ အမည် ရှိသော ဂျပန် ဗုဒ္ဓဘာသာတဦးသည် ၎င်းတို့ ကိုးကွယ်သော အယူဝါဒ မဟာယန ဗုဒ္ဓဘာသာကို ကမ္ဘာက အထင်အမြင် မလွဲရစေရန် **Mahayana Buddhism** ခေါ် စာအုပ် တအုပ် လန်ဒန်မြို့ **Luzac and Company** တွင် ရိုက် နှိပ် ထုတ်ဝေ ရောင်းချခဲ့ဘူးရာ အင်္ဂလိပ်စာများမှာ အလွန် လွယ်ကူစွာ သုံးနှုံးထားသဖြင့် များစွာ ထမြောက် အောင်မြင် ခဲ့ဘူး၏။

ထိုအတူ လွတ်လပ်ပြီးဖြစ်သော ဗမာလူမျိုးတို့သည် တဦးထည်းက မတတ်နိုင်စေကာမူ အင်္ဂလိပ် စာ တတ် များနှင့် ဘုရားရှင်၏တရားတော်ကို နိုင်နင်းသောပုဂ္ဂိုလ်များ ဇုပေါင်း၍ ဆောင်ရွက် လိုက်ရပါလျှင် လောကီ,လောကုတ္တရာ ၂-ဖြာသောအကျိုး ဗမာများရရှိနိုင်ရုံမက ကမ္ဘာသူ ကမ္ဘာသားတို့လည်း မှန်ကန်သောတရားကို ရရှိနိုင်လေသည်၊ ယင်းသို့ဖြေဆို ရှင်းလင်းပေးမှသာလျှင် ဗမာ၏ အခြေအနေ အမှန်ကိုလည်း ကမ္ဘာက သိရှိနိုင်ပေလိမ့်မည်။

အစိုးရမှာလည်း ဗုဒ္ဓဘာသာတရားကို သက်ဝင် ယုံကြည်သူများဖြစ်ရကား အစိုးရ အကူအ ညီ ရရှိ ပါ က မကြာမီ အတွင်း ဤကိစ္စ ထမြောက် အောင်မြင်ဘွယ် ရှိပေကြောင်း စေတနာကောင်းဖြင့် အကြံပေးစကား ထည့်သွင်း ရေးသားလိုက်ရပါကြောင်း။

ဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

ဒါနထက် သီလမြတ်၏၊ သီလထက် ဘာဝနာမြတ်၏၊ ဒါနသည် ပေးလှူသောသူအား ချမ်းသာသုခကို ပြန်လည်ရရှိစေ၏၊ ဥစ္စာပစ္စည်းနှင့် ပြည့်စုံစေ၍ လူ့စည်းစိမ်ကို ရရှိ၏၊ ဒါနပြုရာတွင်-

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆामိ။
(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၃) သံဃံ သရဏံ ဂစ္ဆာမိ။

ဟု ဆိုသော (ဗုဒ္ဓဘာသာ) တရားခ္ပ ရှေးဦးစွာ အခရေးအကြီးဆုံးဖြစ်သော ရတနာ ၃-ပါးကို ယုံကြည်ခြင်း၊ ကံနှင့် ကံ၏ အကျိုးကိုယုံကြည်ခြင်းတို့ဖြင့် ပြည့်စုံကာ လှူဒါန်းသော အလှူဒါနနှင့် ဤသို့ ရတနာ ၃-ပါးဂုဏ်ကို ယုံကြည်ခြင်းမရှိ၊ ကံနှင့် ကံ၏ အကျိုးကို ယုံကြည်ခြင်းမရှိဘဲ ပေးလှူသောအလှူတို့ခ္ပ အကျိုးပေးရာတွင် မတူနိုင်ကြချေ။

ထိုထက် လှူဒါန်းပေးကမ်းသောအခါ မလှူမီ ရှေးအဘို့က ရတနာ ၃-ပါးနှင့်တကွ ၀ါးပါးသီလကို ခံယူဆောက်တည်

ပြီးလျှင် လှူဒါန်းသော အလှူဒါနသည် ပို၍အကျိုးကြီးလှပေ၏၊ အကြောင်းသော်ကား ဘုရား,တရား,သံဃာ ရတနာသုံးပါးကို ယုံကြည်လေးစားခြင်းနှင့် သီလ၏ စင်ကြယ်မှု ရှိခြင်းတို့ကြောင့် သရဏဂုဏ် သုံးပါးနှင့်တကွ (ပဉ္စ သီလ) ငါးပါးသီလကို ခံယူဆောက်တည်ပြီးလျှင် လှူရသောဒါနသည် ပို၍မြတ်၏၊ လွန်ကဲသော အကျိုးကျေးဇူး ခံစားရ၏၊ ထိုကြောင့် လှူဘွယ်ဝတ္ထုတခုခုကို လှူဒါန်းကြရာ၌ ဆရာတော်များသည် ဒါယကာ ဒါယိကာမများ ပိုမိုအကျိုးကျေးဇူး ခံစားရရှိစေရန် ပဉ္စမ(ပဉ္စသီလ)ငါးပါးသီလကို ခံယူဆောက်တည်စေပြီးမှ လှူဒါန်းခြင်းကိစ္စကို ပြုလုပ်ကြရခြင်း ဖြစ်လေသည်။

ဤတွင် ဒါနသဘော သဘာဝ စေတနာ သဒ္ဓါတရားနှင့် လှူဒါန်းနိုင်ရန် အနည်းငယ်ဖော်ပြပေအုံ့၊ အလှူဒါနပြုရာတွင် ဒါနသုံးမျိုးရှိ၏။

(၁) ဒါန ဒါသ
(၂) ဒါန သဟာယ
(၃) ဒါန သာမိ။

ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင်-

(၁) ဒါန ဒါသ-ဆိုသည်မှာ မိမိ၌ ရှိ သ ည် တို့ အနက် မကောင်းသည့် ပစ္စည်း အရာဝတ္ထု၊ စားဘွယ် သောက်ဘွယ် တို့ကို ရွေး၍ ပေးဝေ လှူဒါန်းခြင်းသည် ဒါန ဒါသ မည်၏၊ ညံ့လှသော အလှူဒါနဖြစ်၏၊ အကျိုးပေးရာတွင် စည်းစိမ်

ချမ်းသာ ပြည့်စုံပါလည်း အစဉ်စိတ်ပူပင်နေရ၏၊ သားသမီး ကျေးကျွန်တို့မှာလည်း ယုတ်မာသော သားသမီး ကျေးကျွန်တို့ကိုသာ ရရှိရ၏၊ မိမိအား အ စဉ် တော် လှန် နေ သည် ကို ခံရ၏။

(၂) ဒါန သဟာယဆိုသည်မှာ မိမိနှင့်တန်းတူစားဘွယ် သောက်ဘွယ် စသည်တို့ကို လှူဒါန်းခြင်းဖြစ်၏၊ အကျိုးပေး ရာတွင် ဒါန ဒါသထက် မြတ်၏၊ မိမိနှင့်တန်းတူ သားသမီး ကျေးကျွန်ကို ရရှိ၏။

(၃) ဒါန သာမိဆိုသည်မှာ လှူဒါန်း ပေးကမ်းရာ၌ မိမိ သုံးစွဲသည်ထက် ကောင်းနိုးရာရာကို ရွေးချယ် ပေးဝေလှူဒါန်း ခြင်းဖြစ်၍အထက်ဒါန ၂-မျိုးထက်အကျိုးပေးရာ၌ ပိုမိုအကျိုး ကျေးဇူး ခံစားရ၏၊ ဥစ္စာစည်းစိမ် ကြွယ်ဝ ချမ်းသာ၏၊ သား သမီး ကျေးကျွန်မှစ၍ အရိအသေ အလေးအမြတ် ပြုခြင်းကို ခံရ၏၊ စည်းစိမ်ဥစ္စာအတွက် စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်းမရှိ ချေ၊ထိုမှတဖန် တမျိုးသောဒါန အကျိုးပေးကိုဖော်ပြရသော် ပေးဝေ လှူဒါန်းရာ၌-

အလှူစေတနာ ၃-မျိုး

(၁) ဟိန စေတနာ
(၂) မဇ္ဈိမ စေတနာ
(၃) ပဏီတ စေတနာ

ဟူ၍ ၃-မျိုးရှိပြန်၏၊ ထို ၃-မျိုးတွင်-

(၁) လူမည့်ဆဲဆဲ လက်ရှိအချိန် အခါ အတွင်း၌ အကျော်အစော ချီးမြှောက်ခြင်းကို အလိုရှိ၍ ပေးဝေသော အလှူဒါနမျိုးသည် (ဟီန)စေတနာ မည်၏။

(၂) ရှေလာမည့် ဘဝများတွင် ကြွယ်ဝ ချမ်းသာခြင်းကို အလိုရှိ၍ ပြုသော အလှူဒါနသည် (မဇ္ဈိမ)စေတနာမည်၏။

(၃) ဇာတိ,ဇရာ,မရဏ,သောကပရိဒေဝ စသည့်ဘေးတို့သည် ဘဝတိုင်း ဘဝတိုင်းတို့၌ ကျရောက်ကုန်၏၊ ထိုဘေးအပေါင်းတို့မှ ကင်းဝေးစေသော (မဂ်)တရား (ဖိုလ်)တရားကို ရရှိရေးတွင် ဒါန,သီလသည် အကြီးဆုံးသော အထောက်အပံ့များ၌ အပါအဝင် ဖြစ်ခြင်းကြောင့် ပေးဝေ လှူဒါန်းခြင်းသည် ဝါ-ခန္ဓာ ၅-ပါးကို ငြီးငွေ့သောစိတ်ဖြင့် ရပ်ဓမ္မ, နာမ်ဓမ္မ ခန္ဓာ ၅-ပါးအပေါ်၌ အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာ ဘာဝနာ တင်၍ ဆင်ခြင် ပေးဝေ လှူဒါန်းခြင်းသည် အမြတ်ဆုံး (ပဏီတ)စေတနာဒါန ဖြစ်၏၊ တနည်းသိစေဦးအံ့။

သူတပါးအလှူ

သူတပါးအလှူ၌ မိမိက စေတနာ သဒ္ဓါတရားဖြင့် ကူညီခြင်းသည်လည်း ကြီးစွာသော အကျိုးကို ရရှိစေ၏၊ သုတ်မဟာဝပါဠိတော်၊ ပါယာသိရာဇညသုတ်၌ လာရှိသည်မှာ မင်းကြီးသည် ပေးဝေလှူဒါန်းရာ၌ ကိုယ်တိုင် မပေးလှူ၊ တပါးသူကိုသာ စေခိုင်းလေ့ရှိ၏။

ထိုအခါ အလှူကိစ္စ ဝေယျာဝစ္စ ဆောင်ရွက်ရသော ဥတ္တရအမည်ရှိသူသည် မင်းကြီးစေခိုင်းသည့် အလှူကို တိကျ ရှိသေ

လေးစားစွာ ဆောင်ရွက်ပေးဝေ လှူဒါနိုးခြင်းကြောင့် အကျိုးပေးရာ၌ အလှူရှင်ဖြစ်သော မင်းကြီးကား စတုမဟာရာဇ်ဘုံ၌သာ နတ်သားဖြစ်ရ၏၊ ဥတ္တရလုလင်မှာ မူကား စတုမဟာရာဇ်ဘုံ၏ အထက်ဖြစ်သော တာဝတိံသာဘုံ၌ နတ်သားဖြစ်ရလေ၏။

အခါတပါး၌ ဂဝံပတိ အမည်ရှိသော ရဟန္တာမြတ်သည် ကုက္ကိုပင်နတ် ဖြစ်နေသော ထိုပါယာသိ ရာဇညမင်းကို တွေ့မြင်သောအခါ ရဟန္တာ အရှင်မြတ်က ''သင်နတ်သည် လူဘဝက မိစ္ဆာအယူ ရှိသော ပါယာသိမင်း မဟုတ်တုံလော၊ အသို့လျှင် ဤနတ်ဗိမာန်သို့ ရောက်ရှိ နေသနည်း'' ဟု မေးတော်မူ၏။

ထိုအခါ ကုက္ကိုပင်၌ နတ်ဗိမာန်ကို ရရှိနေသော (ပါယာသိရာဇည) နတ်က လျှောက်သည်မှာ ရှေးအဘိုးကမူ မိစ္ဆာဒိဋ္ဌိအယူကို ယူမိခဲ့ပါသည်ဘုရား၊ နောင်သော အခါ၌ အရှင်ကုမာရကဿပ မထေရ်မြတ်၏ တရားတော်ကို နာကြားရသဖြင့် မိစ္ဆာဒိဋ္ဌိ အယူကို စွန့်လွှတ် လိုက်ပါ သည် ဘုရား ဟု လျှောက်ထား၏။

ထိုအခါ ရဟန္တာအရှင်မြတ်က ဆက်လက် မေးပြန်သည်မှာ အသင်နတ်၏ အလှူကို စိမ်အုပ်စီးကာ အလှူပေးဝေရှာသော ဥတ္တရလုလင်သည်ကား အဘယ်၌ ရောက်ရှိနေသနည်း ဟု မေးပြန်၏။

အရှင်ဘုရား ဥတ္တရလုလင်မှာမူ သူတပါး၏ အလှူပင် ဖြစ်လင့်ကစား စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် သက္ကစ္စ ဒါနစသည့် ဒါနအင်္ဂါနှင့်လျော်ညီစွာ ပြုလုပ်ဆောင်ရွက်ခြင်းတို့ကြောင့် အထက်တန်းကျသည့် တာဝတိံသာ နတ်ပြည်သို့ရောက်ရှိ နေ ပါ သည် ဘုရား ဟု ပါယာသိရာဇည နတ်က လျှောက်ထားပြီး နောက်ထပ် ဆက်လက်ကာ အောက်ပါ အတိုင်း လျှောက်ထား ပြန်၏၊ အရှင်ဘုရား လူ့ ပြည်သို့ ရောက်၍ လူအများနှင့် တွေ့သောအခါ-

သက္ကစ္စဒါနံ ဒေထ
သဟတ္ထာဒါနံ ဒေထ
စိတ္တိ ကတံ ဒါနံ ဒေထ
အနုပဝိဒ္ဓံ ဒါနံ ဒေထ။

စသော သဘော သဘာဝကို ကောင်းစွာ နားလည် စေ၍ အကျိုးပေးရာ၌ အစွမ်းကုန် အကျိုးခံစားနိုင်ရန် ဟောပြောတိုက်တွန်းပေးပါ အရှင်ဘုရားဟု ပါရာသိရာဇည နတ်သားက လျှောက်ထား တောင်းပန်လိုက်၏။

တနည်းလည်း ဖေါ်ပြဦးအုံ့။

အချို့တို့သည် သူတပါးအလှူ၌ ကောင်းမြတ်သောစိတ်ကို မမွေးမြူနိုင်၊ မကောင်းသော စိတ်ညံ့, စိတ်ယုတ်မာကို သာ မွေးမြူလေ့ရှိကြကုန်၏၊ အချို့တို့သည်ကား သူတပါး အလှူ အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်၏၊ စိတ်ကောင်းရှိ၏၊ ထိုသူ

၂-မျိုးတွင် နေရင်းထိုင်ရင်း အကျိုးပေးရာ၌ အလွန် ကွာခြားကြကုန်၏။

အခါတပါး ဘုရားရှင် လက်ထက်တော်၌ ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့သည် အသဒိသ အလှူကြီးကို ပေး၏၊ အသဒိသ အလှူဆိုသည်မှာ ဘုရားရှင် တဆူလျှင် တကြိမ်မျှသာ ဖြစ်ပေါ်သော အလှူတော်ကြီး ဖြစ်၍ ၁၄-ကုဋေမျှ တန်ဘိုးရှိသော အလှူကို တနေ့ထည်းအတွင်း ပေးလှူရခြင်း ဖြစ်၏။

ထိုအသဒိသ အလှူကြီးကို ကာလအမည်ရှိသော အမတ်ကြီးသည် ကောင်းသော စိတ်ကို မထားနိုင်၊ မရှုစိမ့် မနာလိုခြင်းရှိသောစိတ် ဖြစ်နေခြင်းကြောင့် လက်ရှိ စည်းစိမ်မှ ယုတ်လျော့ကျဆင်း သွားရှာ၏။

ထိုအလှူကြီး၌ပင် ဇက္ကာ အမည်ရှိသော အမတ်ကြီးသည် မွန်မြတ်သော စိတ်ထားဖြင့် ဝမ်းမြောက် ဝမ်းသာရှိလှသဖြင့် ဒိဋ္ဌမျက်မှောက်ဘဝ၌ပင် အကျိုးကျေးဇူးကို ကြီးစွာခံစားရ၏၊ ရင်းအမတ်ကြီး ၂-ဦးအကြောင်းကား ဤသို့တည်း။

တနေ့ခြင်းဖြင့် ၁၄-ကုဋေ အကုန်ခံ၍ လှူအပ်သော ကောသလ မင်းကြီး၏ အသဒိသ အလှူတော်ကြီးတွင် ကာလ အမတ်သည် ဤသို့အကြံဖြစ်၏၊ သြော်-မင်းကြီးသည် တရက်ခြင်းမျှဖြင့် ဤသို့သော အလှူကြီးကိုပြု၍ ပစ္စည်းဥစ္စာကို ယုတ်လျော့ပျက်စီးစေ၏၊ ဤရဟန်းတို့သည်ကား ဆွမ်းထမင်းကို ကောင်းစွာ စားသောက်၍ ဇီဝမရှိရှိဖြင့် အိပ်စက်ကြကုန်လတ္တံ့၊

သြော်....မင်းကြီးသည် ဆုံးရှုံး ပျက်စီးရ ရှာလေပြီ တကားဟု မကောင်းသော နှလုံးသွင်းခြင်းဖြင့် အောက်မေ့၏။

ဇာတ်အမတ်သည်ကား ဤသို့အကြံသည် ဖြစ်၏၊ သြော်.... ဤမျှ ကြီးကျယ်လှသော အလှူတော်ကြီးကို မင်းကြီး ပေးလှူတော်မူ၏၊ မင်းကြီးဖြစ်ခြင်းကြောင့် သာလျှင် ဤမျှကြီးကျယ်သော အလှူကြီးကို ပြုနိုင်ဘိ၏၊ သာမန်လူတို့ကား မပြုလုပ်နိုင်ရာ၊ သြော်....ဤမင်းကြီး ဤသို့ ကြီးကျယ်လှသော အလှူကြီးကို ပေးဘိသဖြင့်လည်း ငါသည် ဤမျှ ဝမ်းမြောက် ဝမ်းသာဖြစ်ရဘိ၏ဟု အကြံသည်ဖြစ်၏။

မြတ်စွာဘုရားရှင်သည် ဤအမတ် ၂-ယောက်၏ အကြံဖြစ်ပုံကို သိတော်မူ၏၊လှူဘွယ်ကိစ္စကြီးပြီးသောအခါ မြတ်စွာဘုရားရှင်သည် တရား အနုမောဒနာ ပြုရာ၌ ရှည် လျားစွာ တရား အနုမောဒနာမပြုမူ၍ အနည်းငယ်မျှသာဟောပြော်လျက် ကျောင်းတော်သို့ ကြွတော်မူ၏။

ထိုသောအခါ ကောသလ မင်းကြီးသည် လျှောက်ပတ်သင့်လျော်သော အနုမောဒနာကို ဘုရားရှင် မပြုခြင်းကြောင့် စိတ်မချမ်းမြေ့ဘဲ ကျောင်းတော်သို့ လိုက်သွားကာ မြတ်စွာဘုရားရှင်အား အရှင်ဘုရား အဘယ်သို့ ချီယွင်းမှု ရှိပါသဖြင့် အရှင်ဘုရားသည် ဤမျှကြီးမားသော အသဒိသ အလှူတော်ကြီးကို သင့်တော် လျှောက်ပတ်သော အနုမောဒနာ တရားဖြင့် တပည့်တော် အား မချီးမြှင့် ပါသနည်း ဟု လျှောက်ထား၏။

ထိုအခါဘုရားရှင်က မိန့်တော်မူသည်မှာ ငါသည် သင်၏ အသဒိသ အလှူကြီးကို သင့်တင့် လျောက်ပတ်စွာ အနုမောဒနာ ပြုခဲ့သော် သင်၏ ကာလ အမည်ရှိသော အမတ်၏ ဦးခေါင်းသည် ၇-စိတ် ကွဲမည်ကို ငါဘုရား မြင်တော်မူ၏၊ တဘက်တွင် သင်၏ ဇကာအမည်ရှိသော အမတ်သည် သောတာပတ္တိ ဖိုလ်သို့ ဆိုက်မည်ကိုလည်း ငါဘုရား မြင်တော်မူ၏၊ ထိုသို့ဖြစ်စေ ကာလ အမတ်ကိုင့်၍ ငါဘုရားရှင်သည် ထိုက်သည့် အားလေ လျှော် စွာ တရား အနုမောဒနာကို မပြုခဲ့ခြင်း ဖြစ်၏၊ တကာ မင်းကြီး၏ အလှူ၌ကား အပြစ်မရှိဟု မိန့်တော်မူ၏။

ဤသို့ ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ဟုတ်မဟုတ်ကို မင်းကြီးသည် အမတ် ၂-ယောက်တို့အား မေးလတ် သော် ဟုတ်မှန်ကြောင်းကို ဝန်ခံကြကုန်၏၊ ထိုအခါ မင်းကြီးသည် ကာလ အမတ်၏ စည်းစိမ်ကို သိမ်း၍ ပြည်မှ နှင်ထုတ်၏၊ ဇကာ အမတ်ကိုကား ဥ စွာ ပ စ္စ ည် း တို့ ဖြင့် တိုးတက်စေ သည်သာမက မင်း၏ စည်းစိမ်ကို ၇-ရက် လွှဲအပ်၍ အလိုရှိတိုင်း လှူ၊ခွင့်ကို ပြုတော်မူခဲ့ဘူး၏၊(ဓမ္မပဒ)၊ ထိုကြောင့် သူတပါးကုသိုလ်ပြုရာတွင် မိမိ အကျိုးရှိပါစေရန် စိတ်ကောင်းထားတော်မူကြပါ၊ စိတ်ကောင်းထားလျှင် နေရင်း ထိုင်ရင်း အကျိုးကျေးဇူးခံစားရ၍ ထိုသို့စိတ်ကောင်း မထားခဲ့သော် နေရင်း ထိုင်ရင်း အကျိုး ယုတ်လျော့သည်ကို အထူးသတိပြုတော်မူကြပါကုန်။

ဤ၌ ကာလအမတ်တဦးကြောင့် အသဒိသ အလှူကြီးကို ပြုပါလျက် ကောသလ မင်းကြီးနှင့်တကွ ပရိသတ် အပေါင်းတို့မှာ တရား အနုမောဒနာကို ကောင်းစွာ မနာကြားရရုံမျှ မက ဇုဏ္ဏ အမတ်သည်လည်း သောတာပန် မဖြစ်ရဘဲ အကျိုးပျက်စီးရ၏။

ထိုကြောင့် ဘုရား ရှင်သည် အသဒိသ အလှူရှင်ဖြစ်သော ကောသလ မင်းကြီးအား ဟောတော်မူသည်မှာ-

> မင်းကြီး....လူမိုက်တို့မည်သည်ကား သူတပါး၏ အလှူကို နှစ်သက် ဝမ်းမြောက်ခြင်း မပြုနိုင်သဖြင့် ဒုဂ္ဂတိသို့သာ,လားစရာ ရှိရှာကြ လေကုန်၏၊ ပညာရှိတို့ သည်ကား သူတပါး အလှူကိုသော်လည်း နှစ်သက် ဝမ်းမြောက်၍ နတ်ပြည် သို့သာ လားစရာ ရှိကုန်၏ဟု မိန့်တော်မူ၏။ (ဓမ္မပဒ)

ထိုကြောင့် သူတပါး၏အလှူတွင်မိမိကကူညီနိုင်သမျှကူညီ၍ ဝမ်းသာနိုင်သလောက် ဝမ်းသာပါလေ၊သူတပါး အလှူတွင် မိမိအတွက် အကုသိုလ် မဖြစ်စေရန် အထူး သတိပြုတော်မူပါ။

ထိုမှတပါး မိမိဒါနပြုရာတွင် စေတနာ သဒ္ဓါတရား ရှိနိုင်သလောက် အားသွန် ထည့်သွင်းကာ လှူဒါန်းပါ၊ မလှူမီ ရှေးအဘို့၌ သရဏဂုဏ် ၃-ပါးနှင့်တကွ ၅-ပါးသီလကို ခံယူ

ဆောက်တည်ပါ၊ လူခါနီးတွင် လူဘွယ် ဝတ္ထုသည် အနိစ္စ ဖြစ်ပုံ ဒုက္ခဖြစ်ပုံ အနတ္တဖြစ်ပုံကို ဆင်ခြင်ပါ၊ ထိုအတူ အလှူခံ ပုဂ္ဂိုလ် သည်လည်း နာမ် နှင့် ရုပ်မျှသာရှိ၍ ထိုနာမ်ရုပ် တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပုံတို့ကို ဝိပဿနာ တင်၍ ဆင်ခြင် ပွားများပြီးကာ လှူဒါန်းပါလေ၊ ဤသည်ကား ဒါန, သီလ, ဘာဝနာ တခါတည်း ရရှိရုံမျှမက ပြန်လည်ရရှိမည့် အကျိုး ကား အဘိုးမဖြတ်နိုင်ပေ၊ ဝိပဿနာတင်၍ ဆင်ခြင် ပွားများ နည်းတို့ကို ရှေ့တွင်တွေ့ရှိရလတံ့။

ထိုမှတပါး သဘာဝမွှေကို ဖေါ်ပြရ မြန်သော် အလှူ တကာတို့တွင် တရားတည်း ဟူသော အလှူကို ပေးလှူရခြင်း သည် အခြားအခြားသော အလှူတို့ထက် မွန်မြတ်ကြောင်းကို ဘုရားရှင်သည်-

(၁) သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။
(၂) သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။

(၁) ဓမ္မဒါနံ၊ တရား တည်းဟူသော အလှူသည်။ သဗ္ဗ ဒါနံ၊ ခပ်သိမ်းသော အလှူကို။ ဇိနာတိ၊ အောင်၏။

(၂) ဓမ္မရသော၊ တရားတည်း ဟူသော အရသာသည်၊ သဗ္ဗရသံ၊ ခပ်သိမ်းသော အရသာကို။ ဇိနာတိ၊ အောင်၏။

ဤတွင် ဓမ္မပဒ၌ လာသည်ကို အတိုချုပ်ဖေါ်ပြရသော် လှူ ဘွယ်ဝတ္ထုတို့ကိုပြဟ္မာပြည်ဆိုထိအောင်ဆင့်၍လှူသော်လည်း

တရားတော်တဂါထာကို ဟောပြောလှူဒါန်းရသည်၏ ၁၆-စိတ်-စိတ်၍ တစိတ်ကိုပင် မမှီနိုင်၊ အနာထပိဏ် စသော သူဌေး ကြီးများ ဆောက်လုပ် လှူဒါန်းအပ်သော အဘိုးများစွာ ထိုက်တန်သော ကျောင်းကြီး များကို ဆောက်လုပ် လှူဒါန်း ကြရသည်ထက် ၄-ပဒမ္ပ ရှိသော ဂါထာတရား တော်ကို ဟောပြော ရခြင်းက ပို၍ မွန်မြတ်၏၊ အကျိုးကြီး ပေ၏၊ အကြောင်းတမူကား ဘုရားပစ္စေကဗုဒ္ဓါကိုဖယ်ထား၍ တကမ္ဘာ ပတ်လုံး ရှာသွန်းသော မိုးဥ ရေပေါက် တို့ကို ရေတွက်ခြင်းငှာ စွမ်းနိုင်တော် မူသော ပညာသခင် အရှင်သာရိ ပုတ္တရာ ကိုယ်တော်မြတ်ကြီး ပင်လျှင် မိမိ သဘော အားဖြင့် သောတာပတ္တိဖိုလ်စသည်တို့ကို ရခြင်းငှာ မစွမ်းနိုင်၊ အသင်ဗိမထေရ်မြတ် ဟောကြားတော် မူအပ်သော တရား တော်ကို နာကြားရမှသာ သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုတော်မူနိုင်၏ဟု လာရှိ၏၊ ထိုကြောင့် စေတနာ သဒ္ဓါတရား ကောင်းစွာထား၍ မိမိသိရှိထားသော တရားတော်ကို သူတပါးအား ဟောကြား ပြသတော်မူနိုင်ရန် အထူးကြိုးစားတော် မူပါလေ။

ဥစ္စာ ပစ္စည်းကို လူတို့သည် ရှာဖွေ စုဆောင်း ကြကုန်၏၊ အဘယ်ကြောင့် ရှာဖွေ စုဆောင်းသနည်းဟူမူ လှူဒါန်းပေး ကမ်းရန်နှင့် မိမိသုံးစွဲရန် ဖြစ်၏၊ ထိုအတူ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်များကို မိမိလိုက် နာပြုကျင့်ရန်နှင့် သူတပါးအား ဟောပြောပေးဝေ လှူဒါန်း နိုင်ရန် တတ်နိုင်သမျှ ကျက်မှတ်တော်မူကြပါ။

ယင်းသို့ ပါဠိတော်များကို အထူးကြိုးစား သင်အံ့လေ့ကျက်ပြီးလျှင် မိမိကိုယ်တိုင်လည်း လိုက်နာကျင့်သုံးပါ၊သူတပါးကိုလည်း စေတနာ သဒ္ဓါတရား ကောင်းစွာ ထား၍ ဟောပြောတော်မူကြပါ။

ကိုမှတပါး သတိပြုတော်မူရန် တရပ်မှာ သူတပါး တရားဟောရာတွင်လည်း မိမိက မရှစိမ့် မနာလိုဝန်တို သဘောနှလုံး မသာမယာ ငြူစူ စောင်းမြောင်းခြင်းကို မပြုပါလေနှင့်၊ အကယ်၍ ပြုမိချေသော် အထက်တွင် ပြဆိုခဲ့သော အသဒိသ အလှူတွင် စိတ်ထားမတတ်သဖြင့် ပျက်စီးရှာသော(ကာလ) အမတ်ကဲ့သို့ အကျိုးဆုတ်ယုတ်နစ်နာခြင်း ခံရမည်ကို သတိပြုအပ်၏၊ ထို့အတူ ၎င်းအသဒိသ အလှူကြီး၌ပင် စိတ်ထားတတ်၍ မိမိလှူဒါန်းရာတိသကဲ့သို့ ဝမ်းသာ ရွှင်လမ်းရှိခြင်းကြောင့် ဇာတ်အမတ်ကဲ့သို့ နှေးခြင်းညှင်းပင် အကျိုးကျေးဇူးခံစားရမည်ကို သတိပြုအပ်၏။

ထိုမှတဖန် ဓမ္မသဘာဝကိုဆက်ရပြန်သော် သူတပါး ရေးသားအပ်သော တရားဓမ္မစာအုပ်များကို မနာလိုသော စိတ်သဘောဖြင့်ရင်း၊ အတ္တုက္ကံသန- မိမိ ကိုယ် ကို ချီး မြှောက်ပလွှားလိုသော စိတ်အားဖြင့်ရင်း၊ ပရဝမ္ဘန- သူတပါးအား ချီးနှိမ်လိုသော သဘောဖြင့်ရင်း၊ သူတော်ကောင်းတို့ မနှစ်လိုသော အပြုအမူများကို မပြုလုပ်သင့်သည်ကိုလည်း သတိပြုအပ်၏၊ အကယ်၍ ပြုလုပ်မိသော် ဓမ္မနိယာမ အတိုင်း အသဒိသ အလှူတွင် ကာလ အမည်ရှိသော အမတ်ကဲ့သို့ မိမိ၌ အကျိုးယုတ်၍ မွန်မြတ်သော သူတော် ကောင်း စိတ်ထား

မိသော် ဇာတ္တ အမည်ရှိသော အမတ်ကဲ့သို့ နေရင်း ထိုင်ရင်း အကျိုးများရာ၏။

အချို့တို့သည် မိမိ၏ သီလဂုဏ်, သမာဓိဂုဏ် စသည့် ဂုဏ်ပုဒ်တို့နှင့် များစွာကွာခြားလှသော အဌကထာဠီကာ ဆရာမြတ်တို့ကိုပင် အလေးမမူ ပျက်ရယ် ပြုကြသည်မှာ များစွာဝန်လေးဘွယ်ရှိ၏၊ အထက်ကျော်ကာရိက ဆရာတော်ကြီးများသည် အဌကထာဠီကာ အရှင်တို့၏ ကျမ်းဂန်နှင့် ပါဠိတော်မှာ သဘော ကွဲလွဲ နေချက်ကို တခါတရံ တွေ့ရှိတော်မူ ကြ သော အခါ အဌကထာ ဠီကာရှင်များ၏ သီလဂုဏ်, သမာဓိဂုဏ်စသော အကျင့်သိက္ခာတော်မြတ်များကို ကြည်ညိုလေးစားပြီးကာ မိမိ မကြိုက်လျှင် မယူဘဲသာ ထားကြ၏၊ တပည့်တပန်းများအား ဤနေရာတွင် ပါဠိတော်၌ ဤသို့လာရှိ၏ဟု မျှသာ ဖော်ပြ၍ အဌကထာ ဠီကာ ဆရာရှင် များကို ပုတ်ခတ်ကဲ့ရဲခြင်းများ ပြုတော်မူခြင်း မရှိကြချေ၊ ထိုသို့ကဲ့ရဲရှုတ်ချခြင်း မပြုရုံမျှမက မိမိ၏ တပည့်တပန်းများအားလည်း မိမိတို့ဆရာများ ကျေးဇူးရှင်များဖြစ်ကြကုန်သော အဌကထာ ဠီကာရှင်များ၏ သီလဂုဏ်, သမာဓိဂုဏ်များကို မကြည်ညိုမလေးစားနိုင်ဘဲ အတ္တုတ္ကံသန ပြုလုပ်ကြပါက လောကဌ်ပင် ဆုတ်ယုတ် ပျက်စီးခြင်း ဖြစ်တတ်၏ ဟု ဆိုဆုံးမတော် မူကြ လေသည်။

အထက်ပါ သဘာဝဓမ္မ နိယာမ အတိုင်းပင် သူတပါး စည်းစိမ်တိုးခြင်း၊ ရာထူးတိုးခြင်း၊ ကျော်စောသတင်း ဖြစ်ခြင်းတို့အပေါ်တွင် မနာလိုသော (ဣဿာ)စိတ်ထားကို ဝေးစွာ ရှောင်ဖယ်တော်မူကြပါ၊ မိမိ၏ ဣဿာတရားသည် ထိုသူ၌

ဆုတ်ယုတ်နစ်နာခြင်း မဖြစ်သော်လည်း မိမိ၌ကား ဤဇုသာတရား ကိန်းအောင်းနေစဉ် သူယုတ်မာ အဖြစ်သို့ ထိုအချိန်အခါတွင် ကျဆင်းနေရုံမျှမက ထိုအကုသိုလ်စိတ်၏ အကျိုးပေးမည်ကိုခံရရှာတော့မည်မှာ မလွဲတည်း၊ ထိုကြောင့် ဇုသာတရား ဖြစ်မည့်အစား (မုဒိတာ) စိတ်ထားကို များများကြီးပွားများနိုင်ကြပါစေသတည်း။

ထိုမှတပါး နိဂုံးချုပ်အားဖြင့် ဒါနအတွက် ကျက်မှတ်ကာ မိမိကိုယ်တိုင်လည်း အထူးကျင့်သုံး၍ အခြားပုဂ္ဂိုလ်များအားလည်း ဟောပြောအပ်သော မဃဒေဝ, ပုဏ္ဏောဝါဒ ခဏ်း၌ လာသော လက်ဘက်မှာ-

> လူ့ဘောင်ဌာန ဤလောက၌၊
> စိတ်ကကြည်စွာ၊စေတနာနှင့်၊
> သဒ္ဓါဝမ်းတွင်း၊ ပေးကမ်းခြင်း
> ကား၊ ရခြင်းထက်သာ၊ ဝမ်း
> မြောက်ရာ၏။

ထိုထက် အရေးကြီးသော အချက်ကား ဤဒါနခဏ်း အစဉ်ဖော်ပြခဲ့သော "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူသော ပါဠိတော်အရ အလှူတကာတို့တွင် အမြတ်ဆုံးဖြစ်သော တရားအလှူကို ဟောပြောလှူဒါန်းနိုင်ရန် ကြိုးစားတော်မူပါ၊ ထိုတွင် တဖန် သတိပြုတော်မူရန်ကား ဒါနခဏ်း, သီလခဏ်းများတွင်သာ ရပ်တန့် မနေမူ၍ ဝိပဿနာ ဘာဝနာ လုပ်ငန်းအထိ တိုးတက် ဟောပြောတော်မူကြပါကုန်။

ဣဒ္ဓတိ ဘိက္ခဝေ သီလဝတော
စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။

အဂ်ိတ္တိ၊ရ်ပါဠိတော်၊ အဋ္ဌနိပါတ်၊
ဟံသာဝတိ၊ တတိယတွဲ နှာ-၆၄။

ဘိက္ခဝေ၊ ရဟန်းတို့။ သီလဝတော၊ သီလရှိသောပုဂ္ဂိုလ်အား။ ဝိသုဒ္ဓတ္တာ၊ စိတ်၏ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ စေတောပဏိဓိ၊ စိတ်၏ တောင့်တခြင်းသည်။ဣဒ္ဓတိ၊ တောင့်တတိုင်း ပြည့်စုံ၏။

အထက်ပါ ပါဠိတော်အရ သီလရှိသူအား သီလ၏ ဂုဏ်ကျေးဇူးသတ္တိကြောင့် လူနတ်ကြည်ညို လေးစားခြင်းကိုခံရ၏၊ ထင်ပေါ်ကျော်စော၏၊ ဥစ္စာ ပစ္စည်းရှာဖွေသော် သီလဂုဏ်ကြောင့် လူယုံမျှားရ၍ တိုးတက်လွယ်၏၊ သီလ ဂုဏ် ကြောင့် ဆောင်ရွက်သမျှ လွယ်ကူစွာ ထမြောက် အောင်မြင်ပြီးစီး၏၊ အတိုချုပ်အားဖြင့် လိုအင်ဆန္ဒ ပြည့်ဝစေ၏ ဟူ၍ လာ၏။

ထိုမျှသာ မကသေး ထိုထိုသော ပါဠိတော်များတွင် သီလတန်ခိုးသတ္တိရှိပုံတို့ကို များစွာဟောတော်မူခဲ့၏၊ ထိုပါဠိတော်တို့မှ သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၌ သီလ

ရှိသဖြင့် အကျိုး ၅-ပါး ခံစားရပုံကို အတိုချုပ် သဘော အားဖြင့် ဖော်ပြပေအုံ့။

ပဠမေ ဂဟပတယော အာနိသံသာ
သီလဝတော သီလသမ္ပဒါယ။ ။

ဂဟပတယော၊ သူကြွယ်တို့။ သီလဝတော၊ သီလရှိသော သူ၏။ သီလသမ္ပဒါယ၊ သီလရှိမှု,သီလပြည့်စုံမှုကြောင့်။အာနိသံသာ၊ အကျိုးကျေးဇူး ရရှိပုံတို့မှာ။ ဇရမေပဠ၊ ဤငါးပါးတို့တည်း။

၁။ မမ့ေမလျော့ မပေါ့မတန်ခြင်းကြောင့် စည်းစိမ် ဥစ္စာ ရှေ့ဌေ ဘဏ္ဍာ တိုးတက်၏။

၂။ အကျင့် စာရိတ္တ ကောင်းသဖြင့် ကျော်စောသတင်း ပျံ့နှံ့ခြင်းသည်ရှိ၏။

၃။ မိမိသီလဂုဏ်ကြောင့် လာသမျှ လူပရိသတ်, မင်းပရိသတ်, ရဟန်းပရိသတ် အလယ်တွင် ကြောက်ခြင်း ကင်းလျက် ရှင်ပြကြက်သရေ ရှိသော မျက်နှာဖြင့် နေရ၏။

၄။ သီလ၏ သတ္တိဂုဏ် ကျေးဇူးကြောင့် သေခါနီးတွင် မတွေ့ဝေ၊ မိမိလေ့ကျင့်ခဲ့သော သီလကောင်းမှု ကုသိုလ်ကို ထင်မြင်၍ သေရ၏။

၅။ ဆောက်တည်ခဲ့သော သီလ အကျိုးကြောင့် သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ မရွှေ့တ် ရောက်ရှိရပေ၏။

ဤသို့ သီလရှိသူသည် လက်ငင်း ဘဝ၌သော်၎င်း၊ လာမည့်ဘဝ၌သော်၎င်း၊ အကျိုးကျေးဇူး ခံစားရလေသည်၊ ထိုမျှမက ၎င်းပါဠိတော်နှင့် ဆက်ကာ ဖော်ပြထားသည်မှာ သီလမရှိသော သူသည် အထက်ပါ အကျိုး ၅-ချက်ကို မရရှိသည့် သာမက ယခုဘဝနှင့် လာမည့်ဘဝ၌ အကျိုးယုတ်လျော့ပုံ ၅-မျိုးကိုလည်း ဖော်ပြထား၏၊ ၎င်း ၅-မျိုးကား-

၁။ အကျင့်သီလမရှိ မေ့လျော့ ပေါ့တန်မှုကြောင့် ဥစ္စာပစ္စည်း ဆုတ်ယုတ်ခြင်းသို့ ရောက်ရ၏။

၂။ အကျင့်သီလ မရှိသဖြင့် ကျော်စောခြင်း မဖြစ်နိုင်ဘဲ ကဲ့ရဲ့ခြင်းကိုသာ ခံရ၏။

၃။ အကျင့်သီလ ပျက်ပြားမှုကြောင့် ကြက်သရေမဲ့ကာ ပရိသတ်အလယ်သို့ ပွဲမတိုးရဲနိုင်ခြင်း။

၄။ အကျင့် သီလ မရှိမှုကြောင့် သေခါနီး၌ အားကိုးရာမဲ့ကာ တွေဝေသေရခြင်း။

၅။ သေသည်၏ အခြားမဲ့၌ ကောင်းရာ သုဂတိ ဘုံသို့ မရောက်ရှိဘဲ မကောင်းသူတို့သွားရာ အပါယ် ၄-ဘုံသို့လားရခြင်း။

ဤသို့လျှင်သီလရှိသူနှင့် သီလမရှိသူတို့သည် ယခုလက်ငင်း ဘဝ၌ သော်၎င်း၊ လာမည့် ဘဝ၌ သော်၎င်း၊ ကွာခြားစွာ ခံစားကြရပုံတို့တည်း၊ ထိုကြောင့် သီလကို မည်သည့်ပုဂ္ဂိုလ်မျိုးမဆို အထူးစောင့်ထိန်းအပ်လှပေ၏။

အခါတပါးခ္ဍ မဟာနာမ်သည် ဘုရားရှင်အား လျှောက်ထားသည်မှာ အရှင်ဘုရား အဘယ်မျှ အတိုင်းအရှည်ရှိသည်ကို သိလနှင့် ပြည့်စုံသည်ဟူ၍ သိမှတ်ရပါမည်နည်းဘုရားဟု လျှောက်ထားရာ အောက်ပါအတိုင်း သုရားရှင်မိန့်တော်မူ၏။

ယတောခေါ မဟာနာမ ဥပါသကော
ပါဏာတိပါတာ ပဋိဝိရတော ဟောတိ
အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ
ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ
မုသာဝါဒါ ပဋိဝိရတော ဟောတိ
သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ပဋိဝိရတော
ဟောတိ။

(သောတာပတ္တိမဟာဝဂ္ဂသံယုတ်)

မဟာနာမ၊ မဟာနာမ်။ ယတောခေါ၊ အကြင်ကြောင့်။ ဥပါသကော၊ ရတနာသုံးပါးကို ဆည်းကပ်သူသည်။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။

အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူတပါး၏ ဥစ္စာကို ယူခြင်းမှ၊ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။

ကာမေသု၊ ကာမဂုဏ်တို့၌။ မိစ္ဆာစာရာ၊ မှားသော မသူတော်တို့ ပြုကျင့်လေ့ရှိသော သူတပါး သားမယား တို့အား ပြုကျင့်ခြင်းမှ။ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ဟောတိ ဖြစ်၏။

သုရာမေရယမဇ္ဇပွဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ စေတတ်သော သေအရက်တို့ကို သောက်စားခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ဖြစ်၏။

ဤသို့လျှင် လူတို့သည် သီလနှင့် ပြည့်စုံ ရမည်ဟု ဘုရား ရှင်သည် သံယုတ်ပါဠိတော်၌ မိန့်တော်မူခဲ့ပြီ။

ထိုမှတပါး ဘုရား တရား သံဃာ ရတနာ သုံးပါးကို အကြင်းမဲ့ယုံကြည်လေးစားပြီးသော ဥပါသကာပုဂ္ဂိုလ်သည် ဒုစရိုက် ၁၀-ပါးကို မလွန်ကြွားအောင် စောင့်ထိန်း ရန်ကို အဂ်ိတ္ထိုရ်ပါဠိတော်၊ ဒသနိပါတ် ဟံသာ၀တီ၊ တတိယတွဲ၊ စာမျက်နှာ ၄၃ ၂-တွင် လာသည်မှာ-

ဒသဟိ ဘိက္ခဝေ ဓမ္မေဟိ
သမန္နာဂတော ဥပါသကော
တထာဘတံ နိက္ခိတ္တော
ဧဝံ နိရယော။

ဘိက္ခဝေ၊ရဟန်းတို့။ဒသဟိ၊ဆယ်ပါး ကုန်သော။ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဥပါသကော၊ ဥပါသကာသည်။အာဘတံ၊ဆောင်ခဲ့သော၀န်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်ဘိ သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ နိရယော၊ ငရဲသို့။နိက္ခိတ္တော၊ကျလေ၏။

ကတမေဟိ ဒသဟိ
ပါဏာတိပါတာ ဟောတိ
အဒိန္နာဒါယိ ဟောတိ
ကာမေသုမိစ္ဆာစာရီ ဟောတိ
မုသာဝါဒီ ဟောတိ
ပိသုဏဝါစော ဟောတိ
ဖရုသဝါစော ဟောတိ
သမ္ဖပ္ပလာပီ ဟောတိ
အဘိဇ္ဈာလု ဟောတိ
ဗျာပန္နစိတ္တော ဟောတိ
မိစ္ဆာဒိဋ္ဌိကော ဟောတိ
ဣမေဟိခေါ ဘိက္ခဝေ
ဒသဟိ ဓမ္မေဟိ သမန္နာဂတော
ဥပါသကော ယထာဘတံ
နိက္ခိတ္တော ဧဝံ နိရယော။

ဒသဟိ၊ဆယ်ပါးကုန်သော။ ကတမေဟိဓမ္မေဟိ၊ အဘယ်တရားတို့နှင့်။ သမန္နာဂတော၊ပြည့်စုံသော ဥပါသကာသည်။ နိရယော၊ငရဲသို့။နိက္ခိတ္တော၊ကျရောက်လေသတည်း၊ ပါဏာတိပါတိ၊ သူ၏အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါယိ၊ကိုယ်နှုတ်တို့ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းဖြစ်သည်၊ဟောတိ ၊ဖြစ်၏။ကာမေသုမိစ္ဆာစာရီ၊သူတပါးသားသမီးတို့ကို ကြူးလွန်သွားလာသည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒီ၊မဟုတ်မမှန်သော စကားကိုပြောသည်။ ဟောတိ၊

ဖြစ်၏။ ဝိ`သုဏ္ဏဝါစော၊ သူ့နှစ်ယောက်ကို မုန်းအောင် ကုန်းချော ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဖရုသဝါစော၊ ကြမ်းတမ်းသော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သဝ္ဍပ္ပလာပိ၊ သိမ်ဖျင်းသော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဘိဇ္ဈာလု၊ သူတပါးစည်းစိမ်ကို မိမိစည်းစိမ် ဖြစ်လိုသောစိတ်သည်။ ဟောတိ၊ ဖြစ်၏၊ ဗျာပန္နစိတ္တော၊ သူတပါးတို့အား ပျက်စီးစေလိုသော စိတ်သည်။ ဟောတိ၊ ဖြစ်၏။ မိစ္ဆာဒိဋ္ဌိကော၊ မဟုတ်မမှန် ဖေါက်ပြန်သော အယူဝါဒ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဒသဟိ၊ ဆယ်ပါး ကုန်သော။ ဇုမေဟိ ဝမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော၊ ဥပါသကော၊ ဥပါသကာသည်။ အာဘတံ၊ ဆောင်ခဲ့သောဝန်ကို။ နိက္ခိတ္တော ယထာ၊ ချတိသကဲ့သို့။ ဧဝံ တထာ။ ထိုအတူ။ နိရယော၊ ငရဲသို့။ နိက္ခိတ္တော။ ကျရောက်လေ တော့၏။

ထို ပါဠိတော်နှင့် ဆက်လျက် ဖေါ်ပြ ထားသည် မှာ အကယ်၍ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါ သကာသည် ထို ဒုစရိုက် ၁၀-ပါးကို စောင့် ထိန်း ပါက အပါယ် ၄-ပါးအစာမဖြစ်ဘဲ ကောင်းရာသုဂတိသို့လားရ၏ ဟူ၍ လာရှိ၏။

အများအားဖြင့် လူတို့သည် ၅-ပါးသီလကို မလွန်ကျူးရန် စောင့်ထိန်း ရမည်ကို သိရှိကြကုန် သော်လည်း ဒုစရိုက် ၁၀-ပါးကို တခုမကျန် စောင့်ထိန်း ရမည်ကိုကား ၅-ပါးသီလ

လောက် သဘောမပေါက်ကြချေ၊ အတင်းပြောခြင်း၊ အဖျင်းပြောခြင်း၊ ကုန်းချောခြင်းတို့မှာ ဒုစရိုက် ၁၀-ပါးတွင် အပါအဝင်ဖြစ်၏။

ဒုစရိုက် ၁၀-ပါးကို တနည်းဆိုသော် ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊မနောကံ ၃-ပါး၊ပေါင်း ၁၀-ပါးဖြစ်၏၊ ဤ၌ ဝစီကံ ၄ -ပါးတွင် မုသာဝါဒကို ပြောဆိုကာ အပြစ်ရှိ၏ ဟူ၍ဟား ကောင်းကောင်း သိရှိသော်လည်း ရယ်စရာမောစရာပြောခြင်း၊သူတပါးအကြောင်း မကောင်းပြောခြင်းစသော သမ္ဖပ္ပ လာပဝါစာ, ပိ သုဏဝါစာ တို့ကို ပြောဆိုနေရာ၌ အကုသိုလ်ဖြစ်နေခြင်းကို အမျှားအားဖြင့် ဂရုမပြုကြချေ။

လူသည် လူ့အကြောင်းကို အမျှားဆုံး ပြောဆို ကြ၏၊ ထိုပြောဆိုရာတွင် သူတပါး၏ အကြောင်းကို အကောင်းပြောသည်ထက် မကောင်းကြောင်းကို ပို၍ ပြောဆို ကြ၏၊ ပို၍ နှားထောင်ချင်ကြ၏၊ ထိုကြောင့် သဘာဝဓမ္မကို သဘောပေါက်ကာ ဝစီကံအတွက် အကုသိုလ်မဖြစ်ရန် အထူးဆင်ခြင်ရာ၏။

ငါးပါးသီလနှင့် ဒုစရိုက် ၁၀-ပါးကို ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်သည်ဖြစ်စေ၊မထုတ်ဘဲ နေသည်ဖြစ်စေ ထိုတရားများ အနက် တပါးပါးကိုမျှ မကျူးလွန် မိအောင် နေ့စဉ် နေ့တိုင်း စောင့်ထိန်းရပေမည်။

ညအိပ်ရာ ဝင်တိုင်း ငါသည် ယနေ့ ငါးပါးသီလအနက်, အဘယ်ကို ကျူးလွန်မိခဲ့ပါသနည်း၊ ဒုစရိုက် ၁၀-ပါးအနက်

အဘယ် ဒုစရိုက်ကို ကျူးလွန်မိပါသနည်း ဟု စစ်ဆေးကာ နက်ဖြန် ထိုအမှုကို မကျူးလွန်မိအောင် အထူးကြိုးစားရမည်။

ယင်းသို့ စစ်ဆေး၍ နက်ဖြန် မဖြစ်အောင် ကြိုးစားသော် မိမိက နိုင်နင်းသဖြင့် ဝမ်းသာ၍ မဆုံးနိုင်တော့ပြီ၊ အကယ်၍ မစစ်ဆေးဘဲ အမှုမဲ့နေခဲ့သော် မိမိလွန်ကျူးမိသော ဒုစရိုက် တပါးပါးကိုပင် မိမိ၌ အပြစ်ရှိခဲ့ပြီဟု မသိရှိနိုင်ချေ၊ ထိုကြောင့် ညတိုင်း စစ်ဆေး၍ လွန်ကျူးမိသော ဒုစရိုက်ကို နက်ဖြန် မလွန်ကျူးမိအောင် အထူးကြိုးစားတော်မူပါ၊ ကြိုးစားပါက လက်တွေ့ အောင်မြင်ခြင်းကို ရရှိလာပါလိမ့်မည်။

အကယ်၍ဤသို့မစစ်ဆေးဘဲနေခဲ့သော် လောဘ, ဒေါသ, မောဟ တရားတို့သည် တနေ့တခြား တိုးတက်ကာ အသိ တရားကို ဖုံးလွှမ်းလာသည် ဖြစ်ရကား နောက်ဆုံးတွင် မိမိ ကိုယ်တိုင် လုံးလုံးဆယ်မရသည် အဖြစ်သို့ ကျရောက်ရလေ တော့၏။

မနောကံ ၃-ပါးအတွက်ကား အစဉ်သဖြင့် အကုသိုလ် စိတ်ကိုမကူးဘဲ ကုသိုလ်စိတ်ကို သာ လျှင် ဖြစ်နေခြင်းသည် အကောင်းဆုံးဖြစ်၏၊ ကုသိုလ်စိတ်တွင် အဘယ်ကုသိုလ် စိတ် ဖြစ်နေခြင်းသည် အကောင်းဆုံး ကုသိုလ်စိတ်ဖြစ်နေရပါမည် နည်း ဆိုသော် ဘာဝနာ ကုသိုလ်စိတ်သည် အကောင်းဆုံး၊ ဘုရားရှင် အလိုတော် အရှိဆုံးသော စိတ်ဖြစ်လေသည်၊ လက် ဖျစ်တတွက်ခန့်မျှ ကြာသော ဘာဝနာစိတ်၏ တန်ဘိုးကို ဒါန

သီလကုသိုလ် မလိုက်နိုင်ချေ၊ ဘာ၀နာ စိတ်ထား ပုံ တို့ ကို ရှေတွင် တွေ့ရှိရလတံ့။

ဒါနခဏ်းတွင်ဒါနပြုရာ၌ အနိမ့်စား,အလတ်စား,အမြတ်စားဟူ၍ ၃-မျိုးရှိဘိသကဲ့သို့ သီလဆောက်တည်ရာ၌လည်း-

ဟီနသီလ
မဇ္ဈိမသီလ
ပဏီတသီလ

ဟူ၍ ၃-မျိုး ၃-စား ရှိပြန်လေသည်၊ သူတပါးတို့ ချီးမွမ်းထောမနာ သြဘာပေးကြမည့် အကျော်အစောကို အလိုရှိတောင့်တ၍ ဆောက်တည်သော သီလ သည် ဟီနသီလမည်၏။

ကုသိုလ်ကောင်းမှု၏ အကျိုးကို ခံစားလို၍ ဆောက်တည်သော သီလသည် မဇ္ဈိမသီလမည်၏။

ဝဋ်မှ လွတ်လို၍ မဂ်ဖိုလ်ကို အလိုရှိ၍ ဆောက်တည်အပ်သော သီလသည် ပဏီတ သီလမည်၏။

ဒါနထက် သီလမြတ်၏ ဆိုသဖြင့် ဒါနထက် သီလသည် တန်းခိုးသတ္တိကြီးမား၏၊ သီလ၏ အကျိုးကား ရက်ရှည်လများ စောင့်ထိန်းအပ်သော သီလကို မဆိုထားဘိ တခဏမျှ ဆောက်တည်အပ်သော သီလပင်လျှင် အကျိုးကျေးဇူးအလွန်ကြီးမားလာပေတော့၏၊ ထိုကြောင့် သီလကို တနေ့ တနာရီ တခဏမျှဟူ၍ အထင် မသေးအပ်၊ လေးလေးစားစားဆောက်တည်တော်မူကြပါလေ။

တခဏမျှသော သီလပင် အကျိုးကြီးလှသဖြင့် ယခုအခါ ဆရာတော် အသီးသီးတို့သည် ဒါနပြုရာတွင် သီလကို ရှေးဦးစွာ ခံယူဆောက်တည် စေခြင်း ဖြစ်၏၊ ထို ကြောင့် မြတ်စွာဘုရားရှင်၏ တရားစစ်သူကြီးဖြစ်တော်မူသော ဓမ္မသေနာပတိ အရှင် သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီးသည်လည်း လူကို တွေ့လျှင် သီလအကျိုး ကျေးဇူးကို ဟောတော်မူ၍ သီလပေးတော် မူလေ့ရှိခြင်းဖြစ်၏။

သီလ ဆောက် တည် သဖြင့် ကြီး စွာ သော ဒါန ပါဝင်ကြောင်းကို သိ အပ် ပြန် သည် မှာ မြတ်စွာဘုရား ရှင်သည် အောက်ပါ ပါဠိတော်ကို အင်္ဂုတ္တိရ၊ အဋ္ဌနိပါတ်၊ ဒါနဝဂ်၌-

ပါဏာတိပါတာ ပဋိဝိရတော
ဘိက္ခဝေ အရိယသာဝကော
အပရိမာဏာနံ သတ္တာနံ
အဘယံ ဒေတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သော။ အရိယသာဝကော၊ အရိယာ၏ တပည့် သာဝကတည်း။ အပရိမာဏာနံ၊ အတိုင်း အရှည် မရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးမရှိသည်ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ထိုမှ ပါဠိတော်၌ ဆက် လက် လာ ရှိ သည် မှာ ပါဏာတိပါတာ ရှောင်ကြဉ်မှုသည် သတ္တဝါတို့အား ဆင်းရဲခြင်းကို ကင်းဝေး

စေခြင်းကို ပြုသည်မည်၏၊သတ္တဝါတို့အား ဘေးရန်ကင်းဝေး စေခြင်းကို ပြုသည်မည်၏ဟု လာရှိ၏။

ထိုပြင် သီလဆောက်တည်ခြင်းသည် ဒါနစသောကုသိုလ် ကောင်းမှုမျှလောက်ကိုသာ ကူညီအားပေးသည် မဟုတ်သေး မေတ္တာအစရှိသော သမထဘာဝနာအတွက် ဝိပဿနာဘာဝ နာအတွက်လည်း မျှားစွာအားပေး ကူညီသော လုပ်ငန်းကြီး ဖြစ်လေသည်၊ ထိုကြောင့် သုတ်မဟာဝါ ပါဠိတော်၊ မဟာ ပရိနိဗ္ဗာနသုတ်၌ ဘုရားရှင်သည် အထပ်ထပ် ဟောတော်မူ သည်မှာ-

ဣတိသီလံ ဣတိသမာဓိ
ဣတိပညာ သီလပရိဘာဝိတော
သမာဓိ မဟပ္ဖလောစေဝ ဟောတိ
မဟာနိသံသောစ သမာဓိ
ပရိဘာဝိတာ ပညာမဟပ္ဖလာ
စေဝ ဟောတိ မဟာနိသံသာစ
ပညာ ပရိဘာဝိတံ စိတ္တံ
သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။

ဣတိဣဒံ၊ ဤပါဏာတိပါတာစသည်မှ ကြဉ်သော ဝိရတိ စသောတရားသည်။သီလံ၊သီလမည်၏။ ဣတိအယံ ဤဘုရား ဂုဏ်တော်စသည်ကို အောက်မေ့သော သမထသည်။သမာဓိ၊ သမာဓိမည်၏။ဣတိအယံ၊ ဤခန္ဓာစသည်တို့၏ အနိစ္စ, ဒုက္ခ,

အနတ္တ လက္ခဏာကို ရှုသော မြင်သော ဝိပဿနာသည်။ ပညာ၊ပညာမည်၏။ သီလပရိဘာဝိတော၊ သီလဖြင့် ထုံအပ်သော။ သမာဓိ၊သမာဓိသည်။ မဟပ္ဖလော့စေ၀၊ ကြီးသော အကျိုးရင်း ရှိသည်ရင်း။မဟာနိသံသော၀စ၊ ကြီးသော အကျိုးဆက်ရှိသည်ရင်း။ဟောတိ၊ ဖြစ်၏။သမာဓိပရိဘာဝိတာ၊သမာဓိဖြင့် ထုံအပ်သော။ပညာ၊ ဝိပဿနာပညာသည်။ မဟပ္ဖလာ စေ၀၊ ကြီးသောအကျိုးရင်း ရှိသည်ရင်း။ မဟာနိသံသာ၀စ၊ ကြီးသော အကျိုးဆက်ရှိသည်ရင်း။ဟောတိ၊ဖြစ်၏။ပညာပရိဘာဝိတံ၊ ဝိပဿနာပညာဖြင့် ထုံအပ် ပွားအပ်သော။ စိတ္တံ၊ စိတ်သည်။ သမ္မဒေ၀၊ ကောင်းစွာသာလျှင်။ အာသ၀ေဟိ၊ အာသ၀ေါတရား၄-ပါးတို့မှ။ဝိမုစ္စတိ၊အရဟတ္တမဂ်ဖြင့်လွတ်၏။

ဤ၌ ဆိုလိုရင်းကား စင်ကြယ် ဖြူဆွတ်သော သီလဖြင့် ထုံမွှန်း ပွားများအပ်သော သမာဓိသည် ကြီးသော အကျိုးဆက်ရှိ၏၊ တည်ကြည်လှသော သမာဓိဖြင့် ထုံမွှန်းပွားများ အပ်သော ပညာသည် ကြီးသော အကျိုးဆက်ရှိ၏။ ဤကဲ့သို့ တည်ကြည် စူးရှသော ပညာဖြင့် ထုံမွှန်းပွားများ အပ်သော စိတ်သည် ကာမာသ၀, ဘ၀ါသ၀, အဝိဇ္ဇာသ၀ တည်းဟူသော အာသ၀ေါ တရားတို့မှ ကျွတ်လွတ်၏ ဟူ၍ ဟောတော်မူ၏။

သီလသည် လူတို့အတွက် အကောင်းဆုံး အကာအကွယ် ကြီးဖြစ်လေသည်၊ထိုကြောင့် ရှေးသူတော်ကောင်း အပေါင်းတို့သည် မိမိအသက်နှင့် တကွ ဥစ္စာ စည်းစိမ်ကို စွန့်ရမူ စွန့်လွှတ်ကြကုန်၏၊မိမိ၏ သီလကိုကား မစွန့်လွှတ်ကြကုန်။

တခါသော် ပေါရိသာဒသည် သုတသောမ မင်း၏ သွေးဖြင့် ယင်ပူဇော်ရန် အလိုဌာ ဖမ်း၏၊ သုတသောမ, မင်းက ပေါရိသာဒအား နန်းတော်သို့ ပြန်၍ တရားနာခွင့် ပြုရန် ခွင့်တောင်း၏၊ ပေါရိသာဒသည် ခွင့်မပြု၊ တဖန် သုတသောမ မင်းက ငါသည် တရားကို နာကြားပြီး၍ သင့်ထံသို့ ပြန်လာခဲ့ပါအုံ၊ တရက်တာမျှ ခွင့်ပြုရန် ပြောဆိုပြန်၏။

ထိုအခါ ပေါရိသာဒက ဆိုသည်မှာ သေမင်း၏ခံတွင်းမှ လွတ်လာသော သူသည် မိမိ၏ နေအိမ်ချမ်းသာသို့ ရောက်သောအခါ အဘယ်လျှင် သေမင်းထံသို့ ပြန်လာမည်ဆိုသော စကားကို ငါယုံကြည်နိုင်ပါအုံးနည်း၊ ထိုအခါ သုတသောမ မင်းက ပြန်၍ဆိုသည်မှာ-

သမ္မပေါရိသာဒ၊ အဆွေတော် ပေါရိသာဒ။ ပရိသုဒ္ဓ သီလော၊သန့်ရှင်း စင်ကြယ်သော သီလရှိသော။ယောနရော၊ အကြင်သူသည်။ဇီဝိတဟေတုပိ၊အသက်ဟူသော အကြောင်း ကြောင့်လည်း။ အလိကံ၊ မဟုတ် မမှန်သော စကားကို။ ဝဒေယျ၊ ဆိုပြောအုံ့။ သောနရော၊ ထိုသူသည်။မတံ၊ သေခြင်း သည်။ ဝရေယျ၊ မြတ်လှ၏။ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ နဝရေယျ၊ မမြတ်ရာ-ဟု သုတသောမ မင်း သည် ပြန် လည် ပြောဆိုပြန်ပြီးလျှင် ဆက်လက် ပြော ဆို သည် မှာ အဆွေ တော် ပေါရိသာဒ....တောင်သည် လေတိုက်သဖြင့် လွင့်စင် သွားရာ၏၊ နေလတို့သည် မြေသို့ကျမူလည်းကျရာ၏၊ မြစ်ရေ တို့သည် အထက်သို့ ဆန်တက် စီးမူလည်း စီးကုန်ရာ၏၊

သို့သော် ငါသည် မဟုတ် မမှန်သော စကားကို လုပ်ကြံ ပြောဆိုလိမ့်မည်ကား မဟုတ်ဟုဆို၏။

နောက်ဆုံး၌ သုတသောမ မင်းသည် ပေါရိုသာဒ ထံမှ တရားနာရန် မြို့တွင်းသို့ ပြန်ရန်ခွင့်ရခဲ့၏၊ တရားကို တဂါ ထာလျှင် တထောင်ကျစီ ပေး၍ ၄-ဂါထာကို အသပြာ ၄-ထောင် ပေးကာ နာပြီးနောက်၊ ပေါရိုသာဒထံ ဖိုဖိ သွေးဖြင့် ယင်ဇနတ် ပူဇော်ပွဲပြုရန် ပြန်သွား လေ၏၊ ထိုမျှ ရှေးသူတော်ကောင်းတို့သည် တရားနာခြင်း, သီလ လုံခြုံခြင်း တို့ကို ပြုကြကုန်၏၊ ဤ၌လည်း သီလ၏ စင်ကြယ်မှုကြောင့် သုတသောမ မင်းကြီးမှာ အသက်မသေရချေ။

ဒုစရိုက် ၁၀-ပါး, ၅-ပါးသီလကို ဝိပဿနာ ဘာဝနာကို အားထုတ်သည်ဖြစ်စေ၊အားမထုတ်သည်ဖြစ်စေ၊ မလွန်ကြူး ရလေအောင် အထူးကြိုးစား စောင့်ထိန်းပေး ရပေမည်၊ ဝိ ပဿနာ ဘာဝနာကို အားထုတ် သူတို့ အတွက်ကား သီလ, သမာဓိတို့ဖြင့် ထုံအပ်သော ပညာကို မျှားစွာ အလိုရှိအပ် တော့သည်သာတည်း။

ဝိသုဒ္ဓိမဂ် အဌကထာ၌ လာသည်ကိုအတိုချုပ်၍ အနည်း ငယ်ဖော်ပြဦးအံ့။

> သီလဖြင့် ကာမသုခလွှိကာနုယောဂအယုတ် တရားကိုပယ်၏၊သမာဓိဖြင့် အတ္တကိလမထာ နုယောဂ ကိုပယ်၏၊ ပညာဖြင့် ထိုအ ယုတ် တရား ၂-ပါးကို မကပ်မူ၍ အလယ်

အလတ် ဖြစ်သော မဇ္ဈိမပဋိပဒါ အကျင့်ကို မှီဝဲခြင်းကိုပြု၏။

ထိုပြင် သီလဖြင့် အပါယ် ၄ - ဘုံမှ လွန်မြောက် နိုင်ခြင်းကို ပြု၏၊ သမာဓိဖြင့် ကာမဘုံမှ လွန်မြောက် နိုင်ခြင်းကို ပြု၏၊ ပညာဖြင့် အလုံး စုံသော ဘုံဘဝတို့မှ လွန်မြောက်နိုင်ခြင်းကိုပြု၏၊သီလဖြင့် တဒင်္ဂခေတ်ခဏ ကိလေသာကိုပယ်၏၊ သမာဓိဖြင့် ဝိက္ခမ္ဘန သတ္တိဖြင့် အတော်ကြာ ကိလေသာကို ပယ်၏၊ ပညာဖြင့် ကိလေသာကို သမုစ္ဆေဒ အားဖြင့် အကြွင်းမဲ့ ပယ်၏။

သီလဖြင့် ကာယဒုစရိုက်, ဝစီဒုစရိုက်တို့၌ လွန်ကျူးသော ဝိတိက္ကမ ကိလေသာကို ပယ်၏၊ သမာဓိဖြင့် စိတ်သန္တာန်တွင် ဖြစ်ပေါ်သော ပရိယုဋ္ဌာန ကိလေသာကို ပယ်၏၊ ပညာဖြင့် အနုသယကိလေသာကို ပယ်၏၊ (ဤသည်တို့ကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်း အစလောက်တွင် လာရှိသည်တို့တည်း)

ဣန္ဒြိယ သံဝရသီလ

ထိုမှတပါး တမဂ်တဖိုလ် အလိုဌာ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်သော ယောဂီသူမြတ်သည် ၅- ပါးသီလ လောက်မျှသာ တင်းတိမ်မနေရ၊ ဣန္ဒြိယ သံဝရ သီလကြီး

ကိုလည်း တိုးတက်ကာ ကျင့်သုံးစောင့်ထိန်းရ၏၊ အကြောင်း သော်ကား ဇုန္ဒြိယ သံဝရ သီလသည် ဝိပဿနာ ဘာဝနာ လုပ်ငန်းနှင့် တကြောတည်း အစအားဖြင့် ဆက်စပ်လျက် ရှိခြင်းကြောင့်တည်း။

အခါတပါး၌ နတ်သား တဦးသည် အခြွေ အရံပေါင်း များစွာနှင့် ဥယျာဉ်တွင်း၌ ပျော်ပါး နေရာ မကြာမီသော အချိန်တွင် နတ်သမီးများစွာ ယုတ်လျော့ သွားသည်ကို သိရှိ သဖြင့် ကြည့်ရှုလတ်သော် နတ်သမီး ၅၀၀-တို့မှာ နတ်သက် ကုန်သဖြင့် ငရဲသို့ ကျရောက်သွားသည်ကို တွေ့မြင်ရ၏။

တဖန် မိမိအတွက် ကြည့်ပြန်သော် ယနေ့မှသည် ၇-ရက်၌ နတ်သက်ကုန်၍ ငရဲသို့ကျရောက် ရမည်ကို တွေ့မြင်ပြန်သော် အလွန်ကြောက်ရွံ့ ထိတ်လန့်၍ နတ်သားသည် ဘုရားရှင်ထံ ပြေးလွှားကာ ငရဲဘေးမှလွတ်ရပါမည့်အတွက်နည်းကောင်း နည်းမှန်ကို သနားတော် မူပါမည့်အကြောင်း လျှောက်ထား၏၊ ထိုအခါ ဘုရားရှင်က ဟောတော်မူသည်မှာ-

နာညတြ ဗောဇ္ဈာတပသာ၊
နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗ နိဿဂ္ဂါ၊
သောတ္ထိ ပဿာမိ ပါဏိနံ။

ဟူ၍ သဂါထာ ဒေဝပုတ္တ သံယုတ် (၉ မျှော့ မိတ်ဆွေ) စာမျက်နှာ ၂၇-၌ လာရှိသည့် အတိုင်း ဟောတော် မူ၏။ ဗောဇ္ဈာ-ဗောဓိယာ၊ အရိယာမဂ် ဉာဏ်သံလျက်ကို။အညတြ၊

မသုံးမပြုဘဲ။ ပါဏာတိပါတ်၊ သတ္တဝါတို့၏။ သောတ္ထိ ဘေးမဲ့ရာချမ်း သာခွင့်ကို။ နပသဿာမိ၊ ဝါဘုရား မြင်တော်မမူ။ တပသ္သ၊ အရိယမဂ်ကို ရကြောင်းခေါင်းပါးသောအကျင့်ကို။အညတြ၊ ရှောင်ကြဉ်၍။ပါဏာတိပါတ်၊သတ္တဝါတို့၏။သောတ္ထိ ဘေးကင်းရာ ချမ်းသာခွင့်ကို။ နပသဿာမိ၊ ဝါဘုရား မြင်တော်မမူ။ ဣန္ဒြိယ သံဝရ၊စက္ခုန္ဒြိယ စသော ၆-ပါးသော ဣန္ဒြိယသံဝရ သီလ မြတ်ကို။အညတြ၊မသုံးမဆင် ရှောင်ကြဉ်၍။ ပါဏာတိပါတ်၊သတ္တဝါတို့၏။ သောတ္ထိ ဘေးမဲ့ရာ ချမ်းသာခွင့်ကို။ နပသဿာမိ၊ ဝါဘုရား မြင်တော်မမူ။ သဗ္ဗဒါသဿ၊ အလုံးစုံသော ကိလေသာကို ပယ်ခွါကုန်စင် စီရင် စွန့်ပစ်ခြင်းကို။ အညတြ၊ ရှောင်ကြဉ်ဖယ်ထား၍။ပါဏာတိပါတ်၊သတ္တဝါတို့၏။သောတ္ထိ ဘေးကင်းရာ ချမ်းသာခွင့်ကို၊ နပသဿာမိ။ ဝါဘုရား မြင်တော်မမူ။

ဤတရားတော်နှင့်ပင် နတ်သားနှင့် တက္ကသော နတ်သမီးတို့သည် အပါယ်ဝရဲမှ လွတ်ကင်း၍ သောတာပန် အဖြစ်သို့ ရောက်ရှိသွားကြကုန်၏။

ဣန္ဒြိယ သံဝရသီလနှင့် ဝိပဿနာ ဘာဝနာ တကြောတည်း ဆက်စပ်နေပုံကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သီလ နိဒ္ဒေသ ပိုင်း၌ လာပုံကို အနည်းငယ် အတိုချုပ် တဖန် ဖော်ပြ ပေအုံ့။

အခါတပါး၌ အရှင်စိတ္တဂုတ္တမထေရ်မြတ် တရားကျင့်ရာ လိုဏ်ဂူကြီးကို ရဟန်းအချို့တို့သည် ဤသို့ ချီးကျူး၏၊ အရှင်ဘုရား ဤလိုဏ်ဂူကြီး အတွင်းရှိ ပန်းချီ ဆေးကား အရပ်

များသည် အလွန်လှပ ဆန်းကြယ် ကြည့်ရှုဘွယ် ရှိလှပါ၏ ဘုရားဟု လျှောက်ထားကြ၏။

ထိုအခါ မထေရ်မြတ်က ငါ့ရှင်တို့ ငါသည် ဤဂူ၌ တရား အားထုတ်သည်မှာ အနှစ်(၆၀)ကျော်ခဲ့သော်လည်း ပန်းချီ ဆေးကားကို ငါသတိ မပြုမိချေ၊ ငါ့ရှင်တို့၏ မျက်စိကား ကောင်းလှပေ၏ ဟု မိန့်တော်မူ၏။

ထိုမထေရ်မြတ်သည် လိုဏ်ဂူဝ၌ရှိသော ဂန္ဓဝေါ်ပင်ကြီး ကို တခါမျှမေ့၍ မကြည့်ဘူးချေ၊ မြေ၌ ကျလျက် ရှိသော ဝတ်မှုံတို့ကို မြင်ရ၍သာလျှင် ဂန္ဓဝေါ်ပင်ကြီး ပွင့်သည်အဖြစ် ကို သိရလေသည်။

တခါသော် ဘုရင်မင်းမြတ် သည် ထိုမထေရ်မြတ်အား နန်းတွင်းသူ နန်းတွင်းသားတို့ ရှိခိုးပူဇော်နိုင်စိမ့်သောငှာ ၃-ကြိမ်တိုင်တိုင် ပင့်လျှောက်၏၊ မထေရ်မြတ်သည် မကြွလာ။

ထိုသောအခါ ဘုရင်မင်းမြတ်သည် လိုဏ်ဂူကြီးအနီးရှာ၌ ရှိကုန်သော နွားစို့သားငယ် သမီးငယ်တို့၏ မိခင်သားမြတ်ကို ရင်လွှမ်းအဝတ်ဖြင့် ရစ်ပတ်စေပြီးလျှင် မင်း၏ တံဆိပ်ကို ခတ် နှိပ်ထားစေ၍ အမိန့်တော်မြတ် မှတ်စေသည်မှာ အကြင်မျှ သော ကာလပတ်လုံး မထေရ်မြတ်သည် နန်းတော်သို့ မကြွ လာသေး၊ ထိုမျှလောက် ကာလပတ်လုံး သူငယ်တို့သည် နွားစို့ ခွင့်မရစေရဟု အမိန့်ထုတ်ပြန်ထားလေ၏။

မထေရ်ကြီးလည်း အပြစ်မရှိရှာသော သူငယ်တို့ကို လွန်စွာ သနားတော်မူလျှ၍နန်းတော်သို့ကြွတော်မူ၏၊ ဘုရင်ကြီးလည်း အလွန်ဝမ်းမြောက် ဝမ်းသာစွာဖြင့် ရှိခိုးပူဇော်၏၊ မထေရ်ကြီးသည်(သုဒိ ဟောတု မဟာရာဇ) ဟု ဆိုတော်မူ၏၊ တဖန် မိဖုရားကြီး ရှိခိုး ပူဇော် ပြန်သည်ကိုလည်း (သုဒိ ဟောတု မဟာရာဇ) ဟူ၍ပင် မိန့်တော်မူပြန်၏။

ထိုအခါ အနိုးရှိ ရဟန်းတော်များက လျှောက်ထားသည်မှာ အရှင်ဘုရား မင်းကြီး အားဇင်း၊ မိဖုရားကြီး အားဇင်း၊ (သုဒိ ဟောတု မဟာရာဇ)ဟူ၍သာ အတူတူအမိန့်ရှိပါသည် ဘုရား၊ အကြောင်း အဘယ်ပါနည်းဘုရားဟု လျှောက်ထားကြသောအခါ မထေရ်ကြီးက အိုင်ါရှင်တို့ ငါသည်မင်းဟူ၍ ရင်း၊ မိဖုရားဟူ၍ရင်း၊ ဝိုင်းခြား မှတ်သားခြင်းကို မပြုမိ ဟု မိန့်ဆိုတော်မူ၏။

ထိုနေ့ညဉ့်သန်းခေါင်အချိန် ကျော်လွန်သောအခါ မထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ဤကား ဒုန္ဒြိယ သံဝရသိလ၏ အကျိုးဆက်တည်းဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာရှိ၏၊ ထိုမှတပါး ဆက်လက်လာရှိ ပြန်သည်မှာ အောက်ပါအတိုင်းပင်-

မဟာမိတ္တ မထေရ်ကြီး၏ မယ်တော်မှာ အနာပေါက်သ ဖြင့် ဝေဒနာကို မခံမရပ်နိုင်ဖြစ်၏၊ မယ်တော်ကြီးသည် သမီး ဖြစ်သော ရဟန်းမိန်းမအား အိုအရှင်မ, သင်၏ မောင်တော်

မဟာမိတ္တ မထေရ်ထံသို့ သွား၍ ငါ့အတွက် ဆေးကို ဆောင်ခဲ့လော့ဟု ပြောဆို၏။

ဘိက္ခုနီမလည်း မထေရ်ကြီးထံသွား၍ မယ်တော် အမိန့်ရှိတိုင်း လျှောက်၍ ဆေးတောင်း၏၊ မထေရ်ကြီးသည် ဤသို့ဆို၏၊ ငါကား တရားကိုသာ လေ့ကျင့်၏၊ ဆေးမြစ်, ဆေးချက်, ဆေးဖေါ်နည်းတို့ကိုကား မသိရှိချေ၊ ထိုကြောင့် သင့်အား ငါနိုင်သော ဆေးကို ပြောကြားပေအံ့။

ငါသည် အကြင်အခါမှ စ၍ ရဟန်းပြု၏၊ ထိုအခါမှ စ၍ ငါသည် တဏှာ လောဘ စိတ်ဖြင့် ဣန္ဒြိယ သံဝရသီလတို့ကို ဖျက်ဆီး၍ မိန်းမတို့၏ အဆင်းရูပါရုံကို မကြည့်စဘူး၊ ဤသို့မှန်သော သစ္စာစကားကြောင့် ငါ၏ ကျေးဇူးရှင် မယ်တော်ကြီးအား ချမ်းသာခြင်းသည် ဖြစ်စေသတည်း။

သင်သည် သွားချေတော့၊ ဤငါ၏ သစ္စာစကားကို ဆိုကာ တကာမကြီးအား နှိပ်နယ်ပေးလေလော့ ဆို၍ လွှတ်လိုက်၏၊ ဘိက္ခုနီမလည်း မထေရ်ကြီးအမိန့်ရှိတိုင်း မယ်တော် တကာမကြီးအား ရွတ်ဆို နှိပ်နယ်ပေး၏၊ ထိုခဏ၌ပင် တကာမကြီး၏ အနာသည် သက်သာ ပျောက်ကင်းလေတော့၏။

ထိုအခါ တကာမကြီးသည် ဤသို့ဆို၏၊ အကယ်၍မျှားမြတ်စွာဘုရားရှင်သည်သာ သက်တော် ထင်ရှားရှိပါမူကား၊

ငါ၏ သားရဟန်းမြတ်၏ ဦးခေါင်းကို ရှေ့ပွတ်လုံး သဘွယ်ရှိသော ရှေလက်တော်ဖြင့် အာဘယ်မှာလျှင် မသုံးသတ်ဘဲ နေတော် မူပါအံ့နည်း၊ သုံးသတ်တော် မူမည်သာတည်း ဟု ရှင်လမ်းဝမ်းမြောက်သော စကားကို မြွက်ဆိုဘူးခဲ့ပြီ၊ ဤသို့လျှင် ဣန္ဒြိယ သံဝရသီလကို ဆောက်တည်ရာ၏ ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သီလနိဒ္ဒေသ ပိုင်း၌လာရှိ၏။

ထိုမှတပါး စက္ခုနှင့်ရူပါရုံ စသည်တို့ တွေ့ဆုံကြမှုကြောင့် ရာဂါနုသယ ဖြစ်ပုံ, ပဋိဃာနုသယဖြစ်ပုံ,အဝိဇ္ဇာနုသယဖြစ်ပုံတို့ကို ဥပရိပဏ္ဏာသ ပါဠိတော်၊ ဆ,ဆက္ကသုတ်မှ လာပုံမှာ အထက်တွင် ဖေါ်ပြထားရှိသော ဣန္ဒြိယသံဝရသီလနှင့်ဆက်သွယ်ပုံတို့ကို ရှေတွင် ပို၍ ထင်ရှား ရှင်းလင်းလာလတံ့။

ထိုကြောင့် ဤသီလခဏ်းတွင် နိဝုံး ချုပ်ရသော် ဒုစရိုက် ၁၀-ပါး, ၅-ပါးသီလ စသည်တို့ကို မကြိုးမပျက်ရလေအောင် အထူးကြိုးစား စောင့်ထိန်းတော် မူကြပါ၊ သီလနှင့် ထုံအပ်သော ဝိပဿနာ ဘာဝနာသည် မျှားစွာ တန်ခိုးသတ္တိကြီးမားလှပေ၏။

နောက်ဆုံးကား ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ်လိုသူသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ကြိုးစား၍ ဘတ်ရှုတော် မူပါ၊အဋ္ဌကထာ ဟူသမျှတို့တွင် ဝိပဿနာဘာဝနာကို ပွားများနိုင်ရန်အမျှားဆုံး ပြသထားတော်မူသော အဋ္ဌကထာကြီး

ဖြစ်လေသည်၊ မှုတည်သည်မှာလည်း သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်၊ ဇမ္ဗု။ မိတ်ဆွေ နှာ ဂ-၌ ပါရှိသော-

သီလေ ပတိဋ္ဌာယ နရော၊
သပညော စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပိ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋန္တိ။

ဟူသော ပါဠိတော်ကို မှုတည်၍ သုတ်ပါထေယျ ပါဠိတော် ဒသုတ္တရ သုတ်၌ လာရှိသော ဝိသုဒ္ဓိ ၇-ပါးကိုရင်း၊ မူလ ပဏ္ဏာသ ပါဠိတော်၊ ဩပမ္မမမ္မဝဂ်၊ ရထဝိနီတ သုတ်၌ လာရှိသော ဝိသုဒ္ဓိ ၇-ပါးကိုရင်း၊ ပဋိသမ္ဘိဒါမဂ် နှင့် တကွ အခြားအခြားသော ပါဠိတော်များမှ လာရှိသည်တို့ကို ပူးပေါင်းပြီးလျှင် အကျယ်တန်ဆာဆင်ကာ ဝိပဿနာ ဘာဝနာလုပ်ငန်းကို ယထာဘူတ လမ်းမှန်ကျစွာ ဖေါ်ပြ ထားသော ဝိပဿနာ ဘာဝနာ လုပ်ငန်း အဌကထာကြီး ဖြစ်လေသည်။ ပါဠိကို မသွားစေနိုင်ကာမူ နိဿယနှင့် ဘာသာပြန်ပြီး ဖြစ်၍ တမဂ် တဖိုလ် အတွက် နည်းလမ်းမှန်ကို အလို ရှိသူတိုင်း ထိုဝိသုဒ္ဓိမဂ် အဌကထာကြီးကို လေ့လာဆည်းပူး ကြိုးစား အားထုတ်တော်မူကြပါလေ။

စာဘတ်ပါ

တဝမ်းတခါး တသက်လျှာမျှ အတွက် နေရေးထိုင်ရေး ချောင်ချည့် စေရန် ငယ်စဉ်အခါက ကျောင်းတွင် ၁၀-နှစ် ၁၅-နှစ်ကြိုးစား သင်ကြားခဲ့ရ၏၊ ဝိပဿနာ လုပ်ငန်းကို

နည်းမှန် လမ်းမှန်ဖြင့် ရောက်ရှိနိုင်ရန် ဝိသုဒ္ဓိမဂ် အဌကထာ ဗမာလိုဘာသာပြန်ကို တလခန့် ဘတ်ရှုပါက ပြီးစီးနိုင်သည် သာတည်း၊ အချိန်မရမူ ၃-လမျှ ဘတ်ရှုလျှင် လိုဗမာလို ဘာသာပြန် ဝိသုဒ္ဓိမဂ် အဌကထာ ကြီးသည် ပြီးနိုင်သည် သာတည်း။

ထိုအခါ မိမိသည် သာမန်လူ မဟုတ်တော့ပြီ၊ သာမန် ယောဂီ မဟုတ်တော့ပြီ၊ ဝိသုဒ္ဓိမဂ် အဌကထာကြီးကို ဘတ်ရှု နားလည်ပြီးဖြစ်သော ယောဂီသည် မိမိအတွက်သာ မဟုတ်၊ သူတပါးအားလည်း အကောင်းဆုံး "ဓမ္မဒါန" ကြီးကို ပြုနိုင် လေပြီ၊ ၃-လမျှသော အချိန်သည် များလှသည် မဟုတ်ပါ၊ ရရှိမည့် အကျိုးကား ယခုဘဝတာမျှသာ မဟုတ်၊ ဘဝတိုင်း ဘဝတိုင်း အပါယ် ၄-ပါးသို့ မကျရောက် စေနိုင်သော သောတာပန် အကျိုးကို ပေးနိုင်လေသည်။

သူများဘတ်ရှုနိုင်လျှင် ငါလည်း ဘတ်ရှုနိုင်၏ဟု သဘော ပေါက်တော်မူပါ၊ ဘုရားလည်း ဖြစ်ချင်၏၊ ဒုက္ခရစရိယာကို လည်း မကျင့်လို၊ စွန့်ခြင်းကြီး ၅-ပါးကိုလည်း မစွန့်လိုလျှင် ဘုရားမဖြစ်နိုင်သည်ကို သတိပြုတော်မူပါ၊ ထိုအတူ ဝိပဿနာ လုပ်ငန်းကို ယထာဘူတ ကျနစ္စာလည်း သိလို၏၊ ဝိသုဒ္ဓိမဂ် အဌကထာကိုလည်း တလ, ၂-လမျှပင် မဘတ်လို ဆိုလျှင် ကား စာသင်ထားသည်တို့မှာ အချည်းနှီး ဖြစ်လေတော့၏၊ စာသင်ခဲ့ခြင်းသည် ထိုသို့ ရတနာ အဖြာဖြာကို စာဘတ် ခြင်းဖြင့် တူးဖော်ယူရန် စာသင်ခဲ့ခြင်း ဖြစ်ခြင်းကြောင့်

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ဘတ်ရှုပြီးဖြစ်ရန် အထူးကြိုးစား တော်မူပါ၊ ကြိုးစားက ဘုရားဖြစ်၏ ဆိုသည်ကိုလည်း သတိပြုတော်မူပါ။

ဆေးနည်းတိုသည် မှန်မူလည်းရှိ၏၊ မှားမူလည်းရှိ၏၊ ဆေးနည်းတိုနှင့် ကုသခြင်းမှာ ဝါ-ဆေးနည်းတိုနှင့် ကုသပြသပေးခြင်း ခံရသူမှာ ကံကောင်းသော် ရောဂါပျောက်လတံ့၊ ကံမကောင်းသော် ရောဂါမပျောက်၊ ထိုကြောင့် ဆေး၏ သဘာဝနှင့် ရောဂါ၏ သဘာဝကို နားလည်၍ အနာနှင့်ဆေး ကိုက်အောင် ပေးတတ်လျှင် ရောဂါပျောက်မည်သာတည်း။

ဝိပဿနာ ဘာဝနာအတွက် အနာနှင့်ဆေး ကိုက်အောင် ပေးထားသော အဋ္ဌကထာကြီးမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး ဖြစ်၏။

ဝေဘူလတောင်တွင် စိန်ကျောက်ရတနာ အဖြာဖြာရှိ၏၊ ကျောက်ခဲ မီးသွေးခဲ တို့လည်း ရှိ၏၊ ထိုသို့ ရှိပါလျက် စိန်ကျောက်တို့ကို မယူဘဲ ကျောက်မီးသွေးခဲ တို့ကို ထမ်းလာသောသူ မဖြစ်စေသင့်၊ ဆိုလိုရင်းကား စာသင် ခဲ့ခြင်းသည် စာ-နယ်-ဇင်း လောက် ဘတ်ရန် စာသင်သည် မဟုတ်၊ ခက်ခဲနက်နဲသော ရတနာ အဖြာဖြာကို စာဘတ်ခြင်းဖြင့် တူးဖေါ်ယူရန် ဖြစ်၏၊ အောက်တန်းစား လူပျင်းသည် အပင်ပန်းမခံလို၊ ဆေးနည်းတိုနှင့် တင်းတိမ်နေ၏၊ ပညာရှိကား မူလ သဘာဝကို နိုင်အောင် ကြိုးစားကြကုန်၏။

အလွယ်တကူနှင့် လူတိုင်း ဘတ်နိုင်သည့်စာကို ဘတ်လျှင်း လူတိုင်းလိုပင် ဖြစ်၏၊ ခက်ခဲနက်နဲ အဘိုး ထိုက်တန်သော စာကို တိုးတက် ဘတ်ရှုနိုင်ပါမှသာလျှင် လူတိုင်းထက် ပိုမိုချွန်ထက် သိရှိနိုင်ပေလိမ့်မည်။

မိမိကိုယ်ကို မိမိတန်ဘိုးထားလိုလျှင် လူများကြိုးစားသည်ထက်ပို၍ ကြိုးစားတော်မူပါ၊ သူတပါးက တောင်းကိုဖေါက်လျှင် မိမိက တောင်းကို မဖေါက်ဘဲ တောင်ကို ဖေါက်နိုင်ရန် ကြိုးစားတော်မူပါ။

ထိုကြောင့် "တောင်းကို မဖေါက်၊ တောင်ကို ဖေါက်၊ စိန်ကျောက်အသွင်၊သိလဝံ"ဟု အရှင်မဟာ သိလဝံသ အမိန့်ရှိတော်မူဘူး သကဲ့သို့ သူများထက်ပို၍ ကြိုးစားကာ ဆေးနည်းတိုသဘွယ်မျှသာ ဖြစ်သော ဤဂန္ဓီရ ရှုဘွယ် စာအုပ်မျှလောက်ဖြင့် တင်းတိမ် နေတော် မမူကြဘဲ၊ သဘာဝကို နိုင်နင်းတော် မူနိုင်ရန် ဝိပဿနာနှင့် ဆိုင်သော ပါဠိတော် အဋ္ဌကထာ ဋီကာသို့ တိုးတက်ကြိုးစား ဘတ်ရှုတော်မူနိုင်ကြပါစေသတည်း။

စာအုပ်ဘိုး

ဝိသုဒ္ဓိမဂ် အဋ္ဌကထာအတွက် စာအုပ်ဘိုး ဈေးကြီး၏ဟု မဆိုသာချေ၊ သုတသောမ မင်းသည် တဂါထာကို ငွေတထောင်ပေး၍ တရားနာ၏၊ လူတို့သည် ၁၀၀-ကုန် တထောင်ကုန် တသောင်းကုန် လှူဒါန်းကြ၏၊ သို့သော် အပါယ် ၄-

ဘုံသည် မိမိနှင့်တွဲလျက် အမြဲပါရှိ နေသော ဘေးမှ လွတ်ပြီ ဟူ၍ အာမခံမရ၊ သောတာပန် ဖြစ်ပါမူ ထိုအပါယ် ၄-ပါး အစာမှ လွတ်ကင်း၍ ဝိသာခါ အနာထပိဏ်တို့ ကဲ့သို့ ဘုံစဉ် စံနိုင်တော့၏၊ ဝိပဿနာ ဘာဝနာ လုပ်ငန်းသည် ပထမဌ် သဘာဝကို မသိသေးမူ ခက်လည်းခက်ခဲ၏၊ နက်လည်း နက်နဲ၏၊ထိုနောက် သဘာဝကို သဘောပေါက်သွားသောအခါ အလုပ်မလုပ်ရသေးစေကာမူ၊ လောကတွင် ဝမ်းသာ၍ မဆုံးနိုင်သော ဝမ်းသာရှင်လမ်းခြင်းကို လက်တွေ့ခံစားရတော့၏၊ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဌကထာ၏ စာအုပ်ဘိုးကိုသော်၎င်း၊ အခြား ယထာဘူတကျစွာ ဖေါ်ပြအပ်သော ဝိပဿနာ စာအုပ်များကိုသော်၎င်း၊ဝယ်ရန်စာအုပ်ဘိုးကို အနည်းငယ်မျှ မကြေါက်သင့်။

မေတ္တာ ဘာဝနာ

ယောစ အန္တမသော
ဂန္ဓော ဟန မတ္တမ္ပိ
မေတ္တာစိတ္တံ ဘာဝေယျ

အထက်ပါဦးတော်မှာ ဤကျမ်းကို မူတည်၍ ရေးသားအပ်သော ဝေလာမသုတ်၌ ဘုရားရှင်ဟောတော် မူသော ပါဠိတော်ဖြစ်၏၊ အနက်သော်ကား- ယောစ၊ အကြင်သူသည်။ အန္တမသော၊ ယုတ်သော အဝိုင်း အခြား အားဖြင့်။ ဂန္ဓော ဟနမတ္တမ္ပိ၊လက်နှစ်ချောင်းတို့ဖြင့် နှံသာမှုန်ကိုယူ၍ နမ်းရှုခြင်း အချိန်မျှ ကာလ၌လည်း။ မေတ္တာစိတ္တံ၊ မေတ္တာနှင့် ယှဉ်သော စိတ်ကို။ ဘာဝေယျ၊ ပွားများစေရာ၏။

ဆိုလိုရင်းကား နှံသာမှုန်ကို လက် နှစ် ချောင်း ဖြင့် ယူ၍ အသက်တခါ ရှူခန့်သော အချိန်မျှလောက် မေတ္တာစိတ်ကို စေတနာ ထက်သန်စွာဖြင့် ပွားများလိုက်မိပါက အထက်တွင် ဖော်ပြခဲ့သော ဒါနအမျိုးမျိုးတို့ကို ပြုသဖြင့် ရရှိသော အကျိုးထက် လွန်စွာပိုမိုသော အကျိုး အာနိသင်ကို ရရှိခံစားရ၏ဟူ၏။

မေတ္တာအကျိုး

မေတ္တာဝိုသခြင်း, မေတ္တာကမ္မဋ္ဌာန်း ပွားများခြင်း တို့သည် ကာယကံ အကုသိုလ်၊ ဝစီကံ အကုသိုလ်တို့ကိုသာ တားဆီးပိတ်ပင်သည် မဟုတ်၊ မေတ္တာဝိုသသော အချိန်အခါ ကလေးတွင် ရှိရှိလိုက်သော ကုသိုလ်သည် ကြီးကျယ် မြင့်မြတ်လှပေ၏၊ ထိုကြောင့် ခဏ, ခဏ မကြာမကြာ အချိန်တိုစွာဌင်း၊ အချိန်ရှည်စွာဌင်း၊ ဝိုသသော မေတ္တာဘာဝနာ အကျိုးမှာကား အဘယ်ဆိုဘွယ်ရာ ရှိနိုင်တော့အံ့နည်း၊

မေတ္တာဝိုသဖြင့် ချက်ခြင်း ခံစားရသော အကျိုးတို့ကား မျက်နှာအဆင်း ကြည်လင်၏၊ လူချစ် လူခင်ပေါ၏၊ နတ်တို့ ချစ်မြတ်နိုး၏၊ နတ်တို့ ကူညီစောင့်ရှောက်၏၊ မီး, အဆိပ်, လက်နက် မထိမရှနိုင်၊ သေသောအခါ ပြဟ္မာပြည်သို့ ရောက်ကြောင်းဖြစ်၏၊ ထိုကြောင့် အဂ်ုတ္တိုရ် ပါဠိတော်၊ ကောဒသနိပါတ်၊ အနုသတိဝဂ်၊ (ဟံသာဝတီ) စာမျက်နှာ ၄၂၅-၌ လာရှိသည်မှာ မေတ္တာဘာဝနာကို အဖန်ဖန်ပွားများသဖြင့် အကျိုးရှိသည်တို့မှာ (၁၁) ဆယ့်တပါး ဟူ၍ **အောက်ပါ** အတိုင်းပြ၏။

၁။ ချမ်းသာစွာ အိပ်ရ၏။
၂။ ချမ်းသာစွာ နိုးရ၏။
၃။ မကောင်းအိပ်မက်မမြင်မက်။
၄။ လူတို့ချစ်ခင်မြတ်နိုး၏။

၅။ နတ်တို့ချစ်ခင်မြတ်နိုး၏။
၆။ နတ်တို့စောင့်ရှောက်၏။
၇။ မီး, အဆိပ်, လက်နက်မထိ။
၈။ စိတ်တည်ကြည်၏။
၉။ မျက်နှာအဆင်း ကြည်လင်၏။
၁၀။ မတွေ့ဝေတဲ့ သေရ၏။
၁၁။ ပြဟ္မာပြည်သို့ ရောက်ကြောင်းရှိ၏။

မေတ္တာ၏ သဘာဝ

မေတ္တာမဝိုမိ မေတ္တာသဘောကို ရေးသားဖော်ပြ ဦးအံ့၊ မေတ္တာသည် ပွားများဖန်များလတ်သော် သူတပါး ပျက်စီးသည်ကို မမြင်လို၊ မကြားလိုသော စိတ်သည် အမှန်တိုးတက်ရင့်သန်လာတော့၏။

မေတ္တာဝိုသည် ဆိုရာ၌ နံနက်တကြိမ်,ညတကြိမ် မေတ္တာဝိုကို ရွတ်ဘတ် သရဇ္ဈာယ်၍ နေ့ အချိန်တွင် ဝစီကံ အားဖြင့် သူတပါးအကြောင်း မကောင်းပြောနေခြင်း၊သူတပါးပျက်စီးရာ ပျက်စီးကြောင်း လုပ်ကိုင်နေခြင်း မျှားသည် အထက်ပါ မေတ္တာဝိုသခြင်းအတွက် ရရှိသော အကျိုး(၁၁)ပါးကို ရနိုင်မည်မဟုတ်ချေ။

မေတ္တာလည်း ဝိုရ၏၊ သူတပါး အကြောင်း မကောင်းမပြောရ၊ သူတပါး ပျက်စီးရာ ပျက်စီးကြောင်းကိုလည်း မပြုကျင့်ရချေ။

မေတ္တာ ပို့ခြင်းမှာ စိတ်ကသာ မေတ္တာပို့နေရုံ မဟုတ်ဘဲ ဝစီကံအားဖြင့်လည်း သူတပါး ကျေးဇူးကို ဖေါ်ပြ ပြောဆို သင့်က ပြောဆိုအပ်၏၊ သူတပါး အကြောင်း မကောင်းဖွဲ့နွဲ့ ပြောဆိုနေခြင်းသည် မိမိမသိသော်လည်း အကုသိုလ် ဖြစ်၍ နေ၏၊ထိုမျှမက နားထောင်ရသူမှာ အထက်တန်းကျသူဖြစ်က မိမိအား အထင် အမြင် သေးခြင်းကို ချက်ခြင်း ခံရတတ်၏၊ အတင်းပြောဆိုတတ်သူကို လူညံ့စားဟူ၍ ယူဆထားကြသည်ကို သတိပြုအပ်၏။

စိတ်သည် (ဝါ) မေတ္တာဓာတ်သည် အလွန် ထက်မျက်စိုးရှသော သတ္တိရှိ၏၊ ဥပမာပြုရသော် မိမိသိရှိသူ တယောက်အား သတိရ၏၊ထိုသူအား ကောင်းစားစေလို၏၊ထိုသူအတွက် မေတ္တာသက်ဝင်ကာ ထိုသူကောင်းစားမှုကို စိတ်ကူး၏၊ ထိုသူ ကျေးဇူးကို သတိရကာကျေးဇူးတင်ရှိနေ၏၊ထိုသူအားမေတ္တာ ပို့နေ၏၊ အဖြေကား မကြာမီ ထိုသူထံမှ သတင်း တခုခုကို ကြားရ၏၊ တခါတရံ လူချင်းတွေ့ရ၏၊ တခါတရံ ထိုသူထံမှ လက်ဆောင် တခုခု ရတတ်၏၊ ဤကား ဓာတ်သဘောမျှား ဖြစ်ကြ၏၊အလွန် ဆန်းကြယ်လှ၏၊စာအခြေခံရှိသူတို့ အတွက်ကား လွယ်ကူစွာ သဘောပေါက်နိုင်၏။

ထိုအတူပင် မိမိသိရှိသူ တယောက်အား သတိရပြီးကာ ထိုသူ့အပေါ်တွင်ရန်ပြုးဖွဲ့ကာ ထိုသူ့အပေါ်တွင် မကောင်းကြံစည် စိတ်ကူးပါက အထက်ပါ နည်းအတိုင်း ထိုသူကလည်း မိမိအပေါ်တွင် ထိုစိတ်မျိုး ဖြစ်ပေါ်လာ တတ်လေ

သည်၊ ဓာတ်တို့သည် ဤမျှ သာမန်လူတို့ မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်စွာ ဆက်သွယ်လျက်ရှိကြ၏။

လိပ်တို့သည် ဥများကို ဥကြသောအခါ သဲသောင်ပြင်သို့ တက်ကာ ဥကြ၏၊ ဥပြီးသည်နောက် ထိုနေရာသို့ လိပ်မကြီးသည် ပြန်မလာတော့ချေ၊ မိမိ သွေးသားဖြစ်သော ဥများကို ကား မိမိသည် ရေ၌နေစေကာမူ စွဲလန်းလျက်ရှိ၏၊ ရေပေါ်သို့ ခေါင်း ဖေါ်တိုင်း ဖေါ်တိုင်း မိမိဥများရှိရာသို့သာ ခေါင်းလှည့်၍ ပေါ်လေ့ရှိ၏၊ လိပ်မကြီးသည် တစုံတခုကြောင့် သေဆုံးခဲ့သော် ထိုသဲသောင်ပြင်၌ ဥ၍ထားရှိခဲ့သော လိပ်ဥတို့သည် အကောင်မပေါက်တော့ပြီ၊ အားလုံး ပုတ်၍ သွားကြကုန်တော့၏၊ အကယ်၍ မိခင် လိပ်မကြီး မသေပါက လိပ်ဥတို့သည် အကောင်ပေါက်ကြရကုန်၏၊ ထိုကိုရည်၍ ရှေးလူကြီးတို့သည် ငါတော့ မရောက်နိုင်ဘူးကွာ၊ လိပ်လိုဘဲ မေတ္တာပို့ရတော့၏ဟု ဆိုစမှတ်ရှိခဲ့၏၊ ထိုမျှ မေတ္တာဓာတ်သည် ကမ္ဘာလောကကြီးနှင့် ဆက်စပ်လျက်ရှိသည်ကို သတိပြုတော်မူကြကာ မေတ္တာရေစင်ကို နေ့စဉ်ဆွတ်ဖျန်းကာ နေအပ်လေတော့၏၊ လောကကြီးတခုလုံးသည် ပရမတ္ထအားဖြင့် ဓာတ်သက်သက်မျှသာ ဖြစ်ကြောင်းကို ရှေ့ဝိပဿနာဘာဝနာခန်းတွင် ထင်ရှားစွာ တွေ့ရှိရလတံ့။

မိမိကြောင့်
အများ ဒုက္ခမဖြစ်စေရ

မိမိအတွက် အများသူတို့ ဒုက္ခဆင်းရဲရောက်ခြင်းငှာ မဖြစ်စေအပ်၊ မိမိအတွက်ကြောင့်သာ အများလူထု ကောင်းစားမှု

ကို ရရှိအောင် နေထိုင်ပြောဆို စိတ်ကူးခြင်းကို ပြုရပေမည်၊ တနည်းဆိုသော် သစ်တပင်ကောင်းက ၄ကိတ်သောင်း နှားရ၏ ဟူ၍သာ ဖြစ်စေရာ၏၊ တယောတ်ချမ်းသာ ကိုယ့်ဘို့ရှာ သတ္တဝါအပေါင်း ဆင်းရဲကြောင်း မဖြစ်စေအပ်၊ မိမိတဦး အတွက် အများဒုက္ခရောက်ရပုံနှင့် မိမိတဦးအတွက် အများ သုခရှိပုံတို့ကို ဆိုဦးအုံ့။

ခေမာမင်းသျှီး

ဘုရားရှင်လက်ထက်တော်၌ "ခေမာ" အမည်ရှိသော မင်းသျှီးသည် အလွန် လှပတင့်တယ် ရှုချင်စဘွယ်ရှိ၏၊ လူမကနတ်သျှီးတမျှ လှပတင့်တယ်ဘွယ်ရှိရကား အရှယ်သို့ ရောက်လတ်သော် ဗိမ္ဗိသာရ မင်းကြီး၏ မိဖုရားကြီးဖြစ်လာ၏၊ ခေမာမိဖုရားသည် လှဂုဏ်ကိုးလျက် ဘုရားရှင်ထံသို့ မည်သည့် အခါမျှ မရောက်စဘူး၊ အခါတပါးတွင် မင်းကြီး၏ ပရိယာယ်ဖြင့် ခေမာမိဖုရားသည် ဘုရားရှင်ထံသို့ ရောက်လတ်သော် ဘုရားရှင်၏ တရားတော်ကိုနာရ၍ ဘိက္ခုနီမအဖြစ်သို့ ရောက်ရှိသွားတော့၏။

ထို ခေမာမိဖုရား၏ အကြောင်းသော်ကား ပဒုမုတ္တရ ဘုရားရှင်လက်ထက်၌ နန္ဒာ အမည်ရှိသော ဘိက္ခုနီမအား ဘုရားရှင်က မဟာပညာ တေဒဂ်ကို သနားတော်မူသည်ကို မြင်၍ ထိုဆုကိုတောင်းပြီး ကောင်းမှုကုသိုလ် အမျိုးမျိုးကို ပြုလုပ်ခဲ့၏။

ထိုမှတဖန် ကဿပဘုရား ပွင့်တော်မူသောအခါ ဘုရင်တပါး၏သမီး ဖြစ်လာ၏၊ ထိုစဉ်အခါက ဘုရားရှင်ထံ တရားအားထုတ်လို၍ ခွင့်တောင်းသော်လည်း ခွင့်မရခြင်းကြောင့် လူဝတ်နှင့်ပင် ကုသိုလ်ကောင်းမှုကို ပြုခဲ့ရ၏။

ထိုမှတဖန် ဂေါတမ ဘုရားရှင် လက်ထက်၌ သာဂလပြည်ရှိ မဒ္ဒရာဇ်မင်းကြီး၏ သမီးဖြစ်လာ၏၊ ထိုမင်းသွီးကို ဖွားသည့်အချိန်မှအစပြု၍သာဂလတိုင်းသူပြည်သားအပေါင်းတို့အား မကောင်းသော ဘေးဥပဒ်, စွဲကပ်သောရောဂါဟူသမျှတို့သည် ကင်းကွာ စင်ကြယ်လေရကား ထိုသို့သော အခြင်းအရာ ဘေးရောဂါ ကင်းကွာသည်ကို အစွဲပြု၍ ထိုမင်းသွီးအား "ခေမာ"ဟူသောအမည်ကို မှည့်ခေါ်ကြကုန်၏။

ဤ၌ ဆိုလိုရင်းကား ခေမာ မိဖုရားတဦး၏ ကောင်းမှုကြောင့် တတိုင်းပြည်လုံး အနာရောဂါ ဘေးကင်းကွာရပုံကို ပြလိုရင်းဖြစ်၏၊ ထိုသို့ပင် တဦးတယောက်ကြောင့် အများ ဒုက္ခရှိပုံကို သက်သေဆောင်ဦးအံ့။

လောသကတိဿ

အခါတပါးတွင် ရဟန်းတပါးသည် မိမိကျောင်း၌ ခေတ္တခဏမျှ တည်းခိုသော ရဟန်းအား ဤသာမဏေရတရား နှလုံးသွင်းမှားကာ မိမိကျောင်းတကာ၏ ဆွမ်းကျွေးသို့ ကြွရောက်ရန် အာဂန္တုရဟန်းအား ပင့်ဖိတ်သည်ကိုလည်း ပင့်ဆောင်၍ မသွား၊ ပြန်လာသောအခါ ကျောင်းတကာက အာဂန္တု

ရဟန်းအတွက် သဝိတ်တွင် ထည့်ပေးလိုက်သော ဆွမ်းများ ကိုလည်း လမ်းတွင် သွန်ပစ်ခဲ့၏။

ထိုပစ်မှုကြောင့် ကျောင်းထိုင် ရဟန်းသည် ဖြစ်ရာဘဝ၌ အဝတ်ဘဝ ဖြင့်သာ နေခဲ့ရ၏၊ နောက်ဆုံး ယခု ဘုရားရှင် လက်ထက်တော်၌ တံငါရွာတွင် မွေးဖွားရာ ၎င်းကိုမွေးသည့် နေ့ကစ၍ ငါးလုပ်ငန်းမှာ လုပ်ကိုင်၍ မရတော့ပြီ၊ ထိုသော အခါ ရွာကို တဝက် ခွဲ၍ ငါးဘမ်းရေးကို လုပ်ကိုင် ကြ၏၊ ၎င်း ခလေးငယ် ပါသောဘက်တွင် ငါးဘမ်း၍မရ၊ထိုမှတဖန် တဝက် ခွဲကြပြန်ရာ ၎င်းသူငယ် ပါသောဘက်တွင် ငါးမရ၊ ဤသို့လျှင် နောက်ဆုံး၌ ၎င်း သူငယ်၏ အိမ် တ အိမ် သာ ကျန်တော့၏။

ထိုသောအခါ မိဘတို့သည် ၎င်းသူငယ်ကြောင့် အာဟာ ရပင် ရှာဖွေမရနိုင်သဖြင့် ၎င်း သူငယ်အား အိမ်မှ စွန့်လွှတ် လိုက်ကြကုန်၏၊ ထိုအခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကြီးသည် ကျောင်းသို့ ခေါ်ဆောင်၍ သက်နှံးကို ဝတ်စေ၏၊ အမည် အားဖြင့် လောသက တိဿ ဖြစ်၏၊ ဆွမ်းခံစေ၏၊ ဆွမ်းခံ၍ ရသည်ဟူ၍ မရှိ၊ ရှင်သာရိ ပုတ္တရာ ကိုယ်တော် မြတ်သည် မိမိနှင့် အတူ လောသကတိဿအား လိုက်စေ၍ ဆွမ်းခံစေ၏၊ ထိုအခါ၌ကား လောသက တိဿ သာလျှင် ဆွမ်းမရသည် မဟုတ်၊ ရှင်သာရိ ပုတ္တရာ ကိုယ်တော်မြတ် ကြီးပင် ဆွမ်းခံ၍ ဆွမ်း မရတော့ချေ၊ ရှင်သာရိ ပုတ္တရာ ကိုယ်တော်မြတ် ကြီးသည် ဤသို့သော ခြင်းရာကို သိတော်

မှ၍ လောသက တိသဿားကြောင်းတွင်ထားခဲ့၍ ဆွမ်းခံမှ သာလျှင် ဆွမ်းရသည်ဟူ၏။

ဤ၌ သိသာတော် မူရန်ကား ခေမာ မိ ဖုရားသည် မိမိ ကုသိုလ် ကောင်းမှုကြောင့် လူအများ ကို သုခ ဖြစ်စေသို့ သကဲ့သို့ လောသကတိဿသည် မိမိအကုသိုလ်ဖြင့် လူအများ ကို ဒုက္ခဖြစ်စေ၏၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကြီးပင် ဆွမ်းခံ၍မရနိုင်၊ ထိုကြောင့် မိမိအတွက် အများသုခကို ရစေ အပ်၏၊ မိမိအတွက် အများဒုက္ခကို မဖြစ်စေအပ်၊ တနည်း ဆိုဦးအံ့။

ဝိသာခ မထေရ်

မေတ္တာ ဘာဝနာကြောင့် အများချမ်းသာ၍ နတ်များပင် အလေးအမြတ် ပြုရပုံကို ဝိသုဒ္ဓိမဂ်၌ လာသည်မှာ ဝိသာခ မထေရ်သည် ရဟန်း ပြုပြီးသည့်နောက် ကျောင်းတွင် မေတ္တာ ဘာဝနာကို ပွားများ၏၊ ၄-လ ကြာသော် စိတ္တလ တောင် ကျောင်သို့ သွားရောက် သီတင်းသုံးရန် ကျောင်းမှထွက်ခဲ့၏။

လမ်းတွင် လမ်း ၂-သွယ်ကိုတွေ့၍ အာဘယ်လမ်းသို့ သွားရမည်မသိ၍ ရပ်တန့်နေစဉ်၊ နတ်တို့သည် ဤလမ်းဖြင့် စိတ္တလတောင်သို့ ရောက်ပါသည်ဘုရားဟု ညွှန်ပြကြကုန်၏၊ ဝိသာခ မထေရ်သည် စိတ္တလတောင် ကျောင်းတွင် မေတ္တာ ဘာဝနာကို ပွားများကာ နေပြီးနောက် ၄-လစေ့သောအခါ အခြားဒေသသို့ ပြောင်းရွှေ့မည်ပြု၏။

ထိုအခါ နတ်သား တဦးသည် ဝိသာခ မထေရ်မြတ်ထံ လာရောက် ပြီးလျှင် ငိုကြွေး၏၊ ထိုအခါ မထေရ် မြတ်က အကြောင်းအသို့နည်းဟု မေးမြန်းသောအခါ အရှင်သူမြတ် အကျွန်ုပ်ကား သပြေပင်စောင့် နတ် ဖြစ်ပါသည် ဘုရား၊ အရှင်ဘုရားသည် မေတ္တာပို့ခြင်းကိစ္စကို ပြုပါသဖြင့် တပည့်တော်တို့ နေရာ တောင်တခုလုံး အရှင်ဘုရား၏ မေတ္တာကို ခံယူရသဖြင့် သတ္တဝါ အပေါင်းတို့သည် ကြီးနိုင် ငယ်ညှင်းဆဲ မပြုကုန်ပါ ဘုရား၊ အရှင်ဘုရား မရှိပါက ဤအရပ် ဒေသရှိ သတ္တဝါအပေါင်း ဆင်းရဲဒုက္ခ ရောက်ကြောင်း ဖြစ်ရပါတော့မည် ဘုရား ဟု လျှောက်ထား သဖြင့် မထေရ် မြတ်သည် ထိုနှစ်တွင် မကြွသွားဖြစ်တော့ချေ။

ရှေးဝါကျွတ်လတ်သော် ပြောင်းရွှေ့ရန် ပြင်ဆင်သော်လည်း ယခင်ကကဲ့သို့ပင် နတ်တို့ လျှောက်ထား တောင်းပန်မှုကြောင့်အခြားဒေသသို့ မပြောင်းရွှေ့နိုင်တော့ဘဲ ထိုတောင်ကျောင်း၌ပင် ပရိနိဗ္ဗာန် ပြုတော်မူရှာ ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် လာရှိ၏။

ဤသို့လျှင် မိမိ ရှိသည့်အတွက် အများ သုခချမ်းသာ ရရှိကြပါစေ၊ အနည်းဆုံး မိမိအတွက် သူတပါး စိတ်ဒုက္ခရောက်ခြင်းကို မဖြစ်စေသင့်၊ ထိုမှတပါး မေတ္တာရေစင်သည် မိမိနှင့် တကွ သတ္တဝါ အများအား ချမ်းသာစေသဖြင့် မေတ္တာပို့ခြင်းကို နေ့စဉ် ညတိုင်း အားထုတ် ကြိုးစား ပွားများတော်မူပါလေ၊ နတ်တို့ ကြည်ညိုလေးစားခြင်းခံရ၏၊ နတ်တို့ချစ်ခင်၏၊ လူချစ်လူခင် ပေါ၏၊ မိမိဒုက္ခရောက်လျှင် မမျှော်လင့်သော နေရာမှ အကူအညီရ၏၊ နောက်နောက်ဘဝများစွာက အကု

သိုလ် နှိပ်စက် လိုသော် အနည်းငယ် မျှသာ နှိပ်စက် နိုင်၏၊ အနည်းငယ်ဆိုလျှင် ပပျောက် သွားတော့၏၊ ရစရာ လာဘ် လာဘရှိလျှင် လျင်မြန်စွာ ရရှိ၏၊ နည်းနည်း ရရှိမည့် လာဘ် လာဘမှာ များများရရှိစေ၏၊ များစွာရရှိမည့် လာဘ်လာဘ မှာကား တိုးတက် များပြားလာစေ၏၊ ထိုကြောင့် အခြား အကုသိုလ် စိတ်များကို စိတ်ကူးနေမည့်အစား မပင်ပန်းဘဲ သက်သက် သာသာနှင့် ရရှိသော အလွန် အဘိုးထိုက်တန် လှသော အကျိုးပေးကို ဖြစ်စေသော မေတ္တာ ပို့သခြင်းကို ပွားများနေကြပါကုန်။

ဒေါသမထွက်ရ

မေတ္တာစိတ်ထားရပုံ၊ရန်သူကိုပင်လျှင် သည်းခံရပုံ၊ တဆင့် တက်ကာ ဖေါ်ပြဦးအံ့၊ ဘုရားရှင်သည် မိမိအား နှိုင်ထက် စီးနင်း ပြုကျင့်နေသူကိုပင် ပြန်၍ ဒေါသ မထွက်ရ၊ ဒေါသ ထွက်၍ မေတ္တာ စိတ်ကင်းသော် အပြစ်မှုမလွတ်ရ ပုံကို အောက်ပါအတိုင်း ဟောတော်မူခဲ့၏။

ဥဘတော ဒဏ္ဍကေန စေပိ
ဘိက္ခဝေ ကကစေန စောရာ
သြစရကာ အင်္ဂမင်္ဂါနိ
သြကွန်နေယျုံ၊တတြပိ
ယော မနောပဒေါသေယျ
နမေ သော တေန သာသနံ ကရောတိ။

(မူလပဏ္ဏာသပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ သြစရကာ အယုတ်ကို ကျင့်တတ်ကုန်သော၊ စောရာ၊ ခိုးသူတို့သည်။ ဥဘတော ဒဏ္ဍကေန၊ နှစ်ဘက် လက်ကိုင်ရိုး တပ်ထား သော။ ကကစေနပိ၊ လွှဖြင့်လည်း။အင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ စေသြဏ္ဍနေ ယျုံ၊ အကယ်၍ တိုက်ဖြတ် ကုန်သည် ဖြစ်အုံ့။ တတြပိ၊ ထိုအရိုး တပ်ထားသောလွှဖြင့် အင်္ဂါ ကြီးငယ်တို့ကို တိုက်ဖြတ်သော သူတို့၌လည်း။ စေမနောပဒေါသယျ၊ စိတ်ဖြင့် ပြစ်မှားခြားအုံ့။သော၊ထိုစိတ်ဖြင့် ပြစ်မှားသော ပုဂ္ဂိုလ်သည်။ ဒေန၊ထိုအမျက်ထွက်ခြင်းဖြင့်။ မေ၊ ငါဘုရား၏။ သာသနံ၊ အဆုံးအမ သြဝါဒတော်ကို။ နကရောတိ၊ လိုက်နာသည်မ မည်။

ဤသို့ ဘုရားရှင်သည် မူလပဏ္ဏာသ ပါဠိတော်၊ ကကနုပမ သုတ်တွင် ဟောတော်မူ၏၊ ဤ၌လောက တရားရုံးများ၌ သူက မိမိကို ရိုက်နှက်ခြင်းကြောင့် မိမိက ခုခံသော် အပြစ်မရှိနိုင်ဟု ဆိုမည် ဖြစ်သော်လည်း ဘုရားရှင်၏ တရားတော်၌ကား မည်သည့် အကြောင်းကြောင့် ဖြစ်စေ၊ ဒေါသထွက်လျှင် အပြစ်မှ မလွတ်ကင်းချေ။

ဗုဒ္ဓဘာသာ ဘုရားရှင်၏ တရားတော် များသည် အထက်ပိုင်းသို့ ရောက်လေ ခက်ခဲ နက်နဲလေဖြစ်၏၊ အထက်တန်းသို့ ရောက်ရှိလာသောအခါ သာမန်ပုဂ္ဂိုလ်တို့ ဉာဏ်ကျက်စားရာ မဟုတ်တော့ပြီ။

သုခ ဝေဒနာကို တွေ့ရှိ ခံစား လိုက်ရလျှင် ကောင်း၏။ ကြိုက်နှစ်သက်၍ ထပ်ခါထပ်ခါ ခံစား၏ ထပ်ခါ ထပ်ခါ

သုခဝေဒနာကို ခံစားမှုကြောင့် ရာဂါနုသယသည် ထပ်ခါထပ်ခါ ကိန်းဝပ်တော့၏၊ ရာဂါနုသယ ထပ်ခါထပ်ခါ ကိန်းဝပ်လေလေ တမဂ် တဖိုလ်နှင့် ဝေးလေလေ ဖြစ်၏၊ တမဂ်တဖိုလ်နှင့် ဝေးလေလေ အပါယ် ၄-ပါး အစာနှင့် နီးလေလေ ဖြစ်လေ၏။

ထိုအတူ ဒုက္ခဝေဒနာနှင့်တွေ့လျှင် မကြိုက် မနှစ်သက်နိုင်၊ မကြိုက်မနှစ်သက်သဖြင့် ဒေါသဖြစ်၏၊ ဒေါသ ဖြစ်လေလေ ပဋိဃာနုသယ ကိန်းဝပ်လေလေ၊ ပဋိဃာနုသယ ကိန်းဝပ်လေလေ တမဂ် တဖိုလ်နှင့် ဝေးလေလေ၊ တမဂ် တဖိုလ်နှင့် ဝေးလေလေ အပါယ် ၄-ပါးအစာနှင့်နီးလေလေဖြစ်တော့၏။

သုခလည်း မဟုတ်၊ ဒုက္ခလည်း မဟုတ် အမှုမဲ့ အမှတ်မဲ့ နေလိုက်ပြန်လျှင်လည်း လောဘ ဒေါသ မောဟတို့တွင် မောဟ ဖြစ်ကာ အဝိဇ္ဇာ နုသယသည် ကိန်းဝပ် တော့၏၊ အဝိဇ္ဇာ နုသယ ကိန်းဝပ်လေလေ တမဂ် တဖိုလ် ရရှိရေးနှင့် ဝေးလေလေ ဖြစ်တော့၏၊ တမဂ် တဖိုလ်နှင့် ဝေးလေလေ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံနှင့် နီးလေလေ ဖြစ်တော့၏၊ ရှေ့ဝိပဿနာ ဘာဝနာ ခဏ်းတွင် ပို၍ ထင်ရှားလာလတ္တံ့။

မေတ္တာပို့

ပါဠိတော်လာ မေတ္တာပို့နည်းတို့ကို ယခုခေတ် ပုဂ္ဂိုလ် အသီးသီးတို့အတွက် သင့်လျော်သော ခုဒ္ဒကပါဋ္ဌ ပါဠိတော် သုတ္တနိပါတ်၌ လာသော မေတ္တာပို့နည်းကို ဖော်ပြပေအုံ့။

No. 7

မေတ္တာပို့ရန်ကား-အောက်ပါ ပါဠိတော် ၂-ကြောင်းကို အနက် အဓိပ္ပါယ်ကို သေချာစွာ သိရှိပြီးလျှင် အရှေ့အရပ်သို့ ၁၀၀-လုံးရှိသော ပုတီးတပတ် မေတ္တာပို့တော်မူပါ၊အာရုံကို အခြားသို့ မပြန့်လွင့်စေဘဲ သတ္တဝါ အနန္တ၏ ကျန်းမာမှု၊ ချမ်းသာမှုကိုသာ အာရုံစိုက်၍ မေတ္တာပို့ပါ။

ထိုနောက် တောင်အရပ်၊ ထိုနောက် အနောက်အရပ်၊ ထိုနောက် မြောက်အရပ်၊အရပ်၄-မျက်နှာကို တမျက်နှာတွင် ပုတီးတပတ်ကျစီ မေတ္တာပို့တော်မူပါ။

ထိုသို့ နိုင်နင်း လာသောအခါ အရပ်ရှစ် (၈)မျက်နှာသို့ ယခင်နည်းအတိုင်း မေတ္တာပို့ပါ၊ ထိုနောက် ၅-ရက် ၁၀-ရက် ကြာလတ်သော် အထက် အရပ် အောက် အရပ်ပါ ထည့်သွင်းကာ အရပ် (၁၀) ဆယ် မျက်နှာကို ယခင်နည်း အတိုင်း မေတ္တာပို့ပါလေ။

မေတ္တာကို ပို၍ စူးရှ ခရီးရောက်စေလိုမှု မေတ္တာမပို့မီ (၅) ပါးသီလကို ခံယူဆောက်တည်၍ (၅) ပါးသီလ မြဲသူအား ပို၍ မေတ္တာတန်ခိုး လေးနက် စူးရှ၏၊ ကြီးသော အာနိသင်ကို ဆောင်၏၊ ထိုပုဂ္ဂိုလ်အား အထက်ပါ မေတ္တာ အကျိုး (၁၁) ပါးသည် တနေ့တခြား ပြည့်စုံကြီးမား၍ လာတော့၏၊ ရက်ပေါင်း လပေါင်း ကြာလတ်သော်- ထိုမေတ္တာပို့ ပါဠိတော် ၂-ကြောင်းကို ပုတီး ၃-ပတ်မျှ ရေမန်းသဘွယ် ရေကိုမန်းမှုတ်ကာ ဘေးဒုက္ခ ရောက်သူအား

တိုက်သော် ဘေးဒုက္ခပျောက်သည်လည်းမည်၏၊မယုံမရှိအပ်၊ အာသေဝန ပစ္စည်းရှိသော စိတ်ဓာတ် မေတ္တာ သတ္တိသည် ကြီးစွာသော တန်ခိုးအာနိသင်ကို ဆောင်၏၊ ပို့ရန် မေတ္တာ သုတ်တွင်လာရှိသော ပါဠိတော် ၂-ကြောင်းကား-

သုခိနော၀ါ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘ၀န္တု၊ သုခိတတ္တာ။

သဗ္ဗသတ္တာ၊ ခပ်သိမ်းကုန်သော သတ္တ၀ါတို့သည်။ သုခိနော၀ါ၊ ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ခေမိနော၀ါ၊ ဘေးရန်မရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခိတတ္တာ၊ ချမ်းသာသော ကိုယ်စိတ် ရှိကြကုန်သည်လည်း။ ဘ၀န္တု၊ ဖြစ်ကြပါစေကုန်သတည်း။ (ပရိတ်ကြီး မေတ္တာသုတ် ၌လည်း လာရှိ၏။)

ဤ၌ ပါဠိတော်ကို ဗမာလိုသဘောပေါက်ကာ အဓိပ္ပါယ်ကို နိုင်နင်းစွာ သိရှိထားရပေမည်၊ ပါဠိတော်ကို မကျက်နိုင်၊ အချိန်မရ၊ အသက်အရွယ် ကြီးမားလာသော ပုဂ္ဂိုလ်များအတွက် အထက်တွင် ဖော်ပြပါရှိသော ပါဠိတော် ၂-ကြောင်းသည် များသည် မဟုတ်ပေ၊ သို့သော် လေ့လာပွားများ မေတ္တာပို့သပါ များလတ်သော် ပြန်လည်ရရှိ ခံစားရမည့် အ

ကျိုးကား ဒါနအကျိုး သီလအကျိုးတို့ထက် အာနိသင် ထက်သန်လှပေ၏။

မေတ္တာဘာဝနာ ပွားရာ၌ ပါဠိတော် နည်းသည်, များသည်ထက် အာရုံကို အခြားတပါးသို့ မလွှင့်စေဘဲ သတ္တဝါအနန္တ အပေါ်တွင် သမာဓိ တည် ကြည် စွာဖြင့် တကယ်စေတနာ အစစ်အမှန်ထား၍ ပွားများခြင်းသည်သာ ပဓာနဖြစ်၏၊ မေတ္တာ စေတနာ အစစ်အမှန် ထားရန်ကား မေတ္တာသုတ်တွင်လာသော အောက်ပါ ပါဠိတော်သဘော သဘာဝကို ရမိအောင် စေတနာထားရပေမည်၊ ပါဠိတော်လာရှိသည်မှာ-

မာတာ ယထာ နိယံပုတ္တ
မာယုသာ ဧက, ပုတ္တ မနုရက္ခေ
ဧवံပိ သဗ္ဗဘူတေသု
မာနသံ ဘာဝယေ အပရိမာဏံ။

မာတာ၊ အမိသည်။ နိယံပုတ္တံ၊ မိမိကို မှီ၍ ဖြစ်သော။ ဧကပုတ္တံ၊ တယောက်ထည်းသော သားကို။ အာယုသာ၊ အသက်ကြောင့်။ အနုရက္ခေယထာ၊ အစဉ် စောင့် ရှောက် ဘိသကဲ့သို့။ ဧवံပိ၊ ထိုအတူပင်။ သဗ္ဗဘူတေသု၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၌။ အပရိမာဏံ၊ အတိုင်းအရှည်မရှိသော။ မာနသံ၊ မေတ္တာစိတ်ကို။ ဘာဝယေ၊ ပွားစေရာ၏။

အထက်ပါ ပါဠိတော်အရ ဘုရားရှင် မိန့်တော်မူလိုရင်းကား တယောက်ထည်းမျှသာ ရှိသောသားကို မိခင်သည် လွန်စွာ ချစ်ခင်မြတ်နိုး စောင့်ရှောက် ဘိသကဲ့သို့ သတ္တဝါအနန္တအပေါ်တွင် မေတ္တာသက်ဝင် ချစ်ခင်ကာ တကယ့်စေတနာဖြင့် မေတ္တာပို့သ ပွားများရာ၏၊အချိန်ပင် တိုတောင်းလှသော်လည်း လေးနက်သော စေတနာထားနိုင်လျှင် ကြီးစွာသော အကျိုးအာနိသင်ကို ရရှိသည်သာတည်း၊ တနည်း ပါဠိတော်လာ ဘုရားရှင် ဟောတော်မူအပ်သော "သာမုတ္တိသိက" ဒေသနာ မေတ္တာပို့မှာ အောက်ပါအတိုင်းပင်-

သဗ္ဗေ သတ္တာ သဗ္ဗေပါဏာ
သဗ္ဗေ ဘူတာစ ကေဝလာ
သဗ္ဗေ ဘဒြာနိ ပသဿန္တု
မာကိဉ္စိ ပါပ, မာဂမာ

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။သတ္တာ၊ သတ္တဝါတို့သည်ရင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏာ၊ ထွက်သက် ဝင်သက် ရှိကုန်သော သတ္တဝါတို့သည်ရင်း။ကေဝလာ၊ အကြွင်းမရှိကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘူတာစ၊ ထင်ရှားဖြစ်သော သတ္တဝါတို့သည်ရင်း။ သဗ္ဗေ သဗ္ဗာနိ၊ ခပ် သိမ်း ကုန်သော။ ဘဒြာနိ၊ ကောင်းမြတ်သော အမြင်တို့ကို။ ပသဿန္တု၊ မြင်စေကုန်သတည်း။ ကိဉ္စိ၊ တစိုးတစိ အနည်းငယ်မျှ။ ပါပံ၊ မကောင်းမှုသို့။ မာအာဂမာ၊ မ ရောက် စေ ကုန် သ တည်း။ ဤပါဠိတော်ကို လွယ်ကူစွာ အလိုရှိမှု ပရိတ်ကြီးခန္ဓသုတ်တွင်

ကွေ့ရှိနိုင်၍ ကျမ်းရင်းကိုအလိုရှိမူ အင်္ဂတ္တိုရပါဠိတော် စတုက နိပါတ် ပဏ္ဍိတမွေဝင်ခ္ခလည်း လာရှိ၏။

ဤခ္ခ အချိန်ရှိသူတို့သည် မေတ္တာပွားများပုံနှင့် သဘာဝကို ရရှိရန် ဝိသုဒ္ဓိမဂ် အဋ္ဌကထာခ္ခ လာသော ပြဟ္မဝိဟာရ နိဒ္ဒေသပိုင်းကို ဘတ်ရှုအပ်၏။

လူမိုက်ကို သနားပါ

ထိုမှတပါး အကြင် သူတော်ကောင်းအား ဥပမာ တခု ပြုကာ သဘာဝကို ပြရသော် တစုံတယောက်သော သူသည် အင်္ဂါမစုံ, မျက်စိကန်းနေ၏၊ ထိုသူကို သနားကရုဏာ ပြုကြရ ကုန်၏၊ ထိုအတူ တစုံတယောက်သောသူသည် နားပင်းနေ၏၊ ထိုသူအား သနားကြကုန်၏၊ ထိုအတူ တစုံတယောက် သော သူသည် ခြေကျိုးနေ၏၊ ထိုသူအား သနားကြကုန်၏။

ဤနည်းတူစွာ ပင်လျှင် တ စုံ တ ယောက် သော သူသည် သိ အပ် ၊ သော လူ တို့ ၏ တရား ကောင်း တ ရား မြ တ် ကို မသိရှာ၍ မိမိအပေါ်တွင် နှိုင် ထ က် စီးနင်း ပြုလုပ်ပါက ဝါ-တဦးတယောက် အပေါ်တွင် မတရားပြုကျင့်ပါက ထိုသူ မိုက်အား အထက်တွင် အင်္ဂါမစုံသူတို့ကို သနားကရုဏာရှိဘိ သကဲ့သို့၊ ဤသူအားလည်း ဩော်- တရားစစ် တရားမှန်ကို ဘာမျှမသိရှာသူ ပါတကား၊ အသိဉာဏ် ပညာချို့ယွင်းနေသူ ပါတကားဟု သနားကရုဏာ ပြုအပ်သည်ကို အထူး သတိပြု

တော် မူပါလေ၊ ဤသို့သဘော မထားပါက မိမိ ကိုယ် သို့ အကုသိုလ်ကူးစက်ဝင်ရောက် ကိန်းအောင်းတတ်၏။

ထိုမျှမက သူတော်ကောင်း ပညာရှိတို့ သတိ ပြုအပ် ပြန်သည်မှာ ထိုသူ၏ အမှားကို မိမိက တဖန် ထပ်မံ မှားပြန်သဖြင့် ထိုသူ၏ ပဌမအမှားကို ပြင်သည် မမည်ချေ၊ ပို၍ပင် နစ်နာရပြန်လေသည်၊ ပဌမ အမှားတွင် ဒုတိယ အမှားဆင့်သည်မည်၏၊ သူတပါး၏ အမှား အကုသိုလ်ကို မိမိဝင်ရောက်စွက်ဖက်ကာ အမွေခံခြင်းကို မဖြစ်စေသင့်၊ ထိုမှတပါး ပါဠိတော်လာ မေတ္တာအကျိုး အာနိသင်ကို ဖော်ပြဦးအံ့။

မာဃမေတ္တာ

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ

ဓမ္မော၊ ကောင်းစွာ ကျင့်အပ်သော ကုသိုလ်တရားသည်။ ဓမ္မစာရီ၊ ကုသိုလ်တရားကို ကျင့်သောသူကို။ ဟဝေ၊ စင်စစ်အားဖြင့်။ ရက္ခတိ၊ စောင့်ရှောက်၏။ ဟူသည်နှင့်အညီ အမျှားနားလည်ပြီး ဖြစ်သော ဥပမာတခုကို အတိုချုပ် သဘောဖြင့် ဆောင်ရသော် အခါတပါးတွင် သုံးကျိပ်,သုံးယောက်သော ယောကျ်ားတို့သည် အမျှားကောင်းစားရေးကိုရှုမျှော်ခြင်းနှင့် မိမိတို့ ကုသိုလ် ရရှိရေးအတွက် လမ်းများကို သန့်ရှင်းအောင် ပြုပြင်ပေးနေကြကုန်၏။

ထိုအခါ မြို့စားသည် ဤသို့ အကြံဖြစ်၏၊ ဤလူတို့သည် အကျိုးမရှိသော အလုပ်ကို လုပ်လျက် ရှိနေကြ၏၊ ထိုကြောင့်

ရင်းတို့ကို ပြောဆိုသည်မှာ အမောင်တို့, ဤသို့ ပြုခြင်းထက် တောတွင် သွားကာ သမင်, ဂျိုင်းယ်တို့ကို ဘမ်းပါက ငါတို့ အားလုံးကုန် ဟင်းကောင်းကို စားရနိုင်၏၊ ထိုကြောင့် ဤ လမ်းပြင်မှုကို စွန့်၍ မိမိတို့ အကျိုးရှိမည့် အမဲလိုက်ခြင်းကို ပြုကြကုန်ဟု ဆို၏။

လမ်းပြင် လုလင်ပျိုတို့ကား သဘော မတူကြချေ၊ ထိုသို့ မြှိုစားသည် ထပ်ခါထပ်ခါ ပြောဆိုသော်လည်း မရဖြစ်၏။

ထိုအခါ မြှိုစားသည် ယုတ်မာသော အကြံဖြင့် မင်းကြီး အား တိုင်ကြား၏၊ အဘယ်သို့ တိုင်ကြားသနည်းဆိုမူ ဤမည် သောနေရာတွင် လုလင်တစုတို့သည် ပုန်ကန်ထကြွရန် လုံ့လ ပြုလျက်ရှိ၏ ဟု တိုင်ကြား၏၊ ထိုအခါ မင်းကြီးသည် မစုံစမ်း မစစ်ဆေးဘဲ ထိုပုန်ကန်မည် ဖြစ်သော သူတို့အား ဘမ်း၍ ဆင်ဖြင့် နင်းစေဟု အမိန့်ပေး၏။

ဆိုသည်အတိုင်း လုလင် သုံးကျိပ်, သုံးယောက် တို့အား ဘမ်း၍ ဆင်နှင့် နင်းစေ၏၊ ထိုအခါ ခေါင်းဆောင်ပြုလုပ်သူ က အို-အချင်းတို့....ငါတို့၌ကား တရားမှတပါး ကိုးကွယ်ရာ မရှိပြီ၊ ငါတို့သည် မြှိုစားအားရင်း, မင်းကြီးအားရင်း, ဆင် အားရင်း ဒေါသမထွက်မူ၍ မေတ္တာဘာဝနာကို ပွားကြကုန် လော့ဟု ဆို၍ အားလုံးကုန်သော လုလင်တို့သည် မေတ္တာ စိတ်ကို ပွားကြ လွှတ်ကြကုန်၏၊ ထိုသောအခါ မေတ္တာ၏ အာနိသင်ကြောင့် ဆင်သည် မနင်းရုံမျှမက လုလင် သုံးကျိပ်, သုံးယောက်တို့၏ အနီးသို့ပင် ချဉ်းကပ်ခြင်း မပြုလေ။

ထိုသို့သော အခြင်းအရာကို မင်းကြီးအား ပြန်၍လျှောက်ကြားပြန်သော် မင်းကြီးသည် လုလင်တို့အား ဖျာ တို့ ဖြင့် ဖုံးအုပ်ထားကာ ဆင်ဖြင့် နင်းစေ ဟု အမိန့်ပေး ပြန်လေ၏၊ ယင်းသို့ ဖျာဖုံးထားကာ နင်းစေသော်လည်း ဆင်သည်မနင်းဘဲ ရှိပြန်၏။

ထိုအခါ မင်းကြီးသည် ဤသို့သော ဖြစ်ခြင်းမှာ ထူးလှ၏ ဟုဆိုကာ သုံးကျိပ်, သုံးယောက်သော လုလင်တို့အားခေါ်၍ အကြောင်းခြင်းရာကိုမေး၏၊ထိုအခါလုလင်ပျိုတို့က မှန်သည့် အတိုင်းပြန်၍ လျှောက်ထားကုန်၏။

ထိုအခါမင်းကြီးသည် မိမိမစုံစမ်းဘဲပြုမိသည်ကို နောင်တကြီးစွာ ရသည်ဟူ၏၊ လုလင် သုံးကျိပ်, သုံးယောက်တို့အား ဆင်ပေါ်၌ တင်၍ မြို့ကိုလှည့်လည်စေ၏၊ မြို့စားကို ရာထူးမှ ဖြုတ်၍ လုလင်ပျိုတို့၏အခိုင်းအစေဖြစ်စေ၏၊ဤကား အများသိလျက်ရှိသော သိကြားမာဃ၏ ဝတ္ထုကြောင်းပေတည်း။

ထိုမျှမကသေး တရားကို စောင့်ရှောက်သဖြင့် တရားကထင်ရှားစွာပြန်လည်စောင့်ရှောက်ပုံကို အများသိပြီးဖြစ်သော သက်သေ သာဓကတခုကို အတိုချုပ်အားဖြင့်ဆက်၍ပြဦးအံ့။

သိကြားမင်း၏ မေတ္တာ

အခါတပါး၌ အသုရာတို့သည် သိကြားနှင့် စစ်ထိုးကြကုန်၏၊ အသုရာတို့သည် စစ်နိုင်၏၊ သိကြားမင်းသည် မာတလိ နတ်သား နှင့် ရှောင်တိမ်း ပြေးသွားခြင်းကို ပြုရ၏၊

ထိုသောအခါ လက်ပံတောသို့ ရောက်ရှိသော် ဂဠုန်ဌက်တို့၏ အသိုက်ပြုကာ နေသည်ကို သိမြင်၏၊ ထိုအခါ သိကြားမင်းသည် မိမိ၏ ရထားအဟုန်ဖြင့် ဂဠုန်ဌက်များ သေကြေပျက်စီးမည်ကို မြင်၍ မာတလိနတ်သားအား သိန္ဒောရထားကို ရွှေ့ဂဠုန်ဌက်သိုက်များရှိရာသို့ ဆက်လက်မမောင်းစေဘဲ နောက်သို့ ပြန်လည် ဦးလှည့်ကာ မောင်းစေ၏။

ယင်းသောအခါ မာတလိ နတ်သားက ဆိုသည်မှာ နောက်မှ ရန်သူ အသုရာတို့သည် လိုက်လျက် ရှိပါကုန်၏၊ ထိုကြောင့် နောက်သို့ ပြန်လှည့် ခြင်းငှာ မသင့်ဟု ဆို၏၊ ထိုအခါ သိကြားမင်းက ဆိုသည်မှာ-

ကုလာဝကာ မာတလိ သိမ္မလိသ္မိံ၊
ဤသာမုခေန ပရိဝဇ္ဇယသု။
ကာမဇ္ဇောမ အသုရေသု ပါဏံ၊
မာယိမေဒိဇာ ဝိကုလာဝါ အဟေသုန္တိ။

(သဂါထာ သဂ္ဂသံယုတ် ပါဠိတော်)

မာတလိ၊ အချင်းမာတလိ။ သိမ္မလိသ္မိံ။ လက်ပန်တောဌ၊ ကုလာဝကာ။ဂဠုန်ဌက်တို့၏ အသိုက်တို့သည်။ သန္တိ။ ရှိကုန်၏။ တံ။ ထိုလက်ပန်တောကို။ ဤသာမုခေန၊ ရထားဦးသည်။ ပရိဝဇ္ဇယသု၊ လှည့်စေလော့။ မယံ၊ ငါတို့သည်။ အသုရေသု၊ အသုရာတို့၏ လက်တို့၌။ ပါဏံ၊ အသက်ကို။ ကာမံ၊ စင်စစ်။ စဇောမ၊ စွန့်ကုန်အံ့။ ဣမေဒိဇာ၊ ဤဂဠုန်ဌက်တို့သည်။

ဝိကုလာ၀ါ၊ အသိုက်မှကင်းကုန်သည် (ပျက်စီး ကုန်သည်။) မာအဟေသုံ၊ မဖြစ်စေကုန်လင့်။ ဤသို့ သိကြားမင်းသည် မိမိ သိကြား၏ စည်းစိမ်နှင့်အသက်ကို ဂဠုန်ဂက်တို့၏အသက်နှင့် လဲလှယ်၍ တရားကို စောင့်ရှောက်၏။

ဤ၌ တရားက ပြန်လည် စောင့်ရှောက် ပုံကား ပြော၍ မယုံကြည်နိုင်လောက်အောင် ထူးဆန်းတော့၏၊ အကြောင်း သော်ကား ယင်းသို့ သိကြားမင်းသည် ၄က်တို့၏ အပေါ်၌ မေတ္တာထားကာ ရထားဦးကို ပြန်လည် လှည့်လိုက်သည်နှင့် တပြိုင်နက် နောက်မှ လိုက်လာ ကြကုန်သော အသုရာ တို့၏ စိတ်၌ ဖြစ်ပေါ်လာကြသည်မှာ သိကြားသည် စစ်သည်အင် အား အကူအညီများ ရောက်ရှိလာ၍ ငါတို့အား ပြန်စစ်ထိုး ချေပြီ တကားဟု ယူဆကာ အသုရာ စစ်သည်တို့သည် ဆုတ် ယုတ် ထွက်ပြေးကြကုန်၏၊ ဤကား တရားကို စောင့်ရှောက် ခြင်းကြောင့် တရားက ဒိဋ္ဌမမ္မပြန်လည်စောင့်ရှောက်ပုံဖြစ်၏၊ တနည်း မေတ္တာဓာတ်ကြောင့် ဒိဋ္ဌမမ္မ အကျိုးပေးပုံကို အများ ကြားဘူးနားဝ ဖြစ်သော ဥပမာကို ဆောင်ဦးအံ့။

သူဌေးသမီး ဥတ္တရာ

ရှင်တော်ဘုရား လက်ထက်တော်၌ သူဌေးသမီးဖြစ်သော ဥတ္တရာ သတ္တိသမီးသည် မိဘတို့ တာဝန်ချထားသဖြင့် မိန်းခွာ အယူရှိသော ရာဇဂြိုဟ် သူဌေးသားနှင့် အိမ်ထောင်ပြုရရှာ၏၊ အိမ်ထောင်ကျသည့်နေ့မှ အစပြု၍ သူဌေးသမီး ဥတ္တရာသည်

ဥပုသ်ဆောက်တည်ခြင်း၊ ဘုရားရှင်အား ဆွမ်းလုပ်ကျွေးခြင်း၊ အခွင့်ကို မရရှိတော့ပေ။

ထိုအခါ တနေ့သ၌ သူဌေးသမီး ဥတ္တရာသည် အလွန်အဆင်း လှပသော ပြည့်တန်ဆာမ သိရိမာကို တနေ့လျှင် အသပြာ တထောင်ပေး၍ မိမိနေရာတွင် ယူကာ ၁၅-ရက် တာမျှ မိမိ၏ လင်ယောကျ်ားအား ပြုစု လုပ်ကျွေးရန် စီမံ၏။

သူဌေးသားလည်း သိရိမာ၏ လှပတင့်တယ်ကြည့်ရှုဘွယ် ဖြစ်သော အဆင်းကို မြင်ရသဖြင့် ဥတ္တရာ၏ စီမံချက်ကို သဘောတူ လက်ခံလိုက်လေ၏၊ ထိုနေ့မှအစပြု၍ ဥတ္တရာသည် မြတ်စွာ ဘုရားအား ဆွမ်းလုပ်ကျွေးခြင်း၊ မြတ်စွာ ဘုရား၏ တရား တော်ကို နာကြားခြင်း တို့ကို ပြုလုပ်ကာ နေလေတော့၏။

တနေ့သောအခါ ဥတ္တရာသည် သူဌေးထံပြန်လာမည်ကို စိုးရိမ်ပူပန်မိသော ခေတ္တ သူဌေးကတော် သိရိမာသည် ဥတ္တရာ၏ ဦးခေါင်းထက်သို့ ဆီပူနှင့်လောင်းရန် စဗိုအိမ်သို့ဝင်၍ ကျိုက်ကျိုက်ဆူသော ဆီပူကို ခပ်ယူလျက်ရှိ၏။

ထိုအချင်းအရာကိုမြင်သော သူဌေးသမီး ဥတ္တရာသည်၊ ဤသို့သော မွန်မြတ်သောစိတ်ကို ဖြစ်ပေါ်စေ၏၊ သြော်.... ဤသိရိမာ ရှိပေ၍သာ ငါသည် ဤကဲ့သို့ မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးနိုင် ရပေ၏၊ မြတ်စွာဘုရားရှင်၏ တရားတော် မြတ်ကို နာကြားရပေ၏၊ အမှန်ဆိုသော် သိရိမာ၏ ကျေးဇူး

သည် ကြီးမားလှပေ၏၊ အဘယ်မျှ ကြီးမား ပါသနည်းဆိုမူ၊ စကြဝဠာသည် ကျဉ်းမြောင်းလှသေး၏။ ပြဟ္မာ့ ပြည်သည် နိမ့်လှသေး၏၊ ထိုကြောင့် ငါသည် သိရိမာအပေါ် ၌ အမျက် ထွက်ခြင်းကို မပြုသင့် ဟူ၍ ဆုံးဖြတ်ကာ သိရိမာအား မေတ္တာဖြင့် ပြန့်နှံ့စေလေ၏၊ ထိုအချိန်၌ပင် သိရိမာသည် ဥတ္တရာ ဦးခေါင်း ထက်သို့ ကျိုက်ကျိုက် ဆူသော ဆီပူကို သွန်းလောင်း၏၊ အံ့ဩဖွယ်ကား သိရိမာ သွန်းလောင်းသည့် ကျိုက်ကျိုက် ဆူသော ဆီပူသည် ရေအေးကဲ့သို့ ဥတ္တရာ၏ ကိုယ်သို့ စွတ်စိုစေ၏။

ထိုသို့လျှင် မေတ္တာ ဘာဝနာ ကုသိုလ်ကောင်းမှု အကျိုး သည် ကြီးမား လှစွာ ပြန်လည် ချက်ခြင်း အကျိုး ကိုပင် ပေးနိုင်သဖြင့် တရား စောင့်ရှောက် သူအား တရားသည် စောင့်ရှောက် ပုံကို အစဉ် သတိပြုကာ ကုသိုလ် ကောင်းမှု အစုစုကို ပြုလုပ်ကာ နေကြရာ၏၊ ဤသို့လျှင် ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြုလုပ်အပ်သော ကုသိုလ် ကောင်းမှု သည် ပြုလုပ်သူအား တိကျစွာ အခါမရွေး ပြန်လည်အကျိုး ပေးနိုင်သည် ဖြစ်ရကား အကုသိုလ် ပြုလုပ်သော သူတို့အား လည်း ထိုနည်းတူစွာ မကောင်းမှု အကျိုးပေး ခံရမည်မှာ ယုံမှားဘွယ် မရှိသင့်ချေ။

ထိုကြောင့် သဂါထာဝဂ္ဂ သက္ကသံယုတ် (ဇမ္ဗု။ မိတ်ဆွေ) စာမျက်နှာ ၁၃၇-၌လာရှိသည်မှာ-

ယာဒိသံ ဝပ္ပတေ ဗီဇံ၊
တာဒိသံ ဟရတေ ဖလံ။
ကလ္လာဏကာရီ ကလ္လာဏံ၊
ပါပကာရီစ ပါပကံ။

ယာဒိသံ၊ အကြင်သို့ သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပတေ၊ စိုက်၏။ တာဒိသံ၊ ထိုသို့မျိုးစေ့ သဘောရှိသော။ ဖလံ၊ အသီးကို။ ဟရတေ ယထာ၊ ဆောင်သကဲ့သို့။ တထာ၊ ထိုအတူ။ ကလ္လာဏကာရီ၊ ကောင်းသည်ကို ပြုလေ့ရှိသော သူသည်။ ကလ္လာဏံ၊ ကောင်းသော အကျိုးကို။ ဟရတေ၊ ဆောင်၏။ ဝါ-ရု၏။ ပါပ ကာရီစ၊ မကောင်းသည်ကို ပြုလေ့ရှိသော သူသည်လည်း။ ပါပကံ၊မကောင်းကျိုးကို။ ဟရတေ၊ ဆောင်၏။ ဝါ-ရု၏။

ထိုကြောင့် သူတော်ကောင်း အပေါင်းတို့သည် ကောင်းကျိုးချမ်းသာ အဖြာဖြာတည်းဟူသော အသီးကို အစဉ်စားသောက်မှီဝဲလိုပါက မိမိ၏ ကာယကံ, ဝစီကံ, မနောကံတို့မှာ အကုသိုလ်မဖြစ်စေဘဲ ကုသိုလ်သာလျှင် ဖြစ်နေစေရန် အထူးကြိုးစားတော်မူကြရာ၏၊ ထိုမှတပါး မေတ္တာဘာဝနာကို ပွားများခြင်းဖြင့် အကျိုးပေးပုံ ပါဠိတော်ကို ဖော်ပြဦးအံ့။

ဥစ္ဆာဝစည်းစိမ်တိုးတက်ခြင်း

ဣဓ ဘိက္ခဝေ ဘိက္ခု
မေတ္တာသဟဂတေန စေတသာ
ဧကံ ဒိသံ ဖရိတ္ဝာ ဝိဟရတိ။

တထာ ဒုတိယံ တထာ တတိယံ
တထာစတုတ္ထံ၊ ဣတိ ဥဒ္ဓမဓော
တိရိယံ သဗ္ဗမိ သဗ္ဗတ္တတာယ
သဗ္ဗာဝန္တံ လောကံ မေတ္တာ
သဟဂတေန စေတသာ ဝိပုလေန
မဟဂ္ဂတေန အပ္ပမာဏေန
အဝေရေန အဗျာပဇ္ဇေန
ဖရိတ္ဝာ ဝိဟရတိ။

(သုတ်ပါဌေယျပါဠိတော် စက္ကဝတ္တိသုတ်)

ဘိက္ခဝေ၊သံသရာဘေးကို ရှုလျက် ရှိကုန်သော ရဟန်းတို့။ ဣဒ၊ ဤငါဘုရား သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ မေတ္တာသဟဂတေန၊ မေတ္တာ နှင့် ယှဉ်သော။ စေတသာ၊ စိတ်ဖြင့်။ ကေံ၊ တခုသော။ ဒိသံ၊ အရပ်ကို။ ဖရိတ္ဝာ၊ ပြန့်နှံ့စေ၍။ဝိဟရတိ၊မေတ္တာဘာဝနာကို ပွားများ၍ နေ၏။တထာ၊ ထိုအတူ။ ဒုတိယံ၊ ဒုတိယဖြစ်သော။ ဒိသံ၊ အရပ်ကို။ တထာ၊ ထိုအတူ။တတိယံ၊တတိယဖြစ်သော။ ဒိသံ၊ အရပ်ကို။ တထာ၊ ထိုအတူ။ စတုတ္ထံ၊ စတုတ္ထဖြစ်သော။ ဒိသံ၊ အရပ်ကို။ မေတ္တာ သဟဂတေန၊ မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်။ ဖရိတ္ဝာ၊ပြန့်နှံ့စေ၍။ ဝိဟရတိ၊ မေတ္တာဘာဝနာကို ပို့သ ပွားများ နေ၏။ ဣတိဧဝံတထာ၊ ထိုနည်းတူ။ ဥဒ္ဓံ၊ အထက်အရပ်ကို။ အဓော၊ အောက်အရပ်ကို။ တိရိယံ၊ ဒေါင့်အရပ်ကို။ သဗ္ဗတ္တတာယ၊ အလုံးစုံမိမိကိုယ်နှင့် တူသည်၏ အဖြစ်ဖြင့်။သဗ္ဗာဝန္တံ၊အလုံးစုံ

သော အရဝ်၌ တည်သော။ လောကံ၊ သတ္တဝါကို။ မေတ္တာ သဟဂတေန၊ မေတ္တာနှင့် ယှဉ်သော။ စေတသာ၊ စိတ်ဖြင့်။ ဝိပုလေန၊ ပြန့်ပြောစွာထသော။ မဟဂ္ဂတေန၊ (မေတ္တာ) မဟဂ္ဂုတ်၏ အဖြစ်သို့ ရောက်ထသော။ အပွမာဏေန၊ အာရုံ ပြုသောအားဖြင့် ပမာဏရှိထသော။ အဝေရေန၊ ရန်ကင်းထ သော။ အဗျာ ပဇ္ဇေန၊ ဒေါသကင်းထသော။ စေတသာ၊ စိတ်ဖြင့်။ ဖရိတ္ဝာ၊ ပြန့်နှံ့စေ၍။ ဝိဟာရတိ၊ မေတ္တာဘာဝနာကို ပွားများလျက် နေ၏။ ဘိက္ခဝေ၊ ဘိက္ခု၊ ဣဒံ၊ ဤမေတ္တာ ဘာဝနာတရားနှင့် ပြည့်စုံခြင်းသည်။ ဘောဂဝံသို့-ဘောဂကာ ရဏံ၊ စည်းစိမ်ချမ်းသာ အဖြာဖြာနှင့် ပြည့်စုံခြင်း၏အကြောင်း ပေတည်း။ ဤသို့လျှင် သုတ်ပါဌေယျပါဠိတော် စတ္တဝတ္ထု သုတ်၌လာရှိ၏။

ဤမျှအတိုင်း အရှည်ဖြင့် မေတ္တာအကျိုးကို ဖော်ပြပြီး၍ မေတ္တာဘာဝနာ ပွားများပုံကို ဖော်ပြပေအံ့။

ကိုယ်ချင်းစာမှု

မေတ္တာမပိုမိ သတ္တဝါအနန္တ၏ သဘောကို မိမိကိုယ်နှင့် နှိုင်းဆတော် မူကြပါလေ၊ မည်သို့ နှိုင်းဆ ရမည် နည်းဟူမူ၊ ငါသည် လက်ရှိ အခြေအနေထက် တိုးတက်လို၏၊ လက်ရှိ အခြေအနေထက် လျှော့ကျသွားခြင်းကို အလိုမရှိ၊ ထိုအတူ သတ္တဝါအနန္တသည် ငါကဲ့သို့ပင် တိုးတက်လိုကြ၏၊ ယုတ် လျှော့ကျဆင်းခြင်းကို အလိုမရှိကုန်။

စေတနာဟံ ဘိက္ခဝေ
ကမ္မံ ဝဒါမိ

ဟူ၍ အင်္ဂုတ္တိုရ် ပါဠိတော် ဆက္ကနိပါတ်၌ လာရှိသည်နှင့် အညီ ငါ၏စေတနာသည် ငါ့အား ပြန်လည် အကျိုးပေးမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်၏ ဆိုသည်ကို အစဉ်သတိ ရှိပြီးလျှင် မွန်မြတ်သော အစားအသောက်ကို စားသောက်ရသောအခါ ငါကဲ့သို့ သတ္တဝါအနန္တကြိုက်ရာ အစာရေစာကို ရှိစားသောက် နိုင်ကြပါစေ။

အိပ်ရာ နေရာ အဆောက် အဦကောင်းကို မိမိရှိသော အခါ ငါကဲ့သို့ပင် သတ္တဝါ အနန္တသည် မိမိတို့ ကြိုက်တတ်ရာရာ အိပ်ရာ နေရာကောင်းများကို ရှိကြပါစေ။

မိမိ ဥစ္စာ, ပစ္စည်း, ရာထူးဌာန ဂုဏ်သိက္ခာ ကျဆင်းလတ်သည်ရှိသော် ငါသည် ဤသို့ ကျဆင်းခြင်းကို အလိုမရှိ၊ ထိုအတူ သတ္တဝါအနန္တသည် လက်ရှိအခြေအနေမှ ယုတ်လျော့သွားခြင်းသည် မဖြစ်ကြပါစေကုန်သတည်း၊ စသည်ဖြင့် မိမိကိုယ်နှင့် နှိုင်းစာသောစိတ်ဓာတ်ကို ပဌမမွေးမြူရပေမည်၊ ဤအဆင့်သည် အရေးကြီးသော အရည်အချင်းဖြစ်၏၊ ထိုအရည်အချင်းကို သဘာဝ မပိုင်လျှင် ရှေ့အဆင့်များမှာ ခရီးရောက်သင့်သလောက် ခရီးရောက်ဘွယ်ရာမရှိချေ၊ ကြပ်ကြပ် အကြိမ်ကြိမ် ပွားများတော်မူပါလေ၊ ကြာလျှင် ထို အရည်အချင်းသည် မိမိကိုယ်ပိုင်သဘာဝအဖြစ်သို့ ရောက်ရှိလာပေတော့၏၊

ဤမျှ ရောက်ရှိလာသော အရည်အချင်း အဆင့်အတန်းမှာ သာမန်လူစား မဟုတ်တော့ပြီ၊ ဤအဆင့်သို့ တကယ်ရောက်ရှိလာသောအခါ ဝမ်းသာ၍မဆုံးနိုင်ပြီ၊ လေ့ကျင့်ပါမျှားလျှင် စိတ်ဓာတ်သည် ထူးခြားစွာ တိုးတက်ရင့်သန်လာတော့၏။

သဘာဝ သဘောတရားကို ပိုင်လျှင် ဤအဆင့်အတန်းသို့ ရောက်ရန် မခဲယဉ်းပေ၊ သဘာဝပိုင်ရန်ကား သူတပါး ဥစ္စာ စီးပွားတိုးတက်သည်ကို မိမိက မရှစိမ့် မနာလိုဖြစ်သော် ထိုသူ ဥစ္စာ စီးပွား ဆုတ်ယုတ်သည်မဖြစ်၊ မိမိ၌သာ အကုသိုလ်ဖြစ်လျက်ရှိ၏၊ သူတပါး ကြီးပွားတိုးတက်သည်ကို မနာလိုခြင်းသည် မိမိသာလျှင် သူယုတ်မာဖြစ်လျက်ရှိ၏၊ ထိုကြောင့် ငါသည် သူယုတ်မာဖြစ်ခဲ့ချေပြီတကားဟု သဘာဝကို သဘောပေါက်ပါလေ။

ထိုအတူ သူတပါး တိုးတက်ကြီးပွားသည်ကို မိမိနှင့် နှိုင်းစာကာ ငါသည် တိုးတက် ကြီးပွားလို ဘိသကဲ့သို့ ထိုသူသည် တိုးတက်ကြီးပွားလို၏၊ ယခုကား ထိုသူ တိုးတက်ကြီးပွားလျက်ရှိ၏၊ သြော်....ကောင်းလေစွ, ကောင်းလေစွ၊ ငါသည် လက်ရှိအခြေအနေမှ ဆုတ်ယုတ်မှုကို အလိုမရှိသကဲ့သို့ သူသည်လည်းလက်ရှိအခြေအနေမှ ဆုတ်ယုတ်မှုကို အလိုမရှိချေ၊ ထိုကြောင့် ဆုတ်ယုတ်ခြင်း မဖြစ်ပါစေသတည်းဟု စေတနာ ထားနိုင်လျှင် နေရင်းထိုင်ရင်း မိမိ၌ ကုသိုလ်ရရှိ၍ မိမိသည် ထိုအချိန်အခါ၌ သူတော်ကောင်းအစစ်ကြီး ဖြစ်လျက်ရှိသည်ကိုလည်း သဘာဝကို သဘောပေါက်ပါလေ။

ဤသို့ သဘာဝတရားကို ပိုင်နိုင် သဘောပေါက်လာပါက မည်သည့် နည်းနှင့်မျှ အကုသိုလ်စိတ်ကို မိမိ လက်ခံရမည့်

မဟုတ်တော့ပေ၊ ဤအခြေအနေသို့ ရောက်ရှိရန် ခက်သည် မဟုတ်ပါ၊ အကုသိုလ်စိတ်ကို လက်မခံရန် လေ့ကျင့်ပေးပါက မကြာမီ ထူးခြားသော စိတ်နေစိတ်ထား အထက်တန်းစား ဖြစ်၍လာပေတော့၏၊ ထိုအခါ ဝမ်းသာ၍မဆုံးနိုင်တော့ပြီ။

ထိုကြောင့် ရှင်တော်ဘုရားသည် ဝေလာမသုတ်၌ ဒါန ထက်သီလမြတ်၏၊ သီလထက် ဘာဝနာမြတ်၏ဟူ၍ မိန့်တော်မူခဲ့ပြီ မဟုတ်တုံလော၊ ဤမျှအကျိုးရှိခြင်းကို အကြောင်းပြု၍ ဆက်လက်ကာ ပါဠိတော်လာ ငါးရာ့ နှစ်ဆယ် ရှစ်သွယ်သော မေတ္တာဝိုနည်းကို ဖော်ပြပေအံ့။

ပဋိသ ဓ္ဓိဒါမဂ် ပါဠိတော်နှင့် တက္ကသိုလ် အဋ္ဌကထာများတွင် လာသော အနောဓိသ မေတ္တာဝိုဿ, သြဓိသ မေတ္တာဝိုဿ, ဒိသာ ဖရဏ မေတ္တာဝိုများမှာ ကျွန်တော်တို့ ငယ်ရွယ်စဉ် လွန်ခဲ့သည့် အ နှစ် လေး ငါး ဆယ် လောက် က ဆိုလျှင် ဘုန်းတော်ကြီး ကျောင်းများသာမက ရပ်ရွာထဲတွင်ပင် ဥပါသကာ, ဥပါသိကာ အချို့တို့သည် ညဉ့်နံနက်တိုင်း ရွတ်ဆိုမေတ္တာဝိုသည်ကို ကြားနာခဲ့ရ၏။

၅- စောင်တွဲ, ၆- စောင်တွဲ, ၁၀- စောင်တွဲ စသည့် ဘုရားရှိခိုး စာအုပ်များတွင် မေတ္တာဝိုအပြည့်အစုံ ပါရှိသော်လည်း နောက်စာအုပ်များတွင် အပြည့်အစုံ မပါရှိတော့ပြီ။

ထိုကြောင့် ငါးရာ့နှစ်ဆယ်ရှစ်သွယ်သော မေတ္တာဝိုနည်းကို အလိုရှိသူများ အတွက် လွယ်ကူစေရန် ဖော်ပြလိုက်ပါ၏။ နှုတ်ငုံရရှိပြီးသူများဖြစ်ပါက မရရှိသေးသူတို့အတွက် သည်းခံတော်မူစေလိုပါသည်။

အနောဓိသမေတ္တာ-၂၀။

(၁)

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊။

(၂)

သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊။

(၃)

သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊။

(၄)

သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊။

(၅)

သဗ္ဗေ အတ္တာဘာဝပရိယာပန္နာ
အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊။

ဤ ၅-ပါး ၄-လီ ၂၀-တို့မှာ ပဋိသ ဓ္ဓိဒါမဂ် ပါဠိတော် မေတ္တာကထာ၌ လာသည့်အတိုင်း အနောဓိသမေတ္တာ ၂၀-ဖြစ်၏။

(၁)

(၁) သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ (၂) အဗျာပဇ္ဇာ၊ နှလုံးမသာ ဗျာပါဒကင်းကုန်သည်။ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ (၃) အနီဃာ၊ ဆင်းရဲမရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ (၄) သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိတို့ ကိုယ်ကို။ ပရိဟရန္တု၊ ဆောင်နိုင်ကြပါစေ ကုန်သတည်း။

(၂)

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏာ၊ ထွက်သက်ဝင်,သက်ရှိကုန်သော သတ္တဝါ အပေါင်းတို့သည်။အဝေရာ၊ (အထက်ပါ နံပါတ် ၁-တွင်ပေးသည့်အနက်အတိုင်း ဆက်၍ပေးသွားပါလေ)။

(၃)

သဗ္ဗေ၊ခပ်သိမ်းကုန်သော။ဘူတာ၊ကံကိလေသာ တို့သည် ဖြစ်စေ အပ်ကုန်သော သတ္တဝါ အပေါင်း တို့သည်။ အဝေ ရာ.....။

(၄)

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပုဂ္ဂလာ၊ အပါယ် တံခါး မပိတ်သေးသော သတ္တဝါအပေါင်း တို့သည်။ အဝေရာ....။

(၅)

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အတ္တဘာဝ ပရိယာပန္နာ၊ ခန္ဓာ ၅-ပါး တည်းဟူသော အတ္တဘောဌ် အကျုံးဝင်ကုန် သော သတ္တဝါ အပေါင်းတို့သည်။အဝေရာ၊ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ။နှလုံးမသာ ဗျာပါဒကင်းကုန်သည်။ဟောန္တု၊ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ၊ ဆင်းရဲမရှိ ကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိတို့ကိုယ်ကို။ ပရိဟရန္တု၊ ဆောင်နိုင်ကြ ပါစေကုန်သတည်း။

ဩမိသမေတ္တာ-၂၇။

(၁)

သဗ္ဗာ ဋ္ဌတ္ထိယော အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊။

(၂)

သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု၊.....။
.....(စသည်ဖြင့်အထက်ပါအတိုင်းဖြစ်၏)။

(၄)

သဗ္ဗေ အရိယာ, အဝေရာ....။

(၄)

သဗ္ဗေ အနရိယာ, အဝေရာ....။

(၅)

သဗ္ဗေ ဒေဝါ, အဝေရာ....။

(၆)

သဗ္ဗေ မနုဿာ, အဝေရာ....။

(၇)

သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု၊။

(၁)

သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဇုတ္တိယော၊ အမသတ္တာဝါ အပေါင်းတို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ၊ နှလုံးမသာ ဗျာပါဒ ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ အနီဃာ၊ ဆင်းရဲမရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခိ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိတို့ကိုယ်ကို။ပရိဟရန္တု။ ဆောင်နိုင်ကြပါစေကုန်သတည်း။

၂-မှ ၇-အထိ

ကျန်နံပါတ် ၂-မှ ၇-အထိမှာ အထက်တွင် ဖော်ပြပါ ရှိသော အနက်အဓိပ္ပါယ် အတိုင်းဖြစ်၍ (ဇုတ္တိယော) စကားလုံးနေရာတွင် ထိုက်သည့် အားလျော်စွာ အောက်ပါအတိုင်း ပြောင်းလဲပေးရန်မျှသာ ဖြစ်၏။

(၂) ပုရိသာ၊ အဖိုသတ္တဝါ အပေါင်းတို့သည်။ (၃)အရိယာ၊ အရိယာ ပုဂ္ဂိုလ် အပေါင်းတို့သည်။ (၄) အနရိယာ၊ အရိယာ မဟုတ်ကုန်သော ပုထုဇဉ် အပေါင်းတို့သည်။ (၅) ဒေဝါ၊ နတ်ပြည်ဖွား အပေါင်းတို့သည်။ (၆) မနုဿာ၊ လူအပေါင်းတို့သည်။ (၇) ဝိနိပါတိကာ၊ အပါယ်ဘုံသား အပေါင်းတို့သည်....။

ဤသို့လျှင်,ဩဝါဒသမေတ္တာ ၂၀-ပါးဖြစ်၏။

ဒိသာဖရဏ မေတ္တာ-၄၈၀။

(၁)

(သဗ္ဗေ) ပုရတ္ထိမာယ ဒိသာယ (သတ္တာ)
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၂)

(သဗ္ဗေ) ပစ္ဆိမာယ ဒိသာယ (သတ္တာ)
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၃)

(သဗ္ဗေ) ဥတ္တရာယ ဒိသာယ (သတ္တာ)
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၄)

(သဗ္ဗေ) ဒက္ခိဏာယ ဒိသာယ (သတ္တာ)
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၅)

(သဗ္ဗေ) ပုရတ္ထိမာယ အနုဒိသာယ (သတ္တာ)
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၆)

(သဗ္ဗေ) ပန္ဆိမာယ အနုဒိသာယ (သတ္တာ) အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၇)

(သဗ္ဗေ) ဥတ္တရာယ အနုဒိသာယ (သတ္တာ) အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၈)

(သဗ္ဗေ) ဒက္ခိဏာယ အနုဒိသာယ (သတ္တာ) အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၉)

(သဗ္ဗေ) ဟေဋ္ဌိမာယ ဒိသာယ (သတ္တာ) အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

(၁၀)

(သဗ္ဗေ) ဥပရိမာယ ဒိသာယ (သတ္တာ) အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊။

အထက်ပါ ပါဠိတော်အတွက် အနက် အဓိပ္ပါယ်မှာ အနောဓိသမေတ္တာ, သြဓိသမေတ္တာတွင် လာသည့် အတိုင်း ဖြစ်၍ အရပ်ဆယ်မျက်နှာ၏ ပါဠိအခေါ်မျှသာ ကွာခြား၏၊ အရပ် (၁၀) မျက်နှာ၏ အနက် အဓိပ္ပါယ်မှာ....

ပုရတ္ထိမာယ ဒိသာယ-အရှေ့အရပ်။
ပစ္ဆိမာယ ဒိသာယ-အနောက်အရပ်။
ဥတ္တရာယ ဒိသာယ-မြောက်အရပ်။
ဒက္ခိဏာယ ဒိသာယ-တောင်အရပ်။
ပုရတ္ထိမာယ အနု ဒိသာယ-အရှေ့ တောင်ထောင့် အရပ်။

ပစ္ဆိမာယ အနု ဒိသာယ-အနောက် မြောက်ထောင့် အရပ်။

ဥတ္တရာယ အနု ဒိသာယ-အရှေ့မြောက်ထောင့်အရပ်။
ဒက္ခိဏာယ အနု ဒိသာယ-အနောက် တောင်ထောင့် အရပ်။

ဟေဋ္ဌိမာယ ဒိသာယ-အောက်ဖြစ်သောအရပ်။
ဥပရိမာယ ဒိသာယ-အထက်ဖြစ်သော အရပ်။

ဒိသာဖရဏမေတ္တာဝိုရန်မှာ ပုဂ္ဂိုလ် (၁ ၂) ပါးရှိ၏။ ၎င်းတို့ကား-

(၁) သဗ္ဗေသတ္တာ၊ (၂) သဗ္ဗေပါဏာ၊ (၃) သဗ္ဗေ ဘူတာ၊ (၄)သဗ္ဗေပုဂ္ဂလာ၊ (၅)သဗ္ဗေ အတ္တာဘာဝ ပရိယာ

ပန္နာ၊ (၆) သဗ္ဗာဇာတ္ထိယောဝ၊ (၇) သဗ္ဗေပုရိသာ (၈) သဗ္ဗေ အရိယာ၊ (၉) သဗ္ဗေ အနရိယာ၊ (၁၀) သဗ္ဗေဒေဝါ (၁၁) သဗ္ဗေမနုဿာ၊(၁၂)သဗ္ဗေဝိနိပါတိကာ၊ဤပုဂ္ဂိုလ် ၁၂-ပါး ဖြစ်၏၊မြန်မာပြန်မှာ အနောဓိသ မေတ္တာ၊ သြဓိသမေတ္တာတွင် ဖော်ပြပြီး ဖြစ်၏။

အထက်တွင် ဒိသာဖရဏ မေတ္တာ အတွက် သဗ္ဗေ ပုရတ္ထိ မာယ ဒိသာယ (သတ္တာ)အဝေရာ ဟောန္တု၊ စသည်ဖြင့်အရပ် (၁၀)မျက်နှာကို ဖော်ပြခဲ့ပြီးဖြစ်ရာ ကျန်(၁၁)ပါးကိုလည်း (သတ္တာ) ဆိုသော စကားလုံးကိုဖျက်၍ (ပါဏာ) (ဘူတာ) (ပုဂ္ဂလာ)စသောစကားလုံးများကိုသွင်း၍ ပွားများရန်ဖြစ်၏၊ အထူးကား-သဗ္ဗာဇာတ္ထိယောသို့ ရောက်သောအခါ(သဗ္ဗေ) အစား (သဗ္ဗာ) ဟူသော စကားလုံးကို ပြောင်းရန် မျှသာ ထူး၏။

ဤသို့လျှင် ပုဂ္ဂိုလ်တပါးလျှင် အရပ် (၁၀) မျက်နှာ မေတ္တာဝိုသ ပွားများသဖြင့် ပုဂ္ဂိုလ် (၁၂) ပါးတွင် အရေ အတွက် အားဖြင့် (၁၂၀) ဖြစ်၏၊ တပါးလျှင် အရပ်တခု အတွက် (၁) အဝေရာဟောန္တု၊ (၂) အဗျာပဇ္ဇာ ဟောန္တု၊ (၃)အနီဃာ ဟောန္တု၊(၄)သုခီ အတ္တာနံ ပရိဟရန္တု-ဟူ၍ (၄) ပါးစီရပြန်ခြင်းကြောင့် ဒိသာဖရဏမေတ္တာ (၄၈၀) ရလာ၏၊ ထိုကြောင့်-

အနောဓိသမေတ္တာ- ၂၀
ဩဓိသမေတ္တာ- ၂၀
ဒိသာဖရဏ မေတ္တာ- ၄၀၀

(၅ ၂၀)

တို့ကိုပေါင်းသော် ငါးရာ့ နှစ်ဆယ်ရှစ်သွယ်သော မေတ္တာ ရရှိလာ၏။

ဤသို့လျှင် ပါဠိတော် လာသည့် အတိုင်း မိမိစိတ်သည် အခြားသို့ အာရုံမပြန့်လွင့်စေဘဲ သုခိနောဝါ ခေမိနောစသည် ကို ဖြစ်စေ၊ အနောဓိသ မေတ္တာ ဘာဝနာကို ပွားများသည် ဖြစ်စေ၊ ဩဓိသ မေတ္တာ ဘာဝနာကို ပွားများသည် ဖြစ်စေ၊ ဒိသာဖရဏ မေတ္တာကို ပွားများသည် ဖြစ်စေ၊ သို့မဟုတ် ကြိုက် ရာ တို့ကို ပူးတွဲ၍ ပွားများသည် ဖြစ်စေ၊ သို့မဟုတ် အားလုံးကုန်ကို ပွားများသည်ဖြစ်စေ၊ ပါဠိတော်လာအတိုင်း အာရုံကို မပြန့်လွင့်စေဘဲ လေးနက်သော စေတနာစစ် စေတ နာမှန်ဖြင့် မေတ္တာပွားများသည် ဖြစ်အံ့၊ အထက်တွင် ဖော်ပြ ခဲ့သော မျက်နှာကြည်လင် ကြက်သရေရှိခြင်း၊ လူချစ် လူခင် ပေါခြင်း၊ နတ်တို့ လေးစားချစ်ခင်ခြင်း၊ နတ်တို့မစခြင်း စသည့် (၁၁)တဆယ့်တပါးသော အကျိုး အာနိသင်ကို ရရှိမည်မှာ ယုံမှားဘွယ် မရှိချေ၊ ဤသို့ စေတနာအစစ်အမှန်ဖြင့် ပွားများ အပ်သော မေတ္တာသည် ဝေလာမသုတ်တွင် လာသော-

ယောစ အန္တမသော
ဂန္ဓောဟာနမတ္တမ္ပိ
မေတ္တာစိတ္တံ ဘာဝေယျ။

ဟူသော အကျိုးအာနိသင်ကို ကောန်စင်စစ် ရရှိနိုင်လေသည်။ မေတ္တာပွါးခြင်းမှာ ခက်သည် မဟုတ်ပါ၊ သတ္တဝါသဘာဝကို သိရှိလာပါလျှင် အလကား နေလျှင် အခြားသို့ စိတ်မကူးတော့ပြီ၊ မေတ္တာပွားကာသာ နေချင်တော့၏၊ မေတ္တာပွါးသကာသာ နေပေတော့၏၊ ရရှိမည့် အကျိုးမှာလည်း ဒါန သီလတို့ ထက် မြတ်သော အကျိုးအာနိသင်ကို ခံစားရပေတော့၏။

ဤ၌ မေတ္တာပွါးသရသော ကုသိုလ်ကောင်းမှု အကျိုးသည် နောင်ဘဝကျမှသာလျှင် ခံစားရမည်မဟုတ်၊ လက်ငင်း ယခုဘဝ ယခုနှစ် ယခုလ အတွင်း ဒိဋ္ဌမ္မ အကျိုးကျေးဇူးကိုခံစားရ၏ ကာယကံ, ဝစီကံ, မနောကံ စေတနာ အစစ်အမှန်ဖြင့် မျှားမျှားမဟုတ်၊ တလ,နှစ်လမျှ လေ့ကျင့် ပွားများ ကြည့်ပါလေ၊ ထူးခြားသော အကျိုးကျေးဇူး အာနိသင်ကို ခံစားရမည်ကား မလွဲပါ၊ အများအားဖြင့် လူတို့သည် ဤကဲ့သို့သော အကျိုးကျေးဇူး လက်ငင်း ခံစားရမည်ကို မသိသောကြောင့်သာလျှင် မေတ္တာဘာဝနာကို မပွားများကြခြင်း ဖြစ်ပါသည်၊ သိရှိသူတို့ကား ပွားများကာ အကျိုးကျေးဇူးကို ခံစားလျက် ရှိကြကုန်၏။

မေတ္တာပွါးသခြင်း ကုသိုလ်ကောင်းမှုအတွက် မိမိတဦးသာ အကျိုး ကျေးဇူး ခံစားရသည် မဟုတ်၊ အထက်တွင် ဖော်ပြခဲ့သော ကုသိုလ်ရှင် ခေမာ မိဖုရားကြီး၏ ကုသိုလ် ကြောင့် တတိုင်းပြည်လုံး ရောဂါ ဝေဒနာတို့မှ ကင်းဝေး စေခြင်း၊ ဝိသာခမထေရ် မြတ်၏ မေတ္တာပို့သ ပွားများခြင်း ကုသိုလ်

ကြောင့် တတောင်လုံးရှိ သတ္တဝါအများ ချမ်းသာရရှိခြင်းတို့ကို ထောက်၍ အတ္တ, ပရ နှစ်ဝသော အကျိုးကို မျှော်ကိုးပြီးကာ မေတ္တာဘာဝနာကို ပွားများတော် မူနိုင်ကြပါစေကုန်သတည်း။

ထိုမှတဖန် မေတ္တာ ပို့ပြီး၍ ရရှိသော ကုသိုလ်ကို အမှန်းတင်ရန် အကောင်းဆုံး ကုသိုလ် ဖြစ်စေလိုက အောက်ပါ အတိုင်း ပွားများအပ်ပြန်၏။

ယခု သတ္တဝါ အနန္တကို အာရုံပြု၍ မေတ္တာ ဝိုသည်ကို သိသော စိတ်သည် ဝိညာဏကွန္ဓာဖြစ်၏။

ထိုသိသော စိတ်နှင့် အတူ ယှဉ်တွဲ၍ ဖြစ် သော ဝေဒနာ စေတသိက်သည် ဝေဒနာကွန္ဓာဖြစ်၏။

ထိုအတူ သိသော စိတ်နှင့် ယှဉ်တွဲ ဖြစ်ပေါ်သော သညာ စေတသိက်သည် သညာကွန္ဓာဖြစ်၏။

ဝေဒနာစေတသိက်, သညာစေတသိက်တို့မှ ကြွင်းသော စိတ်နှင့် အတူတကွ ဖြစ်သော စေတသိက်တို့သည် သင်္ခါရကွန္ဓာဖြစ်၏။

ထိုသိသော စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် နှင့် တကွ ကျန်ရုပ် အပေါင်းသည် ရူပကွန္ဓာဖြစ်၏။

ဤသို့ပိုင်းခြားသိရှိဆင်ခြင်ပြီးလျှင် ဤဓာတ် ပရမတ်မျှသာ ဖြစ်သော ရူပကွန္ဓာသည်အနိစ္စ၊ရူပကွန္ဓာသည် ဒုက္ခ၊ရူပကွန္ဓာသည် အနတ္တ ဟု ဓာတ်သဘော သဘာဝ ဖြစ်ပျက်ပုံကို ဉာဏ်မျက်စိဖြင့် သိမြင်အောင် ရှုရမည်၊ ဤအချိန်တွင် ရူပကွန္ဓာ

(ပရမတ်) ဓာတ်သား သဘာဝပေါ်တွင် အာရုံကို တိကျစွာ စူးစိုက် ဆင်ခြင် ပွားများရမည်၊ ထိုအခါတွင် အတွင်အလျှင်း ကင်းဆိတ်၍ ဓာတ်သဘော သဘာဝ ဖြစ်ပျက်ခြင်း မျက်ဝါသာ တွေ့ရှိရပေလိမ့်မည်၊ ထို့အတူ ကျန်ဝေဒနာကွန္ဓာ, သညာကွန္ဓာ သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာ နာမ်ခန္ဓာ ၄-ပါး ကို လည်း တိကျစွာ ဓာတ်သဘာဝကို ရှုရာ၏၊ ဤ၌ ရှေး ဖြစ်ပျက်သွားသော နမ်ခန္ဓာတို့ကို နောက် ဖြစ်ပျက်နေသော နာမ်ခန္ဓာတို့က ဉာဏ်မျက်စေ့တွင် ထင်ရှား မြင်သိ ပွားများနေခြင်းသည် အံ့ဩ၍ မကုန်နိုင်လောက်သော ဉာဏ်မျက်စေ့ ရင့်သန်မှုပင် ဖြစ်တော့၏၊ ထိုအခမ်းသို့ သာမန်ပုဂ္ဂိုလ်တို့သည် လွယ်ကူစွာ ရောက်ရှိရန် မတတ်နိုင် ရှာကြချေ၊ ဤစခမ်းသည်ကား ဝိသုဒ္ဓိမဂ် အဌကထာ၌ လာသော သင်္ခါရာဝသင်္ခါရေ ဝိပဿနာ-ဟူသည်နှင့်အညီ ဖြစ်တော့၏၊ (ရှေတွင် ပို၍ ထင်ရှားစွာသိရှိရလတံ့)။

ဝိပဿနာ ဘာဝနာ

ကုသိုလ်ကောင်းမှု ဟူသမျှတို့တွင် ဝိပဿနာ ဘာဝနာ ကုသိုလ်သည် အဂေ ကောင်း ဆုံး ဖြစ်၏၊ ဘုရားရှင်သည် ကုသိုလ် ကောင်း မှု လုပ်သူ ပုဂ္ဂိုလ် အပေါင်းတို့တွင် ဝိပဿနာ ဘာဝနာကို ပွားများသော ပုဂ္ဂိုလ် အားသာလျှင် ချီးကျူးတော် အမှု ဆုံး ဖြစ် ၏။ ဝိပဿနာ ဘာဝနာ လုပ် ငန်း မှာ သဘာဝကို နှိုင်လျှင် မခက်ပါ။

ရှေတွင် ထင်ရှားလတ္တံ့။

ဝိပဿနာ
ချီးမွမ်းခက်း

ဝိပဿနာ ဘာဝနာသည်ကား အဂ္ဂသာဝက, မဟာသာဝက များနှင့်တကွ ဘုရားရှင် ကိုယ်တော်တိုင် တနေရာတွင် သဘောတူ ချီးမွမ်းတော်မူကြခဲ့ဘူးပြီ၊ ဝိပဿနာ ဘာဝနာကို သဘောတူ ချီးမွမ်းတော်မူခဲ့ကြပုံကို မူလ ပဏ္ဏာသ ပါဠိတော် မဟာဂေါသိင်္ဂသုတ်၌ လာသည်ကို အတိုချုပ် သဘောအား ဖြင့် ဖော်ပြပေအုံ့၊ အခါတပါး၌ ရှင်သာရိပုတ္တရာ အရှင်မြတ်က အရှင် အာနန္ဒာအား မေးတော်မူသည်မှာ ဤ အင်ကြင်း တောကြီးသည် အပွင့်တို့ဖြင့် တတောလုံး ကြည့်ရှု တင့်တယ် မွေ့လျော်ဘွယ်ရာ ဖြစ်လျက်ရှိ၏၊ ထိုမျှ လှပတင့်တယ် ပင်လုံး ကျွတ် ပွင့်ကုန်သော အင်ကြင်းတောကြီးကို ဝိုရ်ကြက်သရေ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံရန် အဘယ်ကဲ့သို့ ပြုရသော် ကောင်းမည် ထင်သနည်းဟု မေးတော်မူ၏။

(၁) ထိုအခါ အရှင် အာနန္ဒာက အရှင်ဘုရား....အစ၏ ကောင်းခြင်း,အလယ်၏ ကောင်းခြင်း, အဆုံး၏ ကောင်းခြင်း နှင့် ပြည့်စုံသော တရားတော်တို့ကို ဟောပြော နာကြားပြီး ကာ ဝိပဿနာ ဘာဝနာကို အားထုတ်နေကြပါက ဤ လှပ တင့်တယ် ပျော်မွေ့ဘွယ်ဖြစ်သော အင်ကြင်းတောကြီးသည် ဝိုရ်ပင် ကြက်သရေမင်္ဂလာကို ဆောင်ဘွယ်ဖြစ်ပါသည်ဘုရား ဟု လျှောက်ထား၏။

(၂) ထိုနောက်အရှင်ရေဝတကို မေးတော်မူ၏၊ ထိုသော အခါ အရှင်ရေဝတက သမထကို အားထုတ်ကာ ဈာန်ဝင်စား ပြီးလျှင် ဝိပဿနာ ဘာဝနာကို ကြိုးစား အားထုတ်နေကြပါ လျှင် ဤ လှပ တင့်တယ် မွေ့လျော်ဘွယ်ဖြစ်သော အင်ကြင်း တောကြီးသည် ပို၍ တင့်တယ် မဂ်လာရှိဘွယ် ဖြစ်ပါသည် ဘုရားဟု လျှောက်ထား၏။

(၃) အရှင် အနုရုဒ္ဓါ မထေရ်မြတ်ကား ဒိဗ္ဗစက္ခု အဘိ-ညာဏ်ဖြင့် သတ္တဝါအနန္တ၏ ဒုက္ခကို ခွဲခြမ်းစိတ်ဖြာ ရှုကြည့် သံဝေဂဖြစ်ကာ ဝိပဿနာ ဘာဝနာကို ပွားများရသော် ဤ အင်ကြင်းတောကြီးသည် ပိုမို သာယာကာ ကြက်သရေကို ဆောင်မည် ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။

(၄)ထိုနောက် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက အရှင်ကဿပကို တဖန် မေးတော်မူပြန်သောအခါ ဓုတင်ကို ဆောင်လျက် ဝိပဿနာ ဘာဝနာတရား အားထုတ်ကြရပါ လျှင် ဤ ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းတောကြီးသည် ပို၍ ကြက်သရေ မဂ်လာ ရှိဘွယ်ရာပါ ဘုရားဟု လျှောက် ထား၏။

(၅) ထိုမှတဖန် ရှင်မောဂ္ဂလာန် အ လှည့်တွင် အရှင် မောဂ္ဂလာန် ကိုယ်တော်ကြီးက လျှောက်ထားသည်မှာ ဤ အင်ကြင်းတောကြီး၌ အဘိဓမ္မာတရားကို ဆွေးနွေးမေးမြန်း ဖြေဆိုကြပြီးကာဝိပဿနာဘာဝနာကိုကြိုးစားအားထုတ်ကြ

ပါမှုကား ဝိ၍ တင့်တယ် မွေ့လျော်ဘွယ် ဖြစ်ပါမည်ဘုရားဟု လျှောက်ထား၏၊(ဤနေရာတွင် အဘိုဓမ္မာတရားမှာ ထိုအခါ ကပင် ရှိနေကြောင်း ထင်ရှားလှတော့၏။)

(၆) ထိုနောက် အရှင်သာရိပုတ္တရာအား မေးလျှောက်ကြသည်မှာ တပည့်တော်တို့ကား မိမိတို့ဆန္ဒကို ဖြေဆိုခဲ့ပြီးလေပြီ၊ အရှင်သာရိပုတ္တရာ ဆန္ဒကား အဘယ်နည်းဟု မေးကြကုန်၏၊ ထိုသောအခါ အရှင်သာရိပုတ္တရာက ဖြေဆိုတော်မူသည်မှာ စိတ်၏ အလိုသို့မလိုက်ဘဲ သီလ,သမာဓိ၌ တည်ရှိနေလျက် ဝိပဿနာဘာဝနာကို အားထုတ်ရသော် ဤပင်လုံးကျွတ် လှပ သာယာစွာပွင့်နေသော အင်ကြင်းတောကြီးသည် သာ၍ပင် ဝိုမိုတင့်တယ် မွေ့လျော်ဘွယ် ဖြစ်ရာ၏ဟု ဖြေဆိုတော်မူ၏။

ဤ၌ သိရှိရန်မှာ (၁)အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ပညာအရာ၌ တေဒဂ်ရ လက်ျာရံ ဖြစ်တော်မူ၏၊ (၂)အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးသည်တန်ခိုးကြီးသောအရာ၌ တေဒဂ်ရ လက်ဝဲရံဖြစ်တော်မူ၏၊(၃)အရှင်မဟာကဿပ ကြီးသည် ဓုတင်ကို ကျင့်ဆောင် ဟောပြောတော်မူရာ၌ တေဒဂ်ရ လက်ျာရံ၊ (၄) အရှင်အနုရုဒ္ဓါမှာ ဒိဗ္ဗစက္ခု အဘိညာဏ်အရာ၌ တေဒဂ်ရ လက်ျာရံ၊ (၅)အရှင်ရေဝတမှာ အရည်ကင်း ဓုတင်ဆောင်သောအရာ၌ တေဒဂ်ရ လက်ျာရံ၊ (၆) အရှင် အာနန္ဒာမှာကား ၁-ဗဟုသုတ၊ ၂-သတိမန္တ၊ ၃-ဂတိမန္တ၊ ၄-ဓိတိမန္တ၊ ၅-ဥပဋ္ဌာက၊ ၅-ဋ္ဌာန၌ တေဒဂ်ရတော်မူ၍ လက်ျာရံ ဖြစ်တော်မူ၏။

ထိုသောအခါ ဤမျှနှင့်မတင်းတိမ်သေးဘဲ ဘုရားရှင်ထံသို့ သွားရောက်ကာ မိမိတို့ အသီးသီး မည်ကဲ့သို့ ပြုကြရလျှင် ဤအလွန်တင့်တယ် မွေ့လျော်ဘွယ်ဖြစ်သော အင်ကြင်းတောကြီးသည် ဝိုမိ၍ ကြက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံမည်ဖြစ်ကြောင်းများကို တင်လျှောက်ကြ၍ အရှင်ဘုရားက အဘယ်သို့ အမိန့်တော်မြတ်မှတ်တော်မူမည်ကို သိလိုလှပါသည် ဘုရားဟု မြတ်စွာဘုရားရှင်အား မေးလျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင်က မိန့်တော်မူသည်မှာ သင်ချစ်သားတို့ ထင်တိုင်းလည်း ကောင်းလှပေ၏၊ ငါဘုရား၏ အလိုကား အကြင်ရဟန်းသည် ဆွမ်းစားပြီးကာ တနေရာရာတွင် တင်ပလင် ဖွဲ့ခွေ နေပြီးနောက် ငါသည် တရားကို အားထုတ်အံ့၊ အာသဝေါတရား မကုန်လျှင် ဤနေရာမှ မထပြီ ဟူ၍ ဝိပဿနာတရားကို အားထုတ်ကာနေကြခြင်းသည် ဤပင်လုံးကျွတ် ပွင့်လျက် ရှိသော အင်ကြင်း တောကြီးကို ဝိုမ၍ လှပတင့်တယ် မွေ့လျော်ဘွယ် ကြက်သရေ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေမည်ဟု အောက်ပါအတိုင်း ဘုရားရှင် မိန့်တော်မူ၏။

နတာ၀ါဟံ ဣမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ
ယာ၀ မေ နာနုပါဒါယ အာသ၀েဟိ
စိတ္တံ ဝိမုစ္စိဿတီတိ။

မေ၊ ငါ့အား။ စိတ္တံ၊စိတ်သည်။ ယာ၀၊ အကြင်မျှလောက်။ ကာလပတ်လုံး။ အနုပါဒါယ၊ (အဂ္ဂဟေတွာ)ခန္ဓာ ၅-ပါး

တွင် တပါးပါးသော ခန္ဓာကိုမျှ တဏှာ, မာန, ဒိဋ္ဌိ တို့ဖြင့် (ငါ၏ ခန္ဓာ, ငါ,ငါ၏ ကိုယ်ဟူ၍)မစွဲယူဘဲ။ အာသဝေဟိ၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဤ ၄-ပါး သော အာသဝေါတရားတို့မှ။ နဝိမုစ္စိသတိ၊ မလွတ်သေး။ တာဝ၊ (တတ္တကံကာလံ)ထိုမျှလောက်သော ကာလပတ်လုံး။ အဟံ၊ ငါသည်။ ဣမံပလ္လင်္ကံ၊ ဤဖွဲ့ခွေနေသော ထက်ဝယ် တင်ပျဉ်ကို။ နဘိန္ဒိဿာမိ၊ မဖျက်တော့အံ့။ ဣတိ၊ ဤသို့။ စိတ္တံ၊စိတ်ကို။နိက္ခိပိတ္ဝာ၊ ချ၍။ နိသိဒတိ၊ နေ၏-ဟု ဘုရားရှင် မိန့်တော်မူ၏။ ဤ၌လည်း စာမျက်နှာ (၁၃၉) တွင် ဖေါ်ပြ ထားသည့်အတိုင်း တရားဟောပြော နာကြား နေသည်ထက် တရားအားထုတ်နေသော (ဓမ္မဝိဟာရီ) ပုဂ္ဂိုလ်ကို ဘုရားရှင် အလိုတော်ရှိကြောင်း သိရှိအပ်၏။

ထိုမှတပါး သိရှိအပ်ပြန်သည်မှာ မဂ်ကိစ္စ, ဖိုလ်ကိစ္စ မပြီး လျှင် ဤထက်ဝယ် ဖွဲ့ခွေထားသော တင်ပျဉ်ကို မဖျက်ဆိုခြင်း ဖြင့် မဂ်ကိစ္စ, ဖိုလ်ကိစ္စ, ရဟန်းကိစ္စ မပြီးက မထတော့ပြီ၊ အသက်သေခြင်းကဝိ၍မွန်မြတ်၏ဟု မြတ်စွာဘုရားဆိုလိုရင်း ဖြစ်၏၊ ပါဠိတော် သက်သေ အထောက်အထားကား ယခင် ရေးသားခဲ့သော (ဝိပဿနာ အခြေခံနှင့် အဖြေမှန်ကျမ်း) ၌ ဝိပဿနာလုပ်လျက် နတ်ပြည်သို့ ရောက်ရှိသွားသော သမဏ နတ်သား အကြောင်းကို ဖေါ်ပြခဲ့ပြီ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာရှင်ကား(မဂ္ဂါမဂ္ဂညာဏဒဿန ဝိသုဒ္ဓိ) စခမ်းသို့ မရောက်မီ (ဒိဋ္ဌိဝိသုဒ္ဓိ)၊ (ကင်္ခါ ဝိတရဏ

ဝိသုဒ္ဓိ)၊ (၀၊-နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ် ၀၊-ဉာတပရိညာဏ် စခမ်းမျှလောက်ကို ပိုင်နိုင်စွာ ပွားများ နေလျက် သေခြင်းသည် အပါယ် ၄-ပါးသို့မကျရောက်ပြီဟု

ဣမိနာ ပန ဉာဏေန သမ္မန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ
လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော
နိယတဂတိကော စုဒ္ဒသောတာပန္နော
နာမ ဟောတိ။ ။ဟူ၍ မိန့်တော်မူခဲ့ပြီ။

ပန၊ အကျိုးကြီးမားသည်ကို ဆိုအံ့။ ဣမိနာဉာဏေန၊ ဤ ဆိုခဲ့ပြီးသော ယထာဘူတ ဉာဏ်နှင့်။ သမ္မန္နာဂတော၊ ပြည့်စုံ သော။ ဝိပဿကော၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ် သော ယောဂိသည်။ ဗုဒ္ဓသာသနေ၊ သဗ္ဗညူ ရှင်တော်ဘုရား သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာ ရှိသည်။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော တည်ရာရှိသည်။ နိယတ ဂတိကော၊ မြဲသော သုဂတိရှိသည် ဖြစ်၍။ စုဒ္ဒသောတာပန္နော နာမ၊ စုဒ္ဒသောတာပန်မည်သည်။ ၀၊-သောတာပန်ထွေးမည် သည်။ ဟောတိ၊ ဖြစ်၏။

ဤ သို့ လျှင် အဂ္ဂသာဝက မဟာသာဝကများနှင့် တကွ မြတ်စွာဘုရား ကိုယ်တော်တိုင် ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်ခြင်းသည်(အကောင်းဆုံး,အမွန်မြတ်ဆုံး, မွေလျော်သာယာဘွယ်အရှိဆုံး,ကြက်သရေမင်္ဂလာအဖြာဖြာ

အတိုးတက်ဆုံး)ဟူ၍ တနေရာထည်းတွင် တသဘောတည်း ချီးကျူး မိန့်တော်မူခဲ့ကြလေပြီ၊ ထိုပြင် ဝိပဿနာဘာဝနာကို ကြိုးစား ပွားများတော် မူကြရန် ဆက်လက် ဖေါ်ပြ လိုပြန်သည်မှာ အောက်ပါအတိုင်းပင်။

ဓမ္မဝိဟာရီ ပုဂ္ဂိုလ်

အရှင်ဘုရား အဘယ်သူကို တရားနှင့် နေသူဟု ခေါ်ဆိုရပါသနည်း ဘုရားဟု လျှောက်ထား၏၊ ထိုအခါ ဘုရားရှင်က အင်္ဂုတ္တိုရ် ပါဠိတော် ပဉ္စက နိပါတ်၊ ယောဓာဇီဝ ဝဂ်၌ အောက်ပါအတိုင်း ဟောတော်မူ၏။

ကိတ္တာဝတာနု ခေါ ဘန္တေ
ဘိက္ခု၊ ဓမ္မဝိဟာရီ ဟောတိတိ။

ဘန္တေ၊ အရှင်ဘုရား။ ကိတ္တာဝတာ၊ အ ဘယ် မျှ သော အတိုင်းအရှည်ဖြင့်။ ဘိက္ခု၊ ရဟန်းသည်။ ဓမ္မဝိဟာရီ၊ တရားဖြင့် နေလေ့ရှိသည်။ ဟောတိ၊ ဖြစ်ပါသနည်း။

ပရိယတ္တိဇဟုလော နောဓမ္မဝိဟာရီ။
ပညတ္တိဇဟုလော နောဓမ္မဝိဟာရီ။
သဇ္ဈာယဇဟုလော နောဓမ္မဝိဟာရီ။
ဝိတက္ကဇဟုလော နောဓမ္မဝိဟာရီ။

အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ်၊ ယောဓာဇီဝဂ်။

ဆိုလိုရင်းကား-

(၁) စာပေ လိုက်စား ကြိုးစားကာ နေသော ပုဂ္ဂိုလ်။

(၂) တရား ဟောကြားနေသော ပုဂ္ဂိုလ်။

(၃) ရှုတ်ဘတ်သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်။

(၄) သင်အံ့ လေ့လာပြီးသော စာပေကို ကြံစည်တွေးတော နေသော ပုဂ္ဂိုလ် တို့သည် တရားနှင့် နေသူ မဟုတ်သေးဟု မြတ်စွာ ဘုရား မိန့်တော် မူခြင်းဖြစ်၏။

ထိုပါဠိတော်၏ လိုရင်းမှာ အထက်ပါ ပုဂ္ဂိုလ် ၄-ဦးသည် မကောင်းဟု ဆိုလိုရင်း မဟုတ်၊ ထိုထက် ကျော်လွန်ကာ သမထ ဝိပဿနာ ဘာဝနာ တို့ကို တိုးတက် ပွားများ အားထုတ်ရန်ကို ညွှန်ကြား ဆိုလိုရင်းဖြစ်၏၊ ထိုသို့ ဘာဝနာကို ပွားများ သူသာလျှင် ဓမ္မဝိဟာရီ ပုဂ္ဂိုလ်မည်၏။

ဘုရား ရှင်သည် ထိုအမေးကို ပုဂ္ဂိုလ် ၅-ဦး ခွဲ၍ ပြ၏၊ တဦးမှာ ပရိယတ္တိကို သင်အံ့ လေ့ကျက်၍ ဝိပဿနာ ဘာဝနာကို ကြိုးစား အားထုတ်ခြင်းမရှိ၊ ထိုပုဂ္ဂိုလ်ကို (ပရိယတ္တိ-ဗဟုလ) ဟု ခေါ်ဆို အပ်၏၊ နောဓမ္မဝိဟာရီ - ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟူ၍ မခေါ်ဆိုအပ်။

တဦးမှာ စာပေသင်ကြား တတ်မြောက်ပြီး၍ သူတပါး အား တရားဟောပြော၏၊ မိမိကား ဆိတ်ငြိမ်ရာ အရပ်သို့

ကပ်၍ ဝိပဿနာ ဘာဝနာကို အားမထုတ်၊ ထိုပုဂ္ဂိုလ်ကို ပညတ္တိ ဗဟုလဟု ခေါ်ဆိုအပ်၏၊ (နောဓမ္မဝိဟာရီ) ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟူ၍ မခေါ်ဆိုအပ်။

တဦးမှာ သင်ကြား ရရှိအပ်ပြီးသော စာပေကို ရွတ်ဘတ် သရဇ္ဈာယ်၏၊ တဦးတည်း ဆိတ်ငြိမ်ရာအရပ်တွင် ဝိပဿနာ တရားကို အားမထုတ်၊ ထိုပုဂ္ဂိုလ်ကို သရဇ္ဈာယဗဟုလ ဟူ၍ ခေါ်ဆိုအပ်၏၊ (နောဓမ္မဝိဟာရီ) ဓမ္မဝိဟာရီ ပုဂ္ဂိုလ် ဟူ၍ မခေါ်ဆိုအပ်။

တဦးမှာ သင်ကြားအပ်ပြီးသော ပရိယတ် တို့ကို အဖန်တလဲလဲ ကြံစည်၏၊ မိမိကား ဝိပဿနာ တရားကို အားမထုတ်၊ ထိုပုဂ္ဂိုလ်ကို ဝိတက္ကဗဟုလ ဟူ၍ ခေါ်ဆိုအပ်၏၊ (နောဓမ္မဝိဟာရီ) ဓမ္မဝိဟာရီ ပုဂ္ဂိုလ် ဟူ၍ မခေါ် ဆိုအပ်၊ ဓမ္မဝိဟာရီပုဂ္ဂိုလ် အတွက်ကား အောက်ပါ အတိုင်း ပါဠိတော်တွင် လာရှိ၏။

သောတာယ ဓမ္မပရိယတ္တိယာ
နဒ္ဒိဝသံ အတိနာမေတိ နရိဿတိ။
ပဋိသလ္လာနံ အနုယုဇ္ဇတိ
အဇ္ဈတ္တ စေတောသမထ
ဝံခေါ ဘိက္ခဝေ ဘိက္ခု
ဓမ္မဝိဟာရီ ဟောတိ။

သော၊ ထိုပုဂ္ဂိုလ်သည်။ တာယဓမ္မ ပရိယတ္တိယာ၊ ထိုပရိယတ္တိကို သင်အံ့ လေ့ကျက်ခြင်း သူတပါးအား ဟောပြော

ခြင်း၊ရွတ်ဘတ် သရဇ္ဈာယ်ခြင်း၊အဖန်တလဲလဲ ကြံစည်ခြင်းဟု ဆိုအပ်သော ပရိယတ္တိ အလုပ်ဖြင့်။ ဒိဝသံ၊ နေ့ကို။ နအတိ နာမေတိ၊ မလွန်စေ။ ပဋိသလ္လာနံ၊ အထူးထူးသော အာရုံမှ ပယ်၍ ကမ္မဋ္ဌာန်း တည်းဟူသော တခုတည်းသော အာရုံ၌ စိတ်၏ ကိန်းဝပ်ခြင်းကို။ နရိဠ္ဠတိ၊ မဆိတ်စေ။ အဇ္ဈတ္တံ၊ မိမိ သန္တာန်၌။ စေတောသမထံ၊ စိတ်၏ကိလေသာမှ ငြိမ်းခြင်းဟု ဆိုအပ်သော သမာဓိကို။ အနုယုဉ္ဇတိ၊ အားထုတ်၏။

ဘိက္ခဝေ၊ သံသရာဘေးကိုရှုလျက် ရှိကုန်သော ရဟန်းတို့။ ဝေါဒေါ ဘိက္ခု၊ ဤရဟန်းသည်သာ၊ ဓမ္မဝိဟာရီ၊ တရားဖြင့် နေလျက်ရှိသည်။ ဟောတိ၊ ဖြစ်၏။

အထက်ပါ မေးခွန်း အတွက် ဘုရား ရှင်သည် ဥပမာ ဆောင်၍ ဆက်လက် ဟောတော်မူသည်မှာ စစ်သားတဦး သည် စစ်တိုက်သွားမည်ဟု ဆင်မြင်းတို့၏ ခြေဖြင့်နင်းသော မြှုပ်နှံတို့ကို မြင်ရုံမျှဖြင့် ကျဆုံး၏၊ ၀၊-စစ်တိုက် မလိုက်နိုင်ပြီ၊ ဒုတိယ စစ်သားတဦးကား ထိုမှ လွန်၍လိုက်၏၊ စစ်တပ်တို့ စုဝေးရာ အလံတိုင်သို့ ရောက်သောအခါ ကျဆုံး၏၊ ၀၊-စစ်တိုက် မလိုက်ရပြီ၊ တတိယ တဦးကား စစ်တပ်သားများ စုဝေးရာအလံတိုင်သို့ ရောက်သော်လည်း စစ်တိုက်ထွက်ရန်ဆူ ညံသော အသံတို့ကိုကြားရသောအခါ ကျဆုံး၏၊စစ်တိုက်ရန် မလိုက်ရတော့ပြီ၊ စတုတ္ထ ပုဂ္ဂိုလ်ကား စစ်တိုက် လိုက်၏၊ စစ်တိုက်၏၊ စစ်တိုက်ရာတွင် ဒဏ်ရာဖြင့် ကျဆုံးရ၏၊ ပဉ္စမ ပုဂ္ဂိုလ်ကား စစ်ကိုနိုင်အောင် တိုက်ခဲ့၏။

ဤအထက်ပါ စကားရပ်တွင် ပါဠိတော်၌ ဆက်လက်ပါရှိသည်မှာ ရဟန်းတပါးသည် ဤရှာဤရပ်၌ ဥစ္စာပေါ်၍ ရပ်ချောသောမိန်းမတယောက် ရှိလေ၏ဟု သူတပါး ပြောသံကြား၍ လူထွက်၏။

ဒုတိယ ရဟန်းကား မိန်းမချော တဦးကို မြင်ရုံ မျှနှင့် လူထွက်၏။

တတိယ ရဟန်းကား မိန်းမချောက ရယ်မော စကားပြောဆိုခြင်းဖြင့် လူထွက်၏။

စတုတ္ထ ရဟန်းကား မာတုဂါမသည် အနီး၌ ပွတ်သီးပွတ်သတ်နေ၏၊အနီး၌ သာယာဘွယ် စကားကိုဆို၏၊အနီး၌ အိပ်၏၊ ထိုရဟန်းသည် လူထွက်တော့၏။

ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ကား တရားကို လေ့ကျင့်ပါမျှားသဖြင့် အထက်ပါနည်းတို့ဖြင့် မကျဆုံးချေ၊ နောက်ဆုံး၌ မာတုဂါမသည် (စစ်တိုက်ရန်) ကိုယ်တိုင် လာရောက်သော် အခြားကျောင်းသို့ ပြောင်း၏၊ အခြားကျောင်းသို့ လာလတ်သော် သုဿန်သို့ ပြောင်း၏၊ သုဿန်သို့ လိုက်လတ်သော် နက်ရာတော တောင်သို့ ရှေ့ပြောင်းကာ ဝိပဿနာ ဘာဝနာကို စီးဖြန်းကာနေခြင်းဖြင့် စစ်ပွဲကိုအောင်နိုင်တော့၏၊ထိုကြောင့် နော ဓမ္မဝိဟာရီ အခြေအနေမှ ဓမ္မဝိဟာရီ အဆင့် အတန်းသို့ ရောက်ရှိရန် အထူးအားထုတ် ကြိုးစားတော်မူကြရာ၏၊ ထိုမှတဖန် ပရိယတ္တိတွင် ရပ်တန့်မနေမူ၍ ပဋိပတ္တိသို့ ကူးလှမ်းရန် ဘုရားရှင်သည် ပေါ်ဠိလမထေရ် မြတ်အား ဤသို့ မိန့်တော်

မှဘုံးပြီ၊ ချစ်သား ပေါ်ဌိလ သင်သည် (တုန္ဆ) အချည်းနှီး ဖြစ်ခဲ့ပြီတကား၊ချစ်သားသည် စာပေ ပရိယတ္တိကိုသာ သင်အံ ပို့ချနေ၏၊ ဥပမာ အားဖြင့် ဆိုသော် သင် ချစ် သား သည် ကန်ပေါင်ရိုးကိုသာ လုံခြုံစွာဆယ်၍ ကန်တွင်းရှိ ရေကိုကား သင်မသုံး ဆောင်ခြင်းကြောင့် ချစ် သား ပေါ် ဌိ လ သည် အချည်းနှီး ဖြစ်ခဲ့ရ၏ ဟု မိန့်တော်မူ၏၊ ပေါ်ဌိလ မထေရ် မြတ်သည် ထိုအချိန်၌ပင် ရဟန်းတရားကို အားထုတ်တော်မူ၏။

ထိုကြောင့် ကျွန်တော်တို့သည် ပရိယတ္တိကိုအားပေးတော်မူကြပါ၊ မိမိကိုယ်တိုင်လည်း ကြိုးစားသင်အံ လေ့ကျက်တော်မူကြပါ၊ ထိုနောက် ပရိယတ္တိတွင် ရပ်တန့် နေတော် မမူကြဘဲ ပဋိပတ္တိသို့တက်လှမ်းတော်မူကြပါ၊ဝါ-တနည်းကား နောဓမ္မ ဝိဟာရိ၌သာ ရပ်တန့် မနေမူ၍ ဘုရားရှင် အလိုတော် အကျ ဆုံးဖြစ်သော ဓမ္မဝိဟာရိ ပုဂ္ဂိုလ်ဖြစ်ရန် အထူး ကြိုးစားတော်မူကြပါ၊ သို့မဟုတ်ပါက ကာမဂုဏ် စစ်ပွဲတွင် ကျဆုံးဘွယ်ရှိပါသည်။

အတ္တဒတ္ထမထေရ်

အတိုချုပ်သော်ကား ဘုရားရှင်သည် ယနေ့မှသည် (၄) လမြောက်သော် ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့၊ထိုကြောင့် ဘုရား ရှင် ပရိနိဗ္ဗာန်မပြုမီ ၀ါသည် ရဟန်းကိစ္စကို ပြီးစေအံ့ ဟူသော စိတ်ဖြင့် မည်သည့် ပုဂ္ဂိုလ်နှင့် မျှလည်း ရောယှက်ခြင်း မပြုဘဲ၊

ဝိပဿနာ ဘာဝနာကို အားထုတ် ကြိုးစားလျက် နေ၏၊ ဘုရားထံသို့ သွားရောက်ခြင်းကို မပြုဟူ၏။

ထိုသောအခါ အခြားသော ရဟန်းတော်များက ဘုရားရှင်အား ထိုသို့သောအခြင်းအရာကို လျှောက်ထားကြကုန်၏၊ ထိုအခါဘုရားရှင်က ငါ၏ချစ်သားအတ္တဒတ္ထသည် ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မမူမီ ရဟန်းကိစ္စကို ပြီးအောင် ဆောင်ရွက်နေခြင်း ဖြစ်ရကား ငါဘုရားသည် သင်တို့ထက် အတ္တဒတ္ထအား ချီးကျူး၏ဟု မိန့်တော်မူ၏။ (ဓမ္မပဒ) ။

အနာထပိဏ်သူဌေးကြီး ဒိဋ္ဌာခြင်း

အနာထပိဏ် သူဌေးကြီးသည် သေခါနီးဌ ဘုရားရှင်၏ တရား တော်ကို နာလိုရှိ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ဤသို့သော သဘောရှိသော တရားကို ဟောတော်မူ၏။

သူဌေးကြီး မိမိကိုယ်ဌ ရှိသော စက္ခုပသာဒ, သောတပသာဒ ,ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ, မနောဒ္ဓါရတို့ကို တဏှာ,မာန, ဒိဋ္ဌိတို့ဖြင့် စွဲလမ်းကာ ငါ့ဥစ္စာ,ငါ, ငါ့ကိုယ်ဟူ၍ မဖြစ်စေအပ်။

ထိုအတူ စက္ခု ဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်,ဃာနဝိညာဏ်စိတ် စသည်တို့ကိုလည်း တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် ဧတံ

မမ၊ သောဟမသ္မိ၊ သော မေ အတ္တာ၊ ငါ့ဥစ္စာ, ငါ, ငါ့ကိုယ် ဟု မဖြစ်စေရန် ဝိပဿနာ ဘာဝနာကို ကျင့်အပ်ကြောင်း ဟောတော်မူ၏။

ထိုသို့ ရှင်သာရိ ပုတ္တရာ ကိုယ်တော် မြတ်ကြီး တရား ဟောတော်မူရာတွင် အနာထပိဏ် သူဌေးကြီးသည် မျက်ရည် တွေတွေ ယိုစီးကာ ငိုကြွေးလျက်ရှိ၏။

ထိုအခါအနီးဌာနရှိသော အာနန္ဒာအရှင်မြတ်က တကာ့ကြီး သေရမည့် ဘေးကို ထိုမျှ ကြောက်ရွံ့ တုန်လှုပ်သလော ဟု မေးတော်မူ၏၊ ထိုအခါ အနာထပိဏ်သူဌေးကြီးက လျှောက် သည်မှာ တပည့်တော် သေရမည့် ဘေးကို ကြောက်ရွံ့၍ မျက်ရည် ယိုစီး ငိုကြွေးခြင်းကို ပြုသည် မဟုတ်ပါ ဘုရား၊ ငိုကြွေးရခြင်း အကြောင်း ရင်းမှာ ထိုမျှ ကောင်းမွန် လှသော ဝိပဿနာ ဘာဝနာ တရားကို သေခါမနီးမီ ရှေးအဘိုက တခါဘူးမျှ မကြားဘူးပါ ဘုရား၊ ယခု သေရခါ နီးပါမှ တရား အားထုတ်ချိန် မရသောအခါကျကာမှ ဤတရားကို ကြားနာရခြင်းကြောင့် အချိန်မရှိမှုကို ဝမ်းနည်းမိ၍ မျက်ရည် ယိုစီးရခြင်း ဖြစ်ပါသည် ဘုရားဟု လျှောက်ထားဘူး ခဲ့ပြီကို ဥပရိပဏ္ဏာသ ပါဠိတော်၊ အနာထပိဏ္ဍကောဝါဒ သုတ်၌ လာ၏။

နှားကျောင်းသား ဥပမာ

တပါးတုံလည်း စာပေ ပရိယတ္တိကို လိုက်စား လာလျှက် စာတတ်မြောက် လာသောအခါ ပဋိပတ္တိ စခမ်းသို့ မတက်

လှမ်းသော ပုဂ္ဂိုလ်တို့အတွက် မြတ်စွာဘုရားရှင်သည် ဘာဝနာ စခမ်းကို တက်လှမ်းကြရန် နွားကျောင်းသား ဥပမာနှင့် ပြတော်မူသော ဓမ္မပဒပါဠိတော်၌ လာသည်မှာ-

ဗဟုမ္ပိစေ သံဟိတ ဘာသမာနော၊
နတက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါ ဂါဝေါ ဂဏယံ ပရေသံ၊
နဘာဂဝါ သာမညဿ ဟောတိ။

ယောနရော၊ အကြင်သူသည်။ သံဟိတံ၊ အစီးအပွားရှိသော ဝိဋ္ဌကတ်သုံးပုံကို။ ဗဟုံ၊ များစွာ။ ဘာသမာနောပိ၊ သင်ကြားပို့ချ ပြသဟောပြောသော်လည်း။ ပမတ္တော၊သတိမေ့လျော့ ပေါ့တန်သည်ဖြစ်၍။ တက္ကရော၊ ထိုပြုသင့်သော အနိစ္စ စသည်ဖြင့် နှလုံးသွင်းခြင်းကို ပြုသည်။ စေနဟောတိ၊ အဂတယ်၍ မဖြစ်အံ့။သောနရော၊ ထိုသူသည်။ဂေါပေါ၊ အခစား နွားကျောင်းသားသည်။ ဂါဝေါ၊ ကျောင်းသမျှသော နွားတို့ကို။ဂဏယံ-ဂဏယန္တော၊စေ့အောင် ရေတွက်၍။ ပရေသံ၊ နွားရှင် ဖြစ်သော သူတပါးတို့အား။ နိယျာတေတိ ဧဝ၊ ဆောင်သွင်း အပ်နှင်း လိုက်ရုံသာ သကဲ့သို့။ ပရေသံ၊ ကျင့်လိုသော ဆန္ဒရှိသော သူတော်ကောင်းတို့အား။ နိယျာတေတိ၊ ဆောင်နှင်း ပေးအပ် လိုက်ရသည် မည်၏။ သောနရော၊ ထိုပြောဆိုခြင်းများ အကျင့်ပါးသော သူသည်။ သာမညဿ၊ မဂ်ဖိုလ်တည်း ဟူသော ရဟန်းကျေးဇူး၏။ ဘာဂဝါ၊ အဘို့

ရှိသည်။နဟောတိ၊ မဖြစ်။ဤ၌ ၁၀-နှစ်၊၁၅-နှစ်မျှ ဒုက္ခခံကာ စာသင်ကြား လာပါလျက် စာတတ် လာသောအခါ ဝိပဿနာ ဘာဝနာကျင့်စဉ်ကို မတတ်သဖြင့် စာတတ်ပုဂ္ဂိုလ်၏ နစ်နာပုံကို ရှင်တော်ဘုရားသည် စာရင်းငှား သတောကို ဥပမာပြုကာ ဟောတော်မူသည်ကို ဆင်ခြင်တော်မူကြကုန်လော၊ ပေါ်ဌိုလ မထေရ်ကို ဘုရားရှင် ဆုံးမတော်မူသည် မှာလည်း ဤသတောပင်။

ပဌာစာရီ

အခါတပါး၌ ပဌာစာရီ အမည်ရှိ အမျိုးသို့သည် အမိ အဘ မောင် လင် ယောကျ်ား ရင်သွေး ဖြစ်သော သားနှစ်ယောက်တို့သည် မရှေးမနှောင်း သေကြေ ပျက်စီး သွားခြင်းကြောင့် ရူးသွပ်သော အဖြစ်သို့ ရောက်ရှိပြီးလျှင် ဘုရားရှင်နှင့် တွေ့သောအခါ ဘုရားရှင်သည် တရားရေအေးဖြင့် ဆွတ်ဖျန်းသည်ရှိသော် ပူဆွေးခြင်းဒုက္ခမှ သက်သာရာ ရရှိလာလေ၏၊ ထိုမှ တဖန် ဘုရားရှင်သည် ပဌာစာရီ အမျိုး သမီးအား အောက်ပါ ပါဠိတော်ဖြင့် မိန့်တော်မူ၏။

ယောစ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယ္ယော၊
ပဿတော ဥဒယဗ္ဗယံ။

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါး တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ အပသံ-အပသဿော၊ မရှု မမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာ ကာလ ပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအုံ့။ နသေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာ ၅-ပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿတော၊ ရှုမြင်သော ပုဂ္ဂိုလ်၏၊ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်း သည်။ သေယျော၊ မြတ်၏။

ဤ၌လည်း ရယ်ကာမောကာ ပျော်ရွှင်စွာဖြင့် အနှစ်တရာ အသက်ရှည်နေရခြင်းထက်ခန္ဓာ ၅-ပါးကိုအနိစ္စ,ဒုက္ခ,အနတ္တ ဟူ၍ လက္ခဏာရေး ၃-ပါးတင်ကာ ဝိပဿနာ ဘာဝနာကို တရက်မျှ ပွားများ နေသူကို ဘုရားရှင် ချီးကျူးတော်မူပြန် ခြင်းပင် ဖြစ်လေသည်။

ထိုမျှ မကသေး ဘုရားရှင်သည် ပဌမ ရှေးဦးစွာ ဟော တော်မူအပ်သော ဓမ္မစကြာ တရားတော်နှင့် အနတ္တသုတ်မှာ ဝိပဿနာ ဘာဝနာကို ပွားများရန်ပင် ဟောတော် မူခြင်းဖြစ် ၏၊ထိုနောက် ပရိနိဗ္ဗာန် ပြုတော့မည့်ဆဲဆဲ နောက်ဆုံး အရေး အကြီးဆုံး မှာကြား မိန့်တော်မူသွားသော ပါဠိတော်မှာ-

ဟန္ဒဒါနိ ဘိက္ခဝေ၊
အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ၊
အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟန္ဒဒါနိ၊ ယခုအခါ၌။ ဝေါ၊ သင်တို့အား။ အာမန္တယာမိ၊ ဟောကြားပေအံ့။ သင်္ခါရာ၊သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်သောသဘော ရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကုန်ကြလေ။

ဤ၌ ရှင်တော်ဘုရားသည် အရေးအကြီးဆုံး မိန့်တော်မူသွားသည်မှာ ချစ်သားတို့ ပြုပြင်စိမ်အပ်သော တရား အပေါင်းတို့သည် ပျက်စီးရခြင်းသာဖြစ်ခြင်းကို ချစ်သားတို့သည် မမေ့မလျော့ ဆင်ခြင်နေသောသဘော ရှိရစ်ကြကုန်လော့ဟု မိန့်တော်မူခြင်းမှာလည်း အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော ဝိပဿနာ ဘာဝနာကို သတိမပြတ် ဆင်ခြင်ကာ နေရစ်ခဲ့ကြကုန်လော့ဟု နောက်ဆုံး အရေးအကြီးဆုံး မှာကြား ဆုံးမသွားတော်မူခြင်းပင် ဖြစ်၏။

ထိုမျှ ဘုရားရှင် ဖြစ်တော်မူသည်၏ အစနှင့် ပရိနိဗ္ဗာန် ပြုတော်မူသည့် အဆုံး၌သာလျှင် ဝိပဿနာ ဘာဝနာကို ပြုကျင့်ရန် ဘုရားရှင်သည် ဟောတော်မူသည် မဟုတ်၊ ၄၅-နှစ်တို့ ပတ်လုံး၌လည်း ဝိပဿနာ ဘာဝနာကို ရှေးရှုလျက် ဟောတော်မူသော တရားတော်များသာ ဖြစ်လေသည်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသာလျှင် ဝိပဿနာတရားကို ရှေ့ရှု ဟောတော်မူသည် မဟုတ်သေး၊ တရားဟောသော ဓမ္မကထိက ပုဂ္ဂိုလ်၏ အရည်အချင်းကိုပင် အောက်ပါအတိုင်း ဝိုင်းဖြတ်တော် မူတုံသေး၏။

ဓမ္မကထိက

အခါတပါးဌ ရဟန်းတပါးသည် ဘုရားရှင်အား လျှောက်ထားသည်မှာ-

ဓမ္မကထိကော ဓမ္မကထိကောတိ,
ဘန္တေ ဝုစ္စတိ....။

(ခန္ဓသံယုတ်၊ ဓမ္မကထိကဝဂ်)၊ (သုဓမ္မဝတီ) စာမျက်နှာ ၁၁၃-ဌ အရှင်ဘုရား တရားဟောတတ်သော် ဓမ္မကထိကဟု ဆိုအပ်ပါ၏၊ တရားဟောနိုင် တရားဟောတတ်သော ဓမ္မကထိက၏ အတိုင်းအရှည်သည် အဘယ်အတည်မျှ ဖြစ်ပါသနည်း ဘုရားဟု အထက်ပါ ပါဠိကို အစချီ၍ လျှောက်ထား၏၊ ထိုသောအခါ ရှင်တော်ဘုရားက-

ရူပဿ စေ ဘိက္ခု
နိဗ္ဗိဒါယ ဝိရာဂါယ
နိရောဓာယ ဓမ္မံ ဒေသေတိ။
.....။

ဘိက္ခု၊ ရဟန်း။ ရူပဿ၊ ရုပ်ကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့စေခြင်းအကျိုးငှာ။ ဝိရာဂါယ၊ နှစ်သက်ခြင်းမှ ကင်းစေခြင်းအကျိုးငှာ။ နိရောဓာယ၊ ချုပ်ငြိမ်းစေခြင်း အကျိုးငှာ။ ဓမ္မံ၊တရားကို။ ဒေသေတိ၊ အကယ်၍ ဟောပြားအံ့။ တဿ၊ ထိုပုဂ္ဂိုလ်အား။

ဓမ္မကထိကောတိ၊ တရားဟော ဓမ္မကထိက ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

ထိုပါဠိတော်၌ ဆက်၍ လာရှိပြန်သည်မှာ အထက်ပါနည်း အတူ အကယ်၍ အကြင်ပုဂ္ဂိုလ် သည် ဝေဒနာကို, သညာကို, သင်္ခါရတို့ကို, ဝိညာဏ်ကို ငြီးငွေ့စေ ခြင်းငှာ နှစ်သက်ခြင်းမှ ကင်းစေခြင်း အကျိုးငှာ, ချုပ်ငြိမ်းစေခြင်း အကျိုးငှာ တရားကို အကယ်၍ ဟောပြောအုံ၊ ထိုပုဂ္ဂိုလ်အား တရားဟောနိုင်သော တရားဟောတတ်သော ဓမ္မကထိက ဟူ၍ ခေါ်ဆိုအပ်၏ဟု မိန့်တော်မူ၏။

ဆိုလိုရင်းကား ရုပ်,အစရှိသော ခန္ဓာ ၅-ပါးကို စက်ဆုပ်ရွံမုန်းလာအောင် ဒုက္ခအစစ် အမှန်ကို တရားနာ ပရိသတ်တို့အား နားလည်အောင်ဟောပြောနိုင်ခြင်း၊ ဒုက္ခ၏ ဖြစ်ကြောင်းတရားကို ပေါ်လွင် သိမြင်လာအောင် ဟော ပြောနိုင်ခြင်း၊ ထိုဒုက္ခအပေါင်းမှ လွတ်ရာ ကျွတ်ရာ ဖြစ်သော ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါဟု ထင်ရှားလျက် ရှိသော ကျင့်စဉ် လမ်းမြတ်ဖြစ်သော မဂ္ဂင်ရှစ်ပါးတို့ကို သဘာဝ ဆိုက်အောင် ကျနနားလည်အောင် ဟောပြော နိုင်သော ပုဂ္ဂိုလ်ကို ဓမ္မကထိက ဟု ခေါ်ဆိုအပ်၏၊ တနည်းဆိုသော် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် တည်းဟူသော ပရမတ္ထသဘာဝတို့ကို သဘောပေါက်အောင် ဟောပြော နိုင်သော ပုဂ္ဂိုလ်အား ဓမ္မကထိက ဟူ၍ ခေါ်ဆိုအပ်၏ဟု ရှင်တော်ဘုရား အတိုင်း အထွာ သတ်မှတ် ချထားခဲ့ခြင်းဖြစ်၏။

ဤသို့လျှင် တရားတကာတို့တွင် အကျိုး အများဆုံး ဖြစ်သော ကုသိုလ်တကာတို့တွင် အကောင်းဆုံး ဖြစ်သော မြတ်စွာဘုရားရှင်အလိုတော်အရှိဆုံးဖြစ်ထသော အပါယ် ၄-ပါး ကို ပိတ်စေ၍ အစဉ်သုခချမ်းသာကို ဝိသာခါ, အနာထပိဏ်, သိကြားမင်းတို့ကဲ့သို့ ဘုံစဉ်စံကာ ခံစားနေရသောသောတာပန် ဘဝသို့ ရောက်ရှိတော်မူကြပါရန် ဝိပဿနာ ဘာဝနာကို ကြာသည်ဖြစ်စေ၊ မကြာသည်ဖြစ်စေ၊ အားတိုင်း အားတိုင်း ခဏတိုင်း ခဏတိုင်း လေ့ကျင့် ပွားများ ပေးပါက တနေ့ထက် တနေ့ တလထက် တလ သောတာပန် ဖြစ်ခမ်းသို့ နီးကပ်လာရမည်မှာ မြေကြီးလက်ခတ်မလွဲတည်း၊မဂ်ဖိုလ်ကို မြန်မြန် အလိုရှိမူ များများကြိုးစား ပေးတော်မူပါလေ။

ဝိပဿနာ ဘာဝနာကို မကြာခဏ ပွားများလေလေ ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဘုံတို့နှင့် ဝေးလေလေဖြစ်၏၊ ထိုမှ တတန် ဝေလာမသုတ်ကို ထောက်ပြန်သော် တခဏမျှ ဝိပဿနာ ဘာဝနာပြုလုပ်သဖြင့် ရရှိအပ်သော ကုသိုလ်သည် သိန်းသန်းချီ၍ လှူအပ်သော ဒါနထက် အကျိုးများကြောင်းကို ရှင်တော်ဘုရား မိန့်တော်မူခြင်းကို ထောက်၍ ဒါနသီလကို လုပ်နိုင်သမျှ လုပ်ကြပြီးလျှင် ထိုဒါနသီလတွင် ရပ်တန့်နေတော် မမူကြဘဲ ဝိပဿနာ ဘာဝနာ ကုသိုလ်ကို တက်လှမ်းကြိုးစား ပွားများတော် မူကြပါ။

ဝိပဿနာ ဘာဝနာ လုပ်ငန်းမှာ သဘာဝကို သဘောမပေါက်မီ·ခက်သည်ဟု ထင်ရသော်လည်း သဘောပေါက်

သွားပါလျှင် မခက်တော့ပါ၊ ထိုကြောင့် ဝိနည်း အကျော်ရှေ့ညမင် ဆရာတော်က-

လယ်လုပ်မခက်၊ လယ်တည်ခက်၏။
အကျင့်မခက်၊ အသိခက်၏။
သူတော်မခက်၊ ပညာရှိခက်၏။
ဟု မိန့်ဆိုတော် မူခဲ့ဘူးလေသည်။

ဝိပဿနာ လုပ်ငန်းကို တကယ်သဘောပေါက်လာသော အခါ ရရှိထားသော သဘာဝကို သဘော ပေါက်မှု အသိ ဉာဏ်ကလေးကို ဖြုတ်ပစ်စမ်းပါ၊ မေ့ပစ်စမ်းပါ၊ ဤ၍ဤမျှ သော တိုင်းပြည်ကြီးနှင့် တကွ စည်းစိမ် အမျိုးမျိုးကို ပေးပါ မည် ဆိုသော်လည်း မိမိဝိပဿနာ ဘာဝနာ အသိတရားနှင့် မလဲနိုင်တော့ပြီ၊ ဤသို့ရေးသားဖေါ်ပြခြင်းသည်နည်းသေး၏၊ ဝိပဿနာ ဘာဝနာ အရသာကား စာဖြင့် တိကျစွာချီးမွမ်း၍ မရစကောင်းချေ။

အကြောင်းသော်ကား ဒုးရင်းယိုကို ကြိုက်၍ စားဘူးသူ ကား ဒုးရင်းယို၏အရသာကောင်းပုံကို သူတပါး စားချင်လာ အောင် စာဖြင့် ရေးသားနိုင်ရန် ခဲယဉ်းသည်ထက် ဝိပဿနာ ဘာဝနာ၏ အရသာကို ရေးသားဖေါ်ပြရန်မှာ အဆ အရာ အဆအထောင် အဆအသိန်းပို၍ ခဲယဉ်းဘိ၏၊ ထိုကြောင့် "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ" ဟူ၍ သိကြားမင်း လျှောက် ထား မေးမြန်းချက်ကိုအကြောင်းပြု၍ ရှင်တော်ဘုရား ဖြေဆို တော် မူခဲ့လေပြီ၊ (ဓမ္မပဒ)။

ထိုကြောင့် အတိုင်းအထွာ မရှိနိုင်သော ဝိပဿနာ ဘာဝနာ၏ အရသာ ရရှိရေးအတွက် ခဏတိုင်း ခဏတိုင်း အချိန်ရှည်သည်ဖြစ်စေ၊ အချိန်တိုသည် ဖြစ်စေ၊ ကြိုးစား ပွားများတော်မူကြပါ၊ ဝိပဿနာ ဘာဝနာ လုပ်ငန်းမှာ အလုပ် လုပ်ရန်ထက် သဘာဝကို သဘောပေါက်ရန် ပဌမ အထူးအရေးကြီးလှပေ၏။

သဘာဝကို
နိုင်ရမည်

မည်သည့် လုပ်ငန်းမဆို သဘာဝကို နိုင်နင်းရန်မှာ အထူး အရေးကြီးလေသည်၊ သဘာဝကို မနိုင်နင်းက ဝါ-အလုပ် တခုကို လုပ်ရာ၌ သဘော မပေါက်ပါက အချိန်မကုန်သင့်ဘဲ အချိန်ကုန်ရ၏၊စိတ်မညစ်သင့်ဘဲလျက် စိတ်ညစ်ရ၏၊မပင်ပန်း သင့်ဘဲ ပင်ပန်းရ၏၊ ပိုက်ဆံအပို မကုန်သင့်ဘဲ အပိုကုန်ရ၏၊ တခါတရံ မူလ လိုရင်းသို့ ရောက်သင့်ပါလျက် မရောက်ဘဲ လည်းရှိတတ်၏။

လောကီစကားအရ "အမေမှာတဲ့ဆန်တခွဲ သုံးစိတ်ရတော့ မလဲ" ဆိုသည်မှာ ဆန်တတင်းတွင် ဘယ်နှစ်စိတ် ရှိသည်ကို မသိ၊ ဆန်တခွဲဆိုသည်မှာ ၂-စိတ်မျှသာရှိ၍ ၃-စိတ်ပေးခြင်း မှာ အမေမှာလိုက်သော ဆန်တခွဲထက်များသည်ကို သဘော မပေါက်ခြင်း ကြောင့်သာ အကျိုး ကျေးဇူး ခံစားရန် အခွင့် ရရှိပါလျက် မခံစားလိုက်ရခြင်း ဖြစ်လေသည်။

တနည်း ဥပမာသော်ကား သူဌေးကြီး တဦးတွင် သား တယောက်သာရှိ၏၊ထိုသူဌေးကြီးသည်မိမိသားအား အရက် မသောက်ရန်နှင့် ဆေးလိပ်မသောက်ရန် အကြိမ်ကြိမ်အခါခါ ဆိုဆုံးမ၏၊ သူဌေးသား သည်ကား အဘ - ပြောဆိုရင်း သဘာဝကို သဘော မပေါက်မိဘဲ၊ မိမိ၏ အသိဉာဏ်ဖြင့်

ဆင်ခြင် သည်မှာ ငါ-ဆေးလိပ် သောက်၍ သော်ရင်း၊ ငါ-အရက် သောက်၍ သော်ရင်း၊ ငါတို့ ပိုင်ဆိုင်သော ငွေတွေ ကုန်နိုင်စရာ မရှိဘူး၊ ငါဟာ သူများလို အရပ်ထဲ ရှာထဲ၌ ကာလသား ပေါင်းစုံနှင့် ပျော်ပါး သောက်စား နေတာ မဟုတ်ဘူး၊ငါ့တယောက်ထဲအိမ်မှာစိတ်တိုင်းကျကျ သောက်နေတာဘဲဟု သဘောပေါက်ကာ သူဌေးကြီး မရှိသောအချိန်တွင် မိမိအခန်းတွင်း၌အမြဲအရက်သောက် ဆေးလိပ်သောက်လျက် ရှိ၏၊ဤတွင် သူဌေးသားသည် သဘာဝ ဆိုလိုရင်းကို သဘော မပေါက်ခြင်းကြောင့် ဖြစ်၏။

တနေ့သောအခါ သူဌေးကြီးက မိမိသားကို ခေါ်၍ တဖန် ဆုံးမ ပြန်၏၊ ဆုံးမပုံကား-ငါ့သား ငါတို့၌ သားသမီးဟူ၍ မင်းတယောက်သာရှိ၏၊ငါတို့ပစ္စည်းဥစ္စာကား များလှပေ၏၊ ငါ့သား သေသွားမည်ကို အလွန်စိုးရိမ်လှ၏၊ ငါတို့မှာ မျိုးရိုး အားဖြင့် အဆုတ်နာ ရောဂါရှိ၏၊ အဆုတ်နာဟာ အရက်တို့ ဆေးလိပ်တို့နှင့် မတွဲဘူး၊ဒီတော့ ငါ့သား အဆုတ်နာ ထလာ ပြီး သေသွားရင် ငါတို့ ဥစ္စာပစ္စည်းတွေ ဘယ်သူခံစား စံစား မလဲဟု သဘော သဘာဝကို ပြသလိုက်သောအခါမှ သူဌေး သားသည် ပြောဆိုလိုရင်း သဘောကို သိရှိကာ မည်သည့် အခါမျှ အရက်နှင့် ဆေးလိပ်ကို မသောက်ရဲတော့ပေ၊အဘိုး အခ မပေးရဘဲ ရသော်လည်း မသောက်နိုင်တော့ပြီ၊ဤကား အရက်သောက်ခြင်း,ဆေးလိပ်သောက်ခြင်း၏ ပြောဆိုလိုရင်း အကျိုးအပြစ်ကို သိရှိ သွားခြင်းကြောင့် ဖြစ်၏၊ ဤသို့လျှင် ငယ်သား များကို သွန်သင်ဆုံးမ ပြသရာ၌ မူလ သဘာဝကို

သဘောပေါက်အောင် ပြောဟော ပြသပေးရာ၏၊ တနည်း ဆိုဦးအုံ့။

ဆရာတော်ဦးဗုဒ္ဓ

အခါတပါးတွင် ရှင်ဘုရင်ကြီးသည် ဆရာတော်ဦးဗုဒ္ဓအား မိမိ မရှင်းလင်းသော အချက် တရပ်ကို အောက်ပါ အတိုင်း လျှောက်ထား မေးမြန်း၏။

အရှင်ဘုရား စာတတ် ပုဂ္ဂိုလ်ဟူသည် အဘယ်ပါနည်း ဘုရားဟု တပည့်တော်က ဆရာတော်များကို လျှောက်ထား ခဲ့ရာ ဆရာတော် တပါးက အမိန့်ရှိသည်မှာ ကျမ်းဂန်ကို စာပုလ္လေခင်း၍ ဆရာကောင်းများထံတွင် နှစ်ပေါင်း များစွာ ဒုက္ခခံယူပြီး ပါဠိတော်များကို မြန်မာလို ဟောပြောနိုင်သည့် ပုဂ္ဂိုလ်ကို စာတတ် ပုဂ္ဂိုလ်လို့ ခေါ်တာပေါ့ တကာတော်ရဲ့ ဟု အမိန့်ရှိပါသည် ဘုရား။

အခြား ဆရာတော် တပါးကတော့ သုတ်, ဝိနည်း, အဘိ ဓမ္မာ, ဝိဋ္ဌကတ် ၃- ပုံကို အာဂုံ ဆောင်နိုင်သည့် ပုဂ္ဂိုလ်ဟာ စာတတ် ပုဂ္ဂိုလ်ပေါ့ တကာတော်ဟု အမိန့်ရှိပါသည် ဘုရား။

တတိယ ဆရာတော် တပါးကတော့ ဝိဋ္ဌကတ် ၃ - ပုံနှင့် တကွ သဒ္ဒါကျမ်းများ နိုင်နင်းပြီး ရဟန်းပရိသတ် လူပရိ သတ်ကို တရားကျနစ္စာ ဟောနိုင်သည့် ပုဂ္ဂိုလ်ကို စာတတ် ပုဂ္ဂိုလ် ခေါ်ရသည် တကာတော်ဟု အမိန့်ရှိပါသည် ဘုရား။

ထိုကြောင့် စာတတ်ပုဂ္ဂိုလ် ဆိုသည်မှာ အဘယ်ပုဂ္ဂိုလ်မျိုး ဖြစ်သည်ဟု အရှင်ဘုရားက ဆုံးဖြတ်တော် မူပါသနည်းဟု ရှင်ဘုရင်ကြီးက တကြိမ်ထပ်မံ လျှောက်ထားပြန်သတတ်။

ထိုအခါ ဆရာတော် ဦးဗုဒ္ဓက အမိန့်ရှိတော် မူသည်မှာ ဟုတ်တာပေါ့ တကာတော် ဆရာတော်များ အမိန့်ရှိတော် မူကြသည်မှာ အမှန်ချည်းပင် ဖြစ်တော့၏၊ သို့သော် တကာတော်က ထိုမျှနှင့် မတင်းတိမ်သေးလို့ရှိလျှင် တဆင့်တက်ပြီး စာတတ်ပုဂ္ဂိုလ်ကို ဘုရားရှင် အလိုတော်ကျ, အတိုင်း ပြောဆိုရရင် သုတ်,ဝိနည်း,အဘိဓမ္မာ တရားတော်များကို သဘော သဘာဝ ကျနအောင် နားလည် ရမည်၊ ဤ တရားကို ဤပုဂ္ဂိုလ်အား မြတ်စွာဘုရား ရှင်သည် အဘယ်ကြောင့် ဟောရသည်, ထိုတရားကို ထိုပုဂ္ဂိုလ်အား မြတ်စွာဘုရားရှင်သည် အဘယ်ကို ရည်ရွယ်၍ ထိုကဲ့သို့ ဟောတော်မူသည် စသော တရားတော်၏ မူလသဘော သဘာဝကို ပိုင်နိုင်စွာ နားလည်ရမည်၊ထို နားလည်သည့်အတိုင်း မိမိလည်း ကျင့်၏၊ သူတပါးကိုလည်း ဟောပြောနိုင်၏၊ ထိုပုဂ္ဂိုလ်ကို စာတတ်ပုဂ္ဂိုလ် ခေါ်ဆို၏ဟု ဆရာတော် ဦးဗုဒ္ဓက မိန့်ဆိုတော်မူဘူးသည်ကို ဆရာဘုန်းကြီးထံမှ တဆင့်နာခံ မှတ်သားရ ဘူး၏။

ဆရာတော် ဦးဗုဒ္ဓ၏ မိန့်တော်မူလိုရင်းမှာ မြတ်စွာဘုရား ရှင်သည် သဒ္ဓါတရား နည်းပါးလှသော ပုဂ္ဂိုလ်ကို ဒါန လုပ်ရန် ဟောတော်မူ၏၊ အချို့ထိုထက်ရင့်သန်သော ပုဂ္ဂိုလ်ကို သီလ,သမထ စသည်တို့ကို ကြိုးစားအားထုတ်ရန် ဟောတော်

မှု၏၊ ထိုထက်ရင့်သော ပုဂ္ဂိုလ်များအတွက်ကို တဆင့်တက်ကာ ဝိပဿနာ ဘာဝနာကို ကြိုးစားအားထုတ်ရန် ဟောတော်မူ၏၊ ထိုသို့သော အကြောင်းများနှင့်တကွ ပါဠိတော်၏ သဘော သဘာဝကို ဂုဏ်,ဒြပ်,အနက် အဓိပ္ပါယ်ကို ကျနစ္စာသိမှသာလျှင် တရားဟောရာ တရားအားထုတ်ရာတွင် နည်းမှန် လမ်းမှန်ကျ၍ ထိုက်တန်သောအကျိုးကို ကျပ်ပြည့် တင်းပြည့် ခံစားနိုင်ဘွယ် ရှိလေသည်၊ သဘာဝကို သဘောပေါက်ရန် အရေးကြီးခြင်းကြောင့် ဆက်၍ဖော်ပြဦးအံ့။

ဗုဒ္ဓါနုဿတိ

အများအားဖြင့် သဘာဝကို သဘောပေါက် မပေါက်ကို ဥပမာတခု ပြုရသော် သမထဘာဝနာသည် အပြားအားဖြင့် ၄၀-ရှိ၏၊ ထိုသည်တို့ကား ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊အနုဿတိ ၁၀-ပါး၊အပွမညာ ၄-ပါး၊ သညာ ၁-ပါး၊ ဝဝတ္ထာန် ၁-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၄၀- ဟူ၍ ရှိရာ အချို့တို့သည် အနုဿတိ ၁၀-ပါးတွင် တပါးအပါအဝင် ဖြစ်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများ၏ဟု ဆိုရာ၌ အဘယ်ကဲ့သို့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများပါသနည်းဟု မေးသောအခါ အချို့ဖြေဆိုသည်မှာ ဗုဒ္ဓါနုဿတိ-ဗုဒ္ဓါနုဿတိဟူ၍ ပါးစပ်မှ ရွတ်ဆိုကာ ဗုဒ္ဓါနုဿတိ တခါဆိုလျှင် ပုတီးတလုံးချကာ တကြိမ်လျှင် ပုတီး တပတ်ရအောင်, ၂-ပတ်ရအောင်, ၃-ပတ်ရအောင် ပုတီးစိတ်၏ဟု ဖြေဆိုသည်ကို မကြာခဏ ကြားဘူးကြပေလိမ့်မည်။

ဤ၌ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆအနုသတိနိဒ္ဒေသ၌ လာရှိသည်မှာ-

ဗုဒ္ဓ အာရဒ္ဓ ဥပ္ပန္နာ
အနုသတိ ဗုဒ္ဓါနုသတိ
ဗုဒ္ဓါဂုဏ ရမ္မဏာယ
သတိယာ တေမဓိဝစနံ။

ဗုဒ္ဓံ၊ ဘုရားဂုဏ်တော်ကို။ အာရဒ္ဓ၊ အာရုံပြု၍။ ဥပ္ပန္နာ၊ ဖြစ်သော။ အနုသတိ၊ အဖန်တလဲလဲ အမြဲမပြတ် အောက်မေ့ခြင်းသည်။ ဗုဒ္ဓါနုသတိ၊ ဗုဒ္ဓါနုသတိ မည်၏။ တေံ၊ ဤ ဗုဒ္ဓါနုသတိ ဟူသော အမည်သည်။ ဗုဒ္ဓါဂုဏ ရမ္မဏာယ၊ ဘုရားဂုဏ်တော်၌ မှေ့လျော်သော။ သတိယာ၊ သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဆိုလိုရင်းကား စိတ်ကို အခြားတပါးသို့ မပြန့်လွင့်စေဘဲ ရှင်တော်ဘုရား၏ ဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့နေခြင်း၊ သဒ္ဓါတရားအား လျော်သော အောက်မေ့ခြင်း သတိ စေတသိက်သည် ဗုဒ္ဓါနုသတိ မည်၏။

တနည်းရှင်းအောင် ဖော်ပြရသော် အဖန်ဖန်ထပ်တလဲလဲ အခြားသို့ စိတ်မပြန့်လွင့်စေဘဲ ဘုရားရှင်၏ ဂုဏ်တော်ကိုသာ အာရုံပြုကာ ပွားများနေရမည်ဟု ဆိုလိုရင်းဖြစ်၏။

ဤသို့ဆိုလျှင် ဗုဒ္ဓါနုဿတိ-ဗုဒ္ဓါနုဿတိ ဆိုကာ ပုထိုးစိတ်နေခြင်းမှာ ဘုရားဂုဏ်တော်ကို အဖန်တလဲလဲ ပွားများနေရမည်၊ ဘုရားကို အဖန်တလဲလဲ ပွားများနေရမည်ဟု ပြောဆိုနေခြင်းမျှသာ ဖြစ်၍နေပေတော့၏၊ ဘုရားဂုဏ်တော်ကို အာရုံပြုနေခြင်း အနက်အဓိပ္ပါယ် မပါမရှိတော့ချေ၊ ဗုဒ္ဓါနုဿတိ ပွားများဆင်ခြင်ပုံကို အတိုဆုံးအနည်းငယ်အားဖြင့် ဖော်ပြရသော်-

> ဘုရားရှင်၏ဂုဏ်တော်သည် အတိုင်း အရှည်မရှိ ကြီးမားတော်မူလှပေ၏၊ ဘုရားရှင်သည် လောဘမှ ကင်းဝေးတော်မူပေ၏၊ ဘုရားရှင်သည် ဒေါသမှ ကင်းဝေးတော်မူပေ၏၊ ဘုရားရှင်သည် မောဟမှ ကင်းဝေးတော်မူပေ၏။

ဟူ၍ စိတ်ကို အခြားသို့ မပြန့်လွင့်စေဘဲ ဘုရားရှင်၏ဂုဏ်တော်ကိုသာ အာရုံပြုနေခြင်းသာ ဖြစ်ရပေမည်၊ တနည်းဆိုသော် သောဘဂဝါ ဣတိပိ အရဟံ၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ သောဘဂဝါ ဣတိပိ သုဂတော စသည့် အနက်အဓိပ္ပါယ်တို့သာလျှင် ဖြစ်ရပေမည်။

ဤသို့လျှင် ယခုအခါ အချို့ဗုဒ္ဓဘာသာဝင်တို့သည် ပုထိုးစိတ်ကိုပင် သဘာဝကျအောင် မသိရှိကြရှာတော့ပေ။

No. 11

ပါရမီ

ပုဂ္ဂိုလ် အချို့တို့ ပြောဆိုလေ့ရှိကြသည်မှာ မိမိ၌ ပါရမီမရှိ၊ ထိုကြောင့် ဤအလုပ်မျိုးကို ကျုပ်တို့တော့ လုပ်၍ မဖြစ်နိုင်ဟု ဆိုကာ လက်လျှော့ထားသူများကို တွေ့ရှိရ၏၊ ဤ၌သဘာဝကို သဘော မပေါက် သည် ကား ပါရမီ ဆိုသည်မှာ အလို အလျောက် မိမိထံသို့ ပြေးဝင်ရောက်ရှိလာသည် မဟုတ်၊ မိမိ ကပြုကျင့်ပေးမှသာ တဆင့်ထက် တဆင့် တနေ့ထက် တနေ့ တိုးတက် ရင့်သန်လာသော တရား သဘာဝဖြစ်၏၊ ဤသည် တို့ကား သဘာဝကို သဘော မပေါက်ပုံများဖြစ်၏၊ တနည်း ဆိုဦးအုံ့။

ဆရာကောင်း

အချို့ပုဂ္ဂိုလ်တို့သည် တမင် တဖိုလ် ရ ရှိရေး အတွက် ကြိုး စားရာတွင် ဆရာကောင်း ဆရာမှန် ရရှိဘို့ အရေးကြီးသည်ကို သဘော မပေါက် ကြသဖြင့် ခရီး ရောက် သင့် သလောက် မရောက်ရှိကြသည်ကို တွေ့ရှိရ၏၊ သီလကွန်ပါဠိတော်သာမည ဖလသုတ် အဆုံး၌ လာရှိသည်မှာ-

ဒေါ.... ချစ်သား ရဟန်းများတို့၊ ဤအဇာ တသတ်မင်းသည်၊ တရားသဖြင့် မင်းပြုသော ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို သတ်ခြင်း ဖြစ်သော ပိတုဃာတကံ မရှိခဲ့ပါလျှင် ဤ နေရာ၌ပင် သောတာပန်ဖြစ်လတံ့။

ဟု ရှင်တော်ဘုရား မိန့်တော်မူ၏၊ ဤ၌ အဇာတသတ် မင်းသည် ကြီးစွာသော မဂ်အကျိုး, ဖိုလ်အကျိုးကို ရနိုင်ပါလျက် ဆရာပေါင်း မှားခြင်းကြောင့် အကျိုး မရောက်ရခြင်း ဖြစ်၏၊ ရှင်တော်ဘုရားသည် ဝိပဿနာ ဘာဝနာ လုပ်ငန်းတွင် ဆရာကောင်းရှိရေးအတွက် အထူးထပ်ကာထပ်ကာ မိန့်တော်မူခဲ့လေသည်။

အတ္တကိလမထာနုယောဂ

တရားကြိုးစား အားထုတ်ရာတွင် သဘာဝကို နိုင်သော် အရောင်ရောင် အမှားမှား ဖြစ်ခြင်းမှ ကင်းဝေးစေ၏၊ တမဂ် တဖိုလ် ရရှိရေးမှာ စိတ်သည် အလွန် တည်ငြိမ်ရ၏၊ အလွန် တည်ကြည်သော သမာဓိ ဖြစ်ရ၏၊ ထိုကြောင့် မိမိကိုယ်ကို ဒုက္ခရောက်စေသော အကျင့်သည် မဂ်တရား, ဖိုလ်တရားကို ရစေတတ်သော အလေ့အကျင့် မဟုတ်ဟု ပဋ္ဌဝဂ္ဂ ၅-ဦးတို့ အား မိန့်တော်မူသည်မှာ-

ယောစာယံ အတ္တကိလမထာနု
ယောဂေါ ဒုက္ခော
အနရိယော အနတ္ထသံဟိတော။

ဒုက္ခော၊ ဆင်းရဲခြင်းကို ဆောင်တတ်သော။ အနရိယော၊ အရိယာတို့၏ ဥစ္စာ မဟုတ်သော။အနတ္ထ သံဟိတော၊အကျိုးစီးပွားနှင့် မစပ်သော။ အတ္တကိလ မထာ နုယောဂေါ၊ မိမိ

ကိုယ်ကို ပင်ပန်း နွမ်းနယ်ခြင်းကို ဖြစ်စေတတ်သော။ ယောစာယံ- ယောစ အယံ အဇ္ဇော၊ အကြင်တရားအစုသည်ရင်း။ အယုတ်တရားအစုမည်၏။

ဤသို့ သ ဘာ ဝ ကို သ ဘော ပေါက် လောက် အောင် ကြားဘူး,နားဝမရှိခြင်းကြောင့် မိမိကိုယ်ကို မိမိ ရှုံးရဲ ရှုံးရဲနှင့် ပုံးဆိုမှုံးလဲအောင် ကျင့်သည် မျှားမှာလည်း အတ္တကိလမထာ နုယောဂ ဖြစ်သဖြင့် ရှောင်ကြဉ်အပ်၏။

ရှင်တော် ဘုရားသည် ထို အတ္တ ကိ လ မ ထာ နုယောဂ အကျင့်ကို မလေ့ကျင့်ဘဲ မဇ္ဈိမ ပဋိပဒါ အလယ် အလတ်ဖြစ်သော မဂ္ဂင် ရှစ်ပါးကို လိုက်နာ လေ့ကျင့်ရန် မိန့်တော် မူခဲ့လေပြီ၊ ထိုကြောင့် ဆရာကောင်း ရရှိမှု အရေးကြီးသည်ကို လည်း သတိပြုအပ်၏၊ ဝါ- စာအုပ်ကောင်းကို ဘတ်ရှုရန် အရေးကြီးသည်လည်း ဟူ၏။

ဒုရင်္ဂမံ ဧကစာရံ

ဝိပဿနာ ဘာဝနာ လုပ်ငန်း၏ သဘာဝမှာ စိတ်ကို နှိုင်အောင် စောင့်စည်း ချုပ်တည်းနိုင်ခြင်းဖြစ်၏၊ အခါတပါးဌ ဆွမ်းစားနေသောဆရာတော်အား ကိုရင်တပါးသည်ယပ်ခပ်ပေးနေရင်း စိတ်ကူးသည့် အတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်၏။

ငါသည် လူထွက်၍ အိမ်ထောင်ပြုမည်၊ အိမ်ထောင် ပြုသဖြင့် သားဦး တယောက်ရရှိမည်၊ ထိုအခါ ငါတို့ သားအမိ

သားအဖ ၃-ယောက်လှည်းယာဉ်ဖြင့် ခရီးသွားမည်၊ခရီးတွင် ခလေးသည် လှည်းပေါ်မှ အောက်ကျသွား၏၊ ထိုအခါ ဖိခင် လုပ်သူအား ခလေးကို မစောင့်ရှောက်၊ ပေါ့လျော့ ရမလား ဟု ဆိုကာ နွားမောင်းသော ကြိမ်လုံးဖြင့် ဤလို ရိုက်မည် ဆိုကာ လက်တွင် ကိုင်ထားသော ယပ်ဖြင့် ရိုက်လိုက်ရာ ဆွမ်း စားနေသော ဆရာတော်ကို ရိုက် မိ လေ ၏၊ ဤ သည် ကို အကြောင်းပြု၍ စိတ်ကိုနိုင်အောင် ချုပ်တည်းနိုင်ရန် ရှင်တော် ဘုရားက မိန့်ကြား ဆုံးမတော် မူသည်မှာ-

ဒုရင်္ဂမံ ကေစာရံ၊
အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊
မောက္ခန္တိ မာရဗန္ဓနာ။

ဒုရင်္ဂမံ၊ ဝေးသော အရပ်၌တည် သော အာရုံသို့ လည်း သွားတတ်ထသော။ကေစာရံ၊တခုချုပ်ပြီးမှ တခုဖြစ်ထသော။ အသရီရံ၊ ကိုယ်လည်း မဟုတ်ထသော။ ဂုဟာသယံ၊ မဟာ ဘုတ်တည်းဟူသော လိုဏ်လျှင် တည် ရာ ရှိ ထ သော။ စိတ္တံ၊ စိတ်ကို။ ယေ၊ အကြင်သူတို့သည်။သံယမေဿန္တိ၊စောင့်စည်း နိုင်ကုန်၏၊ တေ၊ ထိုစိတ်ကို စောင့်စည်း ချုပ်တည်းနိုင်သော သူတို့သည်။ မာရ ဗန္ဓနာ၊ ကိလေသမာရ် အနှောင် အဖွဲ့မှ။ မောက္ခန္တိ၊ လွတ်ကုန်၏, လွတ်ကုန်လတ္တံ့။

ဝိပဿနာ ဘာဝနာ လုပ်သည်ဆိုရာ၌ သဘာဝကို သိရှိရန်မှာ စိတ်ကို ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးစသည့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ဤ (၈၂) ရှစ်ဆယ့် နှစ်ပါးသော ပရမတ္ထ တရားအပေါ်၌သာ မိမိစိတ်သည် တည်ရှိနေရမည်ကို အထူးနှားလည် စေရမည်၊တနည်းဆိုသော် စိတ်ကို ခန္ဓာ ၅ - ပါး၏ အဖြစ် အပျက် တွင်သာ ကျက်စားနေရမည်ကို သိအပ်၏။

ကဇော်သည်လည်း
ကုသိုလ်ဖြူအပ်၏

အချို့ အထင်ရှိသည်မှာ ငါသည် မကောင်းမှုကိုပြုကျင့်၏၊ ဝိပဿနာ ဘာဝနာကို မပွားသင့်ဟု အထင်ရှိနေ၏၊ ဤသို့ဆိုမူ သူခိုးသည် ဆွမ်းကျွေးခြင်း ကုသိုလ်ကို မပြုရပြီလော၊ သူခိုးသည် တခါတခါ သီလ ဆောက်တည်ခြင်းကို မပြုလုပ်ရပြီလော၊ ခိုးခြင်းသည် တကိစ္စ၊ ကုသိုလ် ပြုလုပ်ခြင်းသည် တကိစ္စ၊ ထိုကြောင့် ကုသလာ ဓမ္မာ၊အကုသလာ ဓမ္မာ၊အဗျာကတာ ဓမ္မာဆိုရာ၌ အဋ္ဌကထာဆရာရှင်သည် အဋ္ဌသာလိနီ၌ ကုသိုလ်ကို ဖွင့်ဆိုသည်မှာ-

ကုစ္ဆိ တာနံဝါ သာနတော
တနုကရဏတော ဩသာန ကရဏတော
ဥာဏံ ကုသံနာမ။

အထက် အဌကထာ ပါဠိကို ပြည်ဆရာတော် ဘုရားကြီး နိသျအတိုင်း ဖေါ်ပြရသော်၊ ကုန္ဓိတာနံ၊ ပညာရှိ တို့သည် စက်ဆုပ်အပ်, ကဲ့ရဲ့ အပ်ကုန်သော အကုသိုလ် တရားတို့ကို။ သာနတော တနုကရဏတော၊ ပါးသည် ကြဲသည်ကို ပြုတတ်သည်၏ အဖြစ်ကြောင့်။ (ဝါ-ခေါင်းပါးသည်ကို ပြုတတ်သည်၏ အဖြစ်ကြောင့်)။ သြသာန ကရဏတော၊ တဖန် မဖြစ်ဆုံးခန်း ပျက်စီးခြင်းကို ပြုတတ်သည်၏အဖြစ်ကြောင့်။ဥာဏံ၊ ဥာဏ်သည်။ ကုသံနာမ၊ ကုသ မည်၏။

ဤ၌ ဆိုလိုသည်မှာ ကုသိုလ်တရားကို ပြုသည် ရှိသော် ထိုကုသိုလ် တရားသည် အကုသိုလ် ဒုစရိုက် တရားတို့ကို ပါးအောင် ပြုတတ်၏၊ ခေါင်းပါး သွားအောင် ပြုတတ်၏၊ အဖြစ် ကြဲသွားအောင် ပြုတတ်၏၊ နောက်ထပ် တဖန် ပြန်၍ မဖြစ်အောင် ပြုတတ်၏၊ နောက်ဆုံး၌ ဖြတ်တောက် လိုက်သည် ဟူ၏။

ကုသိုလ်ကောင်းမှု ဆိုသည်မှာ တခါထည်း တောထွက်နိုင်မှသာ ပြုလုပ်ရမည် မဟုတ်၊ တနှစ်လုံး ပြုလုပ်နိုင်မှသာ ပြုလုပ်ရသည် မဟုတ်၊ ဥပုသ် ဆောက်တည်ခြင်းမှာ တဝါတွင်းလုံး ဆောက်တည်နိုင်မှ ဆောက်တည်ရသည် မဟုတ်၊ လှူဒါန်းရာ၌ ၁၀၀-နှစ်ရာ-၁၀၀၀-နှစ်ထောင်၊ လှူနိုင်မှသာ လှူဒါန်း ရသည် မဟုတ်၊ ဦးဦးဖြားဖြား လှူဒါန်း လိုက်ရမှ လှူဒါန်းရသည် မဟုတ်။

(ဘုရားရှင်သည် စားဦးကိုလည်း လှူခွင့်ပြု၏၊ စားနေဆဲ ထဲမှ ခွဲ၍ လှူခြင်းကိုလည်း ခွင့်ပြု၏၊ စားပြီးအကျန်ကို လှူခြင်း

ကိုလည်း ခွင့်ပြုတော်မူ၏၊ (စေတနာသာ ပဓာန ဖြစ်၏၊) ဘိက္ခု ဆိုသည်မှာ အဘယ်ပါနည်းဘုရားဟု လျှောက်သော ပဉ္စဝဂ္ဂ အမည်ရှိသော ပုဏ္ဏားကြီးအား ဟောသော သုတ်၌ လာ၏။

ဤသို့လျှင် တနည်းလည်း သိအပ်သည်မှာ အကုသိုလ်ကို တခါတည်း အကုန်အစင် ဖြုတ်ပစ် ဖြုတ်တောက်နိုင်မှသာ ဖြုတ်ပစ်ဖြုတ်တောက်ရသည်မဟုတ်၊အထက်တွင်အဌသာလိနီ အဌကထာရှင် မိန့်ဆိုတော်မူသည့်အတိုင်း အကုသိုလ်ဟူသမျှ တို့ကို တနေ့အောက်တနေ့ ခေါင်းပါးသွားရန် တခါအောက် တခါ အဖြစ်ဝေးသွားရန် ကုသိုလ်ကောင်းမှုကို လေ့ကျင့်ပွားများ ကြိုးစားပေးရမည်၊ ထိုကြောင့် ဘုရားရှင်သည် ဓမ္မပဒမှ စ၍ ထိုထိုသော ပါဠိတော်များတွင် ဟောကြားတော်မူခဲ့သည်မှာ-

အနုပုဗ္ဗေန မေဓာဝိ၊
ထောကံ ထောကံ ခဏေခဏေ။
ကမ္မာရော ရဇတသေဝ၊
နိဒ္ဓမေမလ မတ္တနော။

ကမ္မာရော၊ ပန်းတိမ်သည်သည်။ ရဇတသ၊ ငွေ၏။ မလံ။ အညစ်အကြေးကို။ နိဒ္ဓမေ ဇုဝ၊ တဖြည်းဖြည်း ထုတ်ပစ်သကဲ့သို့။ မေဓာဝိ၊ ပညာရှိသည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ်။ ခဏေခဏေ၊

ခဏတိုင်း ခဏတိုင်း။ အတ္တနော၊ မိမိ၏။ မလံ၊ ကိလေသာ အညစ်အကြေးကို။ နိဗ္ဗမေ၊ တဖြည်းဖြည်း ထုတ်ရာ၏။

ဤ၌လည်း ဘုရားရှင်သည် အကုသိုလ် အညစ်အကြေးကို တခါတည်း တချိန်တည်း တရှိန်တည်း လုပ်နိုင်မှ လုပ်ရမည်ဟု မိန့်တော်မူခြင်းမဟုတ်၊ ခဏတိုင်း ခဏတိုင်း အချိန်ရတိုင်း အချိန်ရတိုင်း၊ သတိရတိုင်း သတိရတိုင်း၊ နဲနဲ,နဲနဲ ခေါင်းပါး သည် အောက် ခေါင်းပါးအောင် ပြုလုပ်ခြင်းကို အားပေး ခွင့်ပြုတော်မူခြင်းပင် ဖြစ်၏။

ထိုကြောင့် အကုသိုလ် ဒုစရိုက်ကို မချုပ်တည်းနိုင်ခြင်း ကြောင့် ကျူးလွန်မိသော် ဝိပဿနာ ဘာဝနာကို မလုပ်သင့် မလုပ်အပ်ဟူ၍ ထင်မှတ်ခြင်းမပြုအပ်ရာ၊ ဟောပြောခြင်းကို လည်း မပြုအပ်ရာ၊ အကုသိုလ် ပြုလုပ်ခြင်းကြောင့် ရရှိသော အကျိုးသည် တကိစ္စ၊ ဝိပဿနာ-ကုသိုလ် ပြုလုပ်ခြင်းကြောင့် ရရှိသောအကျိုးသည် တကိစ္စဟူ၍ သီးခြားလျက် ရှိသည်ကို တိကျစွာ သိရာ၏၊ အကုသိုလ် ပြုနေရာတွင်ပင် သတိရ၍ ဝိပဿနာကုသိုလ်ကို ပြုလုပ်ပါက ကုသိုလ်ရရှိမည်မှာ ယုံမှားဘွယ် မရှိချေ၊ ထိုကြောင့် ပဋ္ဌာန်းပါဠိတော် ပဏ္ဍာဝါရ၌-

အကုသလောဓမ္မော ကုသလသဓမ္မသ
အာရမ္မဏပစ္စယေန ပစ္စယော သေက္ခာဝါ
ပုထုဇ္ဇနာဝါ အကုသလံ အနိစ္စတော ဒုက္ခ
တော အနတ္တတော ဝိပဿန္တိ။

ဆိုလိုရင်းမှာ အကုသိုလ်ကိုပင် အကြောင်း ပြု၍ အနိစ္စ,ဒုက္ခ, အနတ္တဟု လက္ခဏာရေး ၃-ပါးတင်ကာ ဝိပဿနာဘာဝနာ ကို ပြုလုပ်ပါက ကုသိုလ်ရနိုင်၏ဟု ဟောတော်မူခြင်းပင် ဖြစ်လေသည်။

သုတ်သိလက္ခန်ပါဠိတော်၊ သောဏဒဏ္ဍသုတ်၌လာသည် မှာကား-ဘုရားရှင်သည် သောဏဒဏ္ဍပုဏ္ဏားကြီးအား ဟော တော်မူရာ၌-

သီလပရိဓောတာပညာ
ပညာပရိဓောတံ သီလံ။

ထိုသုတ်တော်လာ အထက်ပါ ပါဠိတော်၏ ဆိုလိုရင်းမှာ အို-သောဏဒဏ္ဍပုဏ္ဏား၊ ဥပမာသော်ကား လက်တဘက်ဖြင့် လက်တဘက်ကို ဆေးရာသကဲ့သို့၎င်း၊ ခြေတဘက်ဖြင့် ခြေ တဘက်ကို ဆေးရာသကဲ့သို့၎င်း၊ အို-သောဏဒဏ္ဍပုဏ္ဏား ထို အတူပင်လျှင် ပညာသည် သီလကြောင့် ဖြူစင်၏၊ သီလသည် ပညာကြောင့် ဖြူစင်၏၊အကြင်ပုဂ္ဂိုလ်၌ ပညာရှိ၏၊ထိုပုဂ္ဂိုလ်၌ သီလရှိ၏၊အကြင်ပုဂ္ဂိုလ်၌ သီလရှိ၏၊ ထိုပုဂ္ဂိုလ်၌ ပညာရှိ၏၊ သီလရှိသော သူအား ပညာဖြစ်ပေါ်၏၊ပညာရှိသောသူအား သီလဖြစ်ပေါ်၏၊သီလ,ပညာ ၂-ပါးစုံကို လောကဘ၌ အမြတ် ဆုံးဟူ၍ မိန့်တော်မူသည်ကိုလည်း သတိပြုအပ်၏။

တဦးတည်း နေရာတွင် အကုသိုလ် ဒုစရိုက်ကို စိတ်ကူးမိ သဖြင့် ချက်ခြင်း သတိရကာ သြော်....ယခုစိတ်ကူးနေခြင်း၌

စိတ်သည် နာမ်တရားဖြစ်၏၊ ထိုစိတ်သည် အတည်မနေရ၊ ဥပါဒ်, ထိ, ဘင် အားဖြင့် ဖြစ်ပျက် ချုပ်ပျောက်ကာ တဖြစ်ထည်းဖြစ်၍ တပျက်ထည်း ပျက်နေခြင်းကြောင့် အနိစ္စပါ တကား၊မမြဲသဖြင့်ထိုအကုသိုလ်စိတ်သည် သုခမရှိ ဒုက္ခအတိသာ ပါတကား၊ (အင်း-) ဒီအကုသိုလ်သည် မမြဲ၊ သုခ မရှိ၊ ဒုက္ခ၊ ဤကဲ့သို့ အနိစ္စ,ဒုက္ခဖြစ်နေရရှာသည်ကို မည်သူမျှ အစိုးမရ၊ တားဆီး၍ မရ၊ မည်သူမျှမပိုင်၊ မည်သူမျှ မနိုင်၊ အထည်ခြင်ပ်သဏ္ဌာန်လည်း မရှိ၊ အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာပြီး ပျက်ချုပ်သွားသော ဓာတ် သဘော သဘာဝ အနတ္တပါတကားဟု ပွားများပါလျှင် အကုသိုလ် စိတ်ကို အရင်းခံ၍ ရှိသော ဝိပဿနာ ဘာဝနာ ကုသိုလ်ကြီး ဖြစ်လေသည်၊ ဤသည်ကား ခက်လှသည် မဟုတ်၊ သို့ရာတွင် ဤသို့ ပြုပြင်ပွားများလိုက်ပါက ဤမျှသော အကျိုး ကျေးဇူးကို ခံစားရ၏ဟူသော သဘာဝကို သဘော မပေါက်မိမှု မျှသာ ဖြစ်လေသည်၊ စိတ်,စေတသိက်,ရုပ် တို့၏ ပရမတ္ထ သဘာဝ အားဖြင့် မမြဲပုံ အနိစ္စ၊ စက်ဆုပ် ရွံရှာဘွယ် ဒုက္ခ၊ အတ္တ မဟုတ် အကြောင်းကြောင့် ဖြစ်ပေါ် ပျောက်ပျက် သွားသော အနတ္တ ဖြစ်ပုံတို့ကို ရှေတွင် ရှင်းလင်းစွာ တွေ့ရှိရလတံ့။

ယင်းသို့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ဖန် များလတ်သော် အကုသိုလ် ဒုစရိုက် ပြုလုပ်ခြင်းမှာ တဖြည်းဖြည်း အဖြစ်ဝေးလာတော့၏၊ အကုသိုလ် ဒုစရိုက် အဖြစ်ကြ၍ ခေါင်းပါးလာတော့၏၊ နောက်ဆုံး အကုသိုလ် ဒုစရိုက်ကို ဖြတ်တောက်နိုင်တော့၏၊ ယခုဘဝတွင် (သောတာပန်) မဖြစ်သေးစေကာမူ

သေခါနီးတွင် ထိုဝိပဿနာ ဇော ကို စော နိုင် ၏၊ ယင်းသို့ ဝိပဿနာဇောကို စောနိုင်လျှင် (စူဠသောတာပန်) အဖြစ်ဖြင့် ဘဝကူးနိုင်သည်မှာ သေချာလျက်ရှိ၏။

ဥပမာ သော်ကား- မဟာဝဂ္ဂ၊ သောတာပတ္တိ သံယုတ် သရဏာနိသုတ်တွင် လာသော ကဇော်အရက်သမား သာကိ ဝင် သရဏာနိသည် သေခါနီးတွင် သောတာပန် ဖြစ် သွား ကြောင်းကို ဘုရားရှင် ဟောတော် မူခဲ့လေပြီ၊ ထိုကြောင့် ဘာဝနာ ကောင်းမှုကို သီလ,အနည်းငယ်ပျက်ကွက်မှုကြောင့် မပွားများ အားမထုတ်ရ ဟူ၍ မယူဆ အပ်ချေ၊ ဝိပဿနာ ဘာဝနာ လုပ်ရင်း ရင့်သန်လာသောအခါ သာမန် ငါးပါး သီလမျှကို မဆိုထားဘိ ဈာန်ဃသံဝရ သီလကြီးကိုပင် မကြွေး လွန်သော အခြေအနေအထိ တိုး တက် လာ နိုင် လေသည်၊ သို့ရာတွင် ထိုထိုသော ပါဠိတော် အဋ္ဌကထာတို့နှင့် ကိုက်ညီ အောင် သဘာဝကို နိုင်နင်းသော ဓမ္မဝိဟာရီပုဂ္ဂိုလ်ဆရာမြတ် တို့ကို တွေ့ရှိရန် အထူး သတိပြုတော်မူပါ။

ဤတွင် ဝိပဿနာ ဘာ ဝ နာ ကို မပြုဘဲ နေ ခြင်း ထက် ပြုခြင်းကား အကျိုးရှိနိုင်ပုံ သဘာဝဓမ္မကိုသာ ရေးသားခြင်း ဖြစ်၏၊ ဒုစရိုက်ကို ပြုကျင့်ရန် အားပေးသည် မဟုတ်၊ ဖြူစင် သော သီလရှိသော ဝိပဿနာ ဘာဝနာကား ဝိုမိုကြီးမား သော တန်ခိုး အကျိုးအာနိသင် ပေးသည်ကို သတိပြုအပ်ရာ သည်။

ခြေသေ့နှင့် ခွေး

ဝိပဿနာ လုပ်ငန်းမှာ ရှေးဦးစွာ သဘာဝကို တိကျစွာ သဘောပေါက်ရန် အထူးအရေးကြီး၏၊ ထိုကြောင့် ရှေးဆရာ မြတ်တို့ ဆိုစမှတ် ရှိခဲ့သည်မှာ ခွေးသည် ပစ်သူကို မလိုက် ခဲကိုသာကိုက်၏၊ ခြသေ့တို့မည်သည် မြားကိုမလိုက် မြားပစ် သူကိုသာ လိုက်၏ ဟု အဆိုရှိ၏။

ထိုကြောင့် ငရဲ, တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံမှ လွတ်ကင်း၍ သောတာပန် ဖြစ်ပြီးလျှင် ဘုံစဉ်စံကာ နေလိုသူ ပုဂ္ဂိုလ် အပေါင်းတို့သည် ဝိပဿနာ ဘာဝနာ၏ အခြေခံမူရင်း ပဓာန ဖြစ် သော သောတာပန် ဖြစ်လိုသူတို့ သိထိုက် သိအပ် သိရမည့် တရားကို ဆက်လက်ဖော်ပြပေအုံ့၊ ထိုတရားကို သိလေလေ သောတာပန် စခမ်းသို့ နီးလေလေ ထိုတရားကို တိကျစွာ သဘာဝကို သဘောပေါက် လေလေ သောတာပန်ဖြစ်ရန် လုပ်ငန်းကို တိကျစွာလုပ်လေလေဖြစ်၏။

အလောင်းတော်
သိဒ္ဓတ္ထသိရှိသောတရား

ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသား ပင်လျှင် ထိန်းစည်းစိမ်အလယ်၌ အမျိုးမျိုးသော ပျော်ရွှင်မှုတို့ဖြင့် ပျော်ရွှင် စွာနေရလင့် ကစား ထိုတရားကို အကြမ်းအားဖြင့် သိမြင် တော်မူခြင်းကြောင့်သာလျှင် ဘုရားဖြစ်တော်မူရခြင်း ဖြစ်လေ သည်၊ ထိုကြောင့် သောတာပန် ဖြစ်လိုသူတို့ ရှေးဦးစွာသိအပ် သည့် တရားကို သိရှိတော်မူနိုင်ရန် ဖော်ပြပေအုံ့။

သောတာပန် ဖြစ်လိုသူတိုင်း သိရမည့်တရား

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစည်းစိမ်နှင့် တက္ခ အမျိုးမျိုးသော ကာမဂုဏ်တို့ကို ခံစားကာနေရပါလျက် အဘယ်မည်သော အကြောင်းကြောင့် ချစ်ခင်လှစွာသော သားမယားကို စွန့်၍ တောထွက်တော် မူနိုင်ပါသနည်းဟု ပြန်လည် စဉ်းစားသည် ရှိသော် အကြောင်း ရင်းကား လူနာ ,လူအို, လူသေ, ရဟန်းတို့ကို တွေ့မြင်ရသဖြင့် ဒုက္ခကို အကြမ်းအားဖြင့် သိမြင်တော်မူခြင်းကြောင့် ထိုဒုက္ခမှ လွတ်ရာ လွတ်ကြောင်းကို ရှာဖွေလေ့ကျင့် ကြိုးစားတော်မူခြင်းဖြစ်လေသည်၊ ထိုကြောင့် အပါယ်လေးပါး အစာမှ လွတ်ကင်း၍ ဘုံစဉ်စံကာ သောတာပန် ဖြစ်လိုသူ ပုဂ္ဂိုလ် အပေါင်းတို့သည် ဒုက္ခကို သဘာဝ ကျအောင် သိရှိတော်မူရန် ကြိုးစားတော်မူကြပါ။

ရှင်တော်ဘုရားသည် သောတာပန်ဖြစ်စေရန် ပဌမဝဋ် ၅-ဦးတို့အား အဘယ်မည်သော တရားကို စ၍ ဟောတော် မူပါသနည်းဆိုသော် အတိုချုပ်သဘောမှာ အောက်ပါ အတိုင်းဖြစ်၏။

ရဟန်းတို့ အပါယ် တံခါးကို ပိတ်စေ၍ နိဗ္ဗာန် သုခချမ်းသာကို အလိုရှိလျှင် ဤကာမ သုခလွှိကာနုယောဂဟု ခေါ်ဆိုအပ်သော ကာမဂုဏ်ကို ခံစားနေမှု နှင့် အတ္တ ကိလ မထာ

နုယောဂဟု ခေါ်ဆိုအပ်သော မိမိကိုယ်ကိုမိမိ ဒုက္ခ ပေးကာ လေ့ကျင့်နေမှု ဖြစ်သော ဤအယုတ်တရား ၂-ပါးကို မပြု မကျင့်ရဘဲ၊ ပြုကျင့်ရန် တရားကား အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါ တရားဖြစ်၏။

ဤသို့ ပဋ္ဌဝဂ္ဂီ ၅-ဦးတို့အား ဘုရားရှင်သည် ဟောကြားပြီး နောက် အဘယ်ကဲ့သို့ ဆက်လက် ဟောတော်မူပြန်သနည်း ဆိုသည်ကို လွယ်လွယ်နှင့် သဘောပေါက်အောင် ရေးသား ဖော်ပြ ရသော်၊ ရဟန်းတို့ ဤအယုတ် တရား ၂-ပါးကို ရှောင်၍ မဇ္ဈိမပဋိပဒါ ကျင့်စဉ်ကို အဘယ်ကြောင့် ကျင့်ရသ နည်းဆိုသော် ဒုက္ခမှ လွတ်၍ သုခချမ်းသာကို အစဉ်ရှိနေရန် လေ့ကျင့်ရခြင်းဖြစ်၏၊ ရဟန်းတို့ ဒုက္ခဆိုသည်မှာ ဤသို့တည်း။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယ
သစ္စံ ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ
ဗျာဓိပိ ဒုက္ခော မရဏမ္ပိ ဒုက္ခံ အပိ
ယေဟိ သမ္မယောဂေါ ဒုက္ခော
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောယံပိစ္ဆံ
နလဘတိ တမ္ပိဒုက္ခံ သံခိတ္တေန ပဉ္စု
ပါဒါနက္ခန္ဓာပိ ဒုက္ခာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ပဋိသန္ဓေ နေရခြင်းသည် လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်း ဖြစ်၏။ ဇရာပိ၊ ဆိုးရွားဟောင်းမြင်း အိုမင်းရင့်ရော်ခြင်းသည်လည်း။ ဒုက္ခာ၊

ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ ဗျာဓိဝိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ မရဏံဝိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ အပိယေဟိ၊မချစ် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ အတူတကွ မနေရဘဲ ကွေကွင်း ခွဲခွါရခြင်းသည်။ဒုက္ခာ၊ဆင်းရဲ၏။ယံပိစ္ဆံ၊အကြင် အလိုရှိအပ်, တောင့်တအပ်ကုန်သော အာရုံကို။ နလဘတိ၊ မရအပ်။ တမ္ပိ၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာဝိ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဧဒံ ခေါ ပန ဓမ္မဇာတံ၊ ဤဇာတိ အစရှိသော တရားသည်။ဒုက္ခံ၊ဒုက္ခဖြစ်သော။အရိယသစ္စံ၊ အရိယာအဖြစ်ကို ပြုတတ်သော။ ဝါ-အရိယာဖြစ်လိုသူတို့သည် ထိုးထွင်း၍ သိအပ်သော။ ဝါ-အရိယာ ဖြစ်ပြီးသော ဘုရားရှင်၏ မဆွတ်မယွင်းမှန်ကန်သော သစ္စာတရားပေတည်းဟု ဘုရားရှင်မိန့်တော်မူ၏။

အထက်ပါ ဓမ္မစကြာ၌ လာရှိသော ပါဠိတော်ကို မြန်မာသက်သက်ဖြင့် ရေးသားရသော် ရဟန်းတို့၊ ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ၏၊ မိမိနှင့်စပ်၍ ဖြစ်ကုန်သော ခန္ဓာတရားတို့၌ ကျရောက် လတ္တံသော ဆင်းရဲအမျိုးမျိုးတို့၏ အကြောင်းတရားသည်လည်း ကောနအမှန် ဖြစ်ပေ၏၊ ရင့်ရော် အိုမင်း

ဆွေးမြေ့ခြင်းသည်လည်း ဆင်းရဲ၏၊ မိမိနှင့် စပ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားတို့၏ ဆင်းရဲခြင်း၏ အကြောင်းတရားလည်း ကောန်အမှန် ဖြစ်ပေ၏၊ ဖျားနာ ရခြင်း သည်လည်း ဆင်းရဲ၏၊ မိမိနှင့်စပ်သော ခန္ဓာ ၅-ပါး ရုပ် နာမ်တရားတို့၏ ဆင်းရဲခြင်း၏ အကြောင်းတရား သည်လည်း ကောန် အမှန် ဖြစ်ပေ၏၊ သေရခြင်းသည်လည်း ဆင်းရဲ၏၊ မိမိနှင့် စပ်သော ခန္ဓာ ၅-ပါး ရုပ် နာမ်တရားတို့၏ ဆင်းရဲခြင်း၏ အကြောင်းတရားလည်း ကောန် အမှန် ဖြစ်ပေ၏၊ မချစ် မနှစ် သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ဝါ-တနည်းကား မချစ်မနှစ် သက် အလို မရှိ အပ် ကုန်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟု ဆိုအပ်သော အာရုံ ၆-ပါး တို့နှင့်အတူ တွေ့ရှိနေရခြင်း သည်လည်း ဆင်းရဲ၏၊ ချစ်ခင် စုံမက် အလိုရှိသည့် အာရုံ ၆-ပါးတို့နှင့်တကွ မိဘ ဆွေမျိုး စသည်တို့နှင့် မတွေ့မမြင် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏၊ မိမိက ဤကဲ့သို့ ဖြစ်စေလို၏၊ သို့ရာတွင် မိမိစိတ်တိုင်းကျ မဖြစ်နိုင်ခြင်း သည်လည်း ဆင်းရဲ၏၊ အကျဉ်း အားဖြင့် ဆိုသော် ၅-ပါးကုန်သော ဥပါဒါန်တရားတို့၏ ကျက်စားရာ အာရုံဖြစ်ကုန်သော ဝါ-ဥပါဒါန်တရားတို့၏ အစီးအပွားဖြစ်ကုန်သော ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တရားတို့သည်လည်း ဆင်းရဲ စင်စစ် အမှန်ဖြစ်ကုန်၏၊ ဤသို့လျှင် ဇာတိအစ ဥပါဒါနက္ခန္ဓာအဆုံးရှိသော တရားအပေါင်းတို့သည် ဆင်းရဲကောန် အမှန်ဖြစ်၏ ဟူ၍ အရိယာဖြစ်လိုသူတို့ ထိုးထွင်း၍ သိအပ်သော တရားဖြစ်၏။

ဘုရားရှင်သည် ပဋ္ဌဝဂ္ဂ ၅-ဦးတို့အား ဒုက္ခကို သာမန်ထိုမျှသာ သိစေလိုသည်မဟုတ်၊ ဒုက္ခကို တိတိကျကျ အတွင်းအပြင် အဝိုအလိုမရှိအောင် ဒုက္ခဟု သိစေလိုတော်မူသောကြောင့် ထို ဓမ္မစကြာတရား၌ ဒုက္ခကို အဘယ် အတည်မျှ အတိုင်းအရှည်ဖြင့် သိအပ်ကြောင်းကို အောက်ပါအတိုင်း ထပ်ဆင့်၍ ဟောတော်မူပြန်၏။

> တံခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေ
> ယျန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ၊ ဉဒပါဒि ဉာဏံ ဉဒပါဒि ပညာ ဉဒပါဒि ဝိဇ္ဇာ ဉဒပါဒि အာလောကော ဉဒပါဒि။

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခံ အရိယ သစ္စံ၊ ထို ဒုက္ခဖြစ်သော အရိယသစ္စာကို။ ပရိညေယျံ၊ ဤတရားကား ဒုက္ခတည်း၊ ဤဒုက္ခကား ဤမျှသာတည်း၊ ဤ ထက် အ လွန် ဤမှအောက် အဝိုအလိုမရှိ ထက်ဝန်းကျင်မှ ဝိုင်းခြားရှိသိ အပ်၏။ဇုတိ၊ ဤသို့။ မေ-မယာ၊ငါဘုရားသည်။ ပုဗ္ဗေ၊ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ အမှန်ကို မြင်တတ်သော ပညာမျက်စိသည်။ ဉဒပါဒि၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ အမှန်ကို သိတတ်သော ဉာဏ်သည်။ ဉဒပါဒि၊ ထင်ရှားဖြစ်၏။ ပညာ၊ အပြားအားဖြင့် သိတတ်သော ပညာသည်။ဉဒပါဒि၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာတရားကို ဖေါက်ခွဲ၍ ထိုးထွင်း သိတတ်သော ဝိဇ္ဇာဉာဏ်သည်။ ဉဒပါဒि၊ ထင်ရှား

ဖြစ်၏။ အာလောကော၊ အမှန်ကိုဖုံးလွှမ်းတတ်သော မောဟ အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော အလင်းဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အထက်ပါ အနက်အဓိပ္ပါယ်၏ ဆိုလိုရင်းမှာ ရဟန်းတို့-ဒုက္ခမှ လွတ်ကင်း၍ အရိယာ ဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် ဒုက္ခကို အစစ်အမှန် အတိအကျ အလိုအပိုမရှိအောင်သိရမည် ဆိုသည်ကို ငါသည် ဘုရားမဖြစ်မီ ရှေးအဘို့က မသိခဲ့ချေ၊ ဘုရားဖြစ်တော်မူမှ သိတော်မူရ၏။

ဒုက္ခကို အတိအကျ အစွမ်းကုန်သိရမည်ဆိုရာ၌ ပဋိသန္ဓေ နေရခြင်း ဆင်းရဲဒုက္ခကို အမိဝမ်း၌ ပဋ္ဌမ ကလလရေကြည် (ခုနစ်ရက်) တသတ္တာဟာ၊ (သဂါထာ ဝဋ္ဌ၊ ယက္ခသံယုတ်၌ လာ၏၊) အမြှုပ် တသတ္တာဟာ၊ သားတစ် တသတ္တာဟာ၊အစိုင် အခဲ တသတ္တာဟာ၊ ခြေ ၂-ဘက်, လက် ၂-ဘက် ဦးခေါင်း ခက်မငါးဖြာ တသတ္တာဟာ၊ ရင့်ကျက်လာမှ တသတ္တာဟာ၊ စက္ခု တသတ္တာဟာ စသည်ဖြင့် အဆင့်ဆင့် မိခင်ဝမ်း၌ ၉-လ ၁၀-လ ဒုက္ခဆင်းရဲခံနေရပုံတို့ကို သဘာဝပေါ်အောင် အ ကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါ ရှုအပ်၏။

ဤကဲ့သို့ မိခင်ဝမ်း၌ မသွားမလာ မလျောင်းရဘဲ ဆောင့် ကြောင့်ကလေးထိုင်ကာ ၉-လကျော် ၁၀-လခန့် ဒုက္ခဆင်းရဲ ခံနေရသည်မှာ မည်မျှ ဒုက္ခဆင်းရဲ ခံရသည်ကို ပေါ်လွင်စေရ သော် ယခု လူအဖြစ်နှင့် မလှုပ်မရှား မသွားမလာရဘဲ တနေ ရာထည်း၌ မှုမပျက် တနာရီနေရမည်ဆိုသော် နေ၍မဖြစ်နိုင် ပေ၊ သို့သော် အမိဝမ်း၌ကား ပြေး၍မလွတ်နိုင်သောဒုက္ခကို

ဒုတ်တုတ်ကလေးထိုင်ကာ ၁၀-လခန့် ခံနေရသည်မှာ မည်မျှကြီးလေးသော ဒုက္ခဟု ဉာဏ်မျက်စိဖြင့် သိမြင်အပ်၏၊ ငရဲသားတို့ ခံကြရသည်မှာ ပဋိသန္ဓေနေရခြင်း ဆင်းရဲထက် အဆပေါင်း များစွာပို၏၊ လူ့ပြည်တွင် ဒုက္ခ ရောက်လွန်းအားကြီးသော် ထွက်ပြေး၍ ရသေး၏၊ ငရဲပြည်တွင် ထွက်ပြေး၍ မရချေ။

ဤကဲ့သို့ ပဋိသန္ဓေနေရခြင်းဆင်းရဲမှာ ယခုဘဝ၌သာ ခံရသည်မဟုတ်၊ မရေမတွက် နိုင်လောက်သော ဘဝများစွာကလည်း ထိုပဋိသန္ဓေနေရခြင်း ဆင်းရဲကို ခံခဲ့ရလေပြီ၊ ရှေးလာလတ္တံသော ဘဝတို့၌လည်း ယခုကဲ့သို့ပင် အမိဝမ်း၌ ဒုက္ခဆင်းရဲကို ခံရဦးမည်မှာ မလွဲပါတကားဟု ဉာဏ်မျက်စိတွင် ထင်ရှားပေါ်လွင်စွာ သိမြင်ရမည်ကို ဆိုလို၏။

ထိုအတူ အိုရခြင်းဆင်းရဲမှာလည်း ပါးရေတွန့်,သွားကြိုး, ဆံဖြူ, မျက်စိမှုံ, ခါးကုန်း, မစားနိုင်, မသွားနိုင်သည့် အခြေအနေသို့ ရောက်ရမည်မှာ ယခုဘဝသာ မဟုတ်သေး၊ လွန်ခဲ့သည့် ဘဝများစွာကလည်း ဤကဲ့သို့ အိုရခြင်းဆင်းရဲဒုက္ခကို ခံစားခဲ့ရလေပြီ၊ ထိုမျှနှင့် မပြီးသေး၊ လာမည့် ဘဝများစွာတွင်လည်း ထိုကဲ့သို့ အိုရခြင်းဆင်းရဲနှင့် တွေ့ကြုံရပေဦးမည်ဟု ဉာဏ်မျက်စိတွင် တိကျစွာသိအပ်၏။

ထိုအတူ နာရခြင်း ဆင်းရဲမှာလည်း ဆေးရုံကြီးတွင် မြင်သမျှ အနာရောဂါမျိုးမှာ မိမိ မဖြစ်ခဲ့ဘူးသည် မရှိ၊ ဖြစ်ခဲ့ဘူးရုံလျှင်ချေပြီ၊ ယခုဘဝနှင့် နောင်လာ လတ္တံသော ဘဝများတွင်

လည်း ဖျားနာရခြင်း ဝေဒနာကို ခံရဦးတော့မည်ကို တိကျစွာ ဉာဏ်မျက်စိဖြင့် သိအပ်၏။

ထိုအတူ ယခုဘဝ၌လည်း မကြာမီ သေရဦးမည်မှာ မလွဲတော့ပြီ၊ ယင်းကဲ့သို့ သေခဲ့ရသည်မှာ ဘဝပေါင်း များစွာ မရေ မတွက်နိုင်တော့ပြီ၊ ရှေး လာလတံ့သော ဘဝများစွာ တွင်လည်း သေရခြင်း ဆင်းရဲနှင့် တွေ့ကြုံရမည်မှာ မလွဲပါ ဘကားဟု ဉာဏ်မျက်စိတွင် တိကျစွာ သိမြင်ရပေမည်။

ထိုအတူ မိမိ မကြိုက် မနှစ်သက်သော သတ္တဝါ သင်္ခါရတို့နှင့် တွေ့ဆုံကာ နေရဦးမည်၊ ဤကဲ့သို့ပင် လွန်ခဲ့သည့် ဘဝများစွာက တွေ့ကြုံခဲ့ရလေပြီ၊နောင်လာလတံ့သော ဘဝများ၌လည်း ယခုကဲ့သို့ပင် မကြိုက် မနှစ်သက်သော သတ္တဝါသင်္ခါရတို့နှင့် တွေ့ကြုံနေရဦးမည်မှာ မလွဲမရှောင်သာသည်ကို ဉာဏ်မျက်စိတွင် တိကျစွာ သိမြင်ရပေမည်။

ထိုအတူ မိမိချစ်ခင် နှစ်သက်လှသော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရဦးမည်၊ မကြာမီ အမေသေမည်၊ မကြာမီအဖေသေမည်၊ မကြာမီ သားသေမည်၊ မကြာမီ သမီးသေရမည်၊ မကြာမီ လင်သေရမည်၊ မကြာမီ မယားသေမည်၊ ဤဒုက္ခများနှင့် တွေ့သဖြင့် ဒုက္ခခံစားခဲ့ရသည်မှာ ယခုဘဝတွင် သာမက ရှေးဘဝ များစွာကလည်း လင်သေ, သားသေ, မယားသေ ဒုက္ခတွေနှင့် တွေ့ကြုံခံစားကာ ငိုပွဲဆင်ရပေါင်းလည်း များလှခဲ့လေပြီ၊ ထိုမျှနှင့် မပြီးသေး နောင်လာ လတံ့သော ဘဝများစွာတို့၌လည်း လင်သေ,မယားသေ,သားသေ,သမီးသေ, အဖေသေ, အမေသေ စသော အပူဒုက္ခပေါင်း များစွာနှင့်

တွေ့ကြုံရဦးမည်မှာ မလွဲပါတကား ဟု မိမိဉာဏ်မျက်စိတွင် ထင်ရှား တိကျစွာ သိမြင်ရပေမည်။

ထိုအတူ မိမိစိတ်တိုင်းကျဘယ်အခါမျှမဖြစ်၊ အိုရခြင်း,နာရခြင်း,သေရခြင်း, ချစ်သူနှင့် ကွေကွင်းရခြင်း,မချစ်မနှစ်သက်သောသူတို့နှင့် တွေ့ကြုံယှဉ်တွဲနေရခြင်း စသည် အဖြစ်မျိုးကို မဖြစ်ပါရစေနှင့်ဟု တောင့်တသော်လည်း မရနိုင်၊ ထိုမျှမက မိုးလင်းမှ မိုးချုပ်အထိ စိတ်တိုင်းကျ မရရှိနိုင်မှုကြောင့် စိတ်ဆင်းရဲခဲ့ရသည်မှာ နေ့တိုင်းပင်၊ ဤကဲ့သို့ မိမိအလို ရှိသလို မဖြစ်ခဲ့သည်မှာ ယနေ့ဘဝ မဟုတ်၊ လွန်ခဲ့သည့် ရက်များ, လများ, နှစ်များသာ မက လွန်ခဲ့သည့် ဘဝများစွာကလည်း တွေ့ကြုံခံစားခဲ့ရလေပြီ၊ ထိုမျှနှင့် မပြီးသေး နက်ဖြန် သဘက်နေ့ရှိသမျှ မိမိ စိတ်တိုင်းကျ မဖြစ်မှုတို့မှာ နေ့စဉ်နေ့တိုင်း တွေ့ကြုံခံစားရပေဦးမည်၊ထိုအတူ လာမည့်ဘဝများစွာတွင်လည်း နေ့စဉ်နေ့တိုင်း မိမိ စိတ်တိုင်းကျ မရရှိနိုင်မှု ဟူသော ဒုက္ခကို နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားရဦးမည်ကို မိမိဉာဏ်မျက်စိတွင် တိကျစွာသိမြင်ရပေမည်။

နောက်ဆုံး အတိုချုပ်အားဖြင့် ဆိုသော် ခန္ဓာ ၅-ပါးတို့သည်လည်း ဆင်းရဲအတိဖြစ်၏၊ ဤခန္ဓာ ၅-ပါးသည် လွန်ခဲ့သည့် ဘဝပေါင်း များစွာတို့၌လည်း ဒုက္ခ အတိသာ ဖြစ်ခဲ့၏၊ ရှေလာမည့် ဘဝပေါင်းများစွာတို့၌လည်း သုခမဘက် ဒုက္ခသက်သက်သာ ပါတကားဟု မိမိဉာဏ် မျက်စိတွင် ထင်ရှားစွာသိမြင်ရပေမည်။

ယင်းသို့ ပဋိသန္ဓေနေရခြင်း ဆင်းရဲ,အိုရခြင်းဆင်းရဲ,နာရုံခြင်း ဆင်းရဲ, ချစ်သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ စသည့် ဆင်းရဲ ဒုက္ခဟူသမျှကို မိမိစိတ်ဓာတ်တွင် ဓာတ်ပုံရိုက်ထားဘိသကဲ့သို့ ထင်ရှားစွဲမြဲလာသောအခါ ထိုဒုက္ခ ဘေးမှ လွတ်ရာ လွတ်ကြောင်း နည်းကောင်းလမ်းမှန်ကို ကောင်းကောင်းကြီးရှာဖွေ လေ့ကျင့်တော့မည်မှာ တွေးတော နေဘွယ် မရှိ၊ သဘာဝမဲ့ အတိုင်းပင် ဖြစ်၏၊ ထိုကြောင့် ဒုက္ခကို ထပ် ကာထပ်ကာကြည့်ရှု ဆင်ခြင်ပါလေ၊ ဒုက္ခ၏ သဘာဝကို သဘောပေါက်လေလေ ဝိပဿနာ ဘာဝနာကို ကြိုးစား အားထုတ်ပွားများလေလေ ဖြစ်ပေတော့၏။

အပါယ် လေးဘုံ၏ တံခါးကို ဝိတ်စေ၍ သောတာပန် တံခါးကို ပွင့်စေကာ ဝိသာခါ, အနာထပိဏ်, သိကြားမင်း စသည်တို့ကဲ့သို့ သောတာပန် ဖြစ်ပြီး ဘုံစဉ်စံလိုတော်မူကြပါ လျှင် အထက်တွင် ဖော်ပြခဲ့သော ဒုက္ခသစ္စာကို ကြပ်ကြပ် ထင်မြင် လာလေအောင် ပဌမ ရှေးဦးစွာ အထူးကြိုးစား ပွားများတော်မူကြပါလေ။

ဤသည်တို့ကား ဒုက္ခသစ္စာ၏ သစ္စာဏ် ကိစ္စာဏ် ၂-ပါးပေတည်း၊ ကတဉာဏ် ဆိုသည်မှာ မဂ်, ဖိုလ်ကို ရရှိသည့် အချိန် အခါသည် ဒုက္ခသစ္စာ၏ ကတ ဉာဏ် ဖြစ် တော့ ၏၊ တနည်းဆိုသော် အထက်ပါ နည်းအတိုင်း ဒုက္ခကို သစ္စာဏ် ကိစ္စာဏ်တို့၌သာ မပြီးသေးဘဲ ဒုက္ခသစ္စာကို ကတဉာဏ်သို့ ဆိုက်ရောက်သည် တိုင်အောင် ကြိုးစား ပွားများရမည်ဖြစ်၏။

ဤ၌ထင်ရှားစေလိုသည်မှာ ရှင်တော်ဘုရားသည် အပါယ် ၄-ပါး အစာမှသော်၎င်း၊ ဒုက္ခအပေါင်းတို့မှ လွတ်ရာ လွတ်

ကြောင်းကိုသော်၎င်း၊ ရရှိရေးအတွက် ဤသို့ဒုက္ခကို သစ္စာ၏, ကိစ္စာ၏, ကတာ၏ဟူ၍ အဆင့် သုံးဆင့် စလုံး ကတာ၏အထိ သိရမည်ဟု ဆိုသည်ကို ၀ါဘုရားသည် ဘုရားမဖြစ်မီ ရှေးအဘိုက သိတော်မူခြင်း မဖြစ်ခဲ့ ဟူ၍ မိန့်တော်မူလိုရကား-

> တံခေါပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာ တန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ၊ ဉဒပါဒि ဉာဏံ ဉဒပါဒि ပညာ ဉဒပါဒि ဝိဇ္ဇာ ဉဒပါဒि အာလောကော ဉဒပါဒि။

ဟု ဓမ္မစက္က ပဝတ္တနသုတ်၌ ရှင်တော်ဘုရားသည် ပဉ္စဝဂ္ဂီ ၅-ဦးတို့အား ထင်ရှားစွာ ဟောတော်မူခဲ့လေသည်၊ ဤပါဠိတော်မှာ စာမျက်နှာ ၁၉၆-၌ လာသော ပါဠိတော်နှင့် ပရိညေယျန္တိ ဆိုသော ပါဠိတော်သာ ကွာခြားမ၏၊ ပရိညေယျန္တိမှာ "ကိစ္စာဏ်" အဆင့်ဖြစ်၍ ပရိညာတန္တိမှာ "ကတာဏ်" အဆင့် ဖြစ်၏။

သာမန်အားဖြင့်ဆိုသော် ဤသို့သိခြင်း, လေ့ကျင့်ခြင်းဖြင့် ဒုက္ခသစ္စာကို (၁) သစ္စာဏ်၊ (၂) ကိစ္စာဏ်၊ (၃) ကတာဏ်အားဖြင့် သိပြီဟု ဆိုရိုး, ဆိုထ, ဆိုနိုင်ကြလေသည်၊ ဤမျှ ဒုက္ခကို ပိုင်နိုင်စွာသိလျှင် လူ့ပြည်တွင် လက်ပန်းပေါက်ခတ်ကာ ဝမ်းသာမည်ဆိုက ဝမ်းသာနိုင်လေပြီ၊ အကြောင်းကား ထိုမျှသော အဆင့်အတန်းသို့ ရောက်ရှိရန်မှာ သာမန်ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပေ။

သို့ရာတွင် ဤသို့သော အဆင့်အတန်းဖြင့် ဒုက္ခသစ္စာ၏ သဘာဝသို့ ယထာဘူတ ကျအောင် မ ရော က် ရှိ ၊ သး ချေ၊ အ ကြောင်း သော် ကား ပညတ်နယ် သမ္မုတိ သစ္စာ နယ်၌ သာ ရှိသေး၏၊ ပရမတ်နယ်သို့ မရောက်ရှိသေးချေ၊ ဝိပဿနာ ဘာဝနာ လုပ်ငန်းတွင် တမဂ် တဖိုလ် ရရှိမှုမှာ ကမ္မဋ္ဌာန်း၏ အာရုံမှန်ရ၏၊ ကမ္မဋ္ဌာန်း၏ အာရုံမှန်ရမည်ဆိုရာ၌ ဝိပဿနာ ဘာဝနာသည် ပညတ်ကို အာရုံမပြုရ၊ ပရမတ္ထသစ္စာကိုသာ အာရုံပြုရ၏၊ ပရမတ္ထ တရားဟူသည်ကား စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန် ဤတရား ၄-ပါးဖြစ်၏။

စိတ်,စေတသိက် စသည်တို့မှာ နိသတ္တ,နိဇီဝ သဘာဝဖြစ်၏၊ လူနတ်ပြဟ္မာ သတ္တဝါမဟုတ်၊ အ သ က် လို ပ် ပြာ မရှိ၊ အထည်,ခြင်,သဏ္ဌာန်,အမှုန်,အမှား မရှိ၊ သဘာဝသက်သက် ခေတ်သဘောမျှသာဖြစ်၏၊ ထိုကြောင့် လူတို့ ပြောဆိုလေ့ရှိသော မင်းခေတ်ကို ငါသိပါတယ်ကွာ ဆိုခြင်းမှာ ဤခေတ် ပရမတ်ကို နိုင်နင်းစွာ သိရှိကြကုန်သော အဘိဓမ္မာသဘော ပေါက်သူ ပုဂ္ဂိုလ်တို့အဓိပ္ပါယ်ရှိစွာ သုံးစွဲပြောဆိုသောစကား ဖြစ်၏၊ ထိုမှတပါး ရှေးဆရာမြတ်တို့ ဆိုတုံ မိန့်တုံ ရှိဘူး သည်ကား-

ပရမတ်သင်မှ နှားဝင်၏။
ပရမတ်ကျမှ နှားဝ၏။
ပရမတ်မသင် နှားမဝင်။
ပရမတ်မကျ နှားမဝ။

ဟု ဆိုစမ္ပတ် ပြုကြကုန်၏၊ စတုဂိရိရှုဘွယ်၊ တတိယတွဲ (သုမဂ္ဂဝတီ)စာမျက်နှာ ၂၁ဂ၊ပရမတ်တရားဆိုသည်မှာ စိတ်(၁)

စေတသိက်(၅၂)၊ ရုပ်(၂၈)၊ နိဗ္ဗာန်(၁)၊ ပေါင်း(၈၂)ပါး ဖြစ်၏၊ ၎င်း(၈၂)သည် ဓာတ်ပရမတ် အစစ်ဖြစ်၏၊ အထည် ဖြင့်ပုံပန်း သဏ္ဌာန်မရှိ၊ ယောက်ျားမိန်းမမရှိ၊ သတ္တဝါအသက် လိပ်ပြာ မရှိ၊ သဘာဝဓာတ်သက်သက် မျှသာဖြစ်၏၊ ပရမတ် တရား ၈၂-ပါးနှင့်တကွ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်အနတ္တ ဖြစ်ပုံကို ရှေ့တွင် သဘောပေါက်အောင် ဖေါ်ပြပါအုံ့။

ဝိပဿနာ ဘာဝနာပွားများရာ၌ ပညတ်ကို အာရုံမပြုမူ၍ (ပရမတ္ထသစ္စာ)ဓာတ်ပရမတ်ကိုသာ အာရုံပြုရ၏၊ ဤသို့ မပြု ကျင့်ဘဲ ပညတ်ကို အာရုံပြုကာ လေ့ကျင့် နေပါလျှင် မဂ္ဂါ ဝရဏဖြစ်ကာ မဂ်ဖိုလ် ရရှိရေးကို တား၏ ဟု အဋ္ဌသာလိနီ နိဂ္ဂေါ့ပကဏ္ဍ (ဇမ္ဗူ့မိတ်ဆွေ) စာမျက်နှာ ၃၄၆- တွင်ရင်း၊ ခန္ဓဝဂ္ဂသံယုတ် နကုလပိတုဝဂ်၊ (စာပုံနှိပ် အလုပ်သားများ) စာမျက်နှာ ၂၂၉-တွင်ရင်း၊ ရူပံ အတ္တာတော သမနုပဿတိ အစရှိသော သဏ္ဌာယဒိဋ္ဌိ (၂၀) နှစ်ဆယ် ဖြစ်ပုံတို့ကို ရှင်းရာ တွင်-

တာသဗ္ဗာပိ မဂ္ဂါဝရဏာ

နသဂ္ဂါဝရဏာ

ဟူ၍ လာရှိ၏၊ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။တာ၊ ထိုသဏ္ဌာယဒိဋ္ဌိ(၂၀) နှစ်ဆယ်တို့သည်။ မဂ္ဂါဝရဏာ၊ မဂ်ကို တားမြစ်တတ်ကုန်၏။ သဂ္ဂါဝရဏာ၊ သုဂတိကို တားမြစ်ကုန် သည်။ နမဟုတ်။ ဤသို့လည်း ဝိပဿနာ ဘာဝနာလုပ်ငန်း၌ ပညတ်ကို အာရုံမပြုဘဲ ပရမတ်ကိုသာ အာရုံပြုမှလိုအပ်သော

မဂ်ဖိုလ်ကို ရရှိမည်ဟူ၍လည်း သဘာဝကို သဘော ပေါက်ကာ ဝိပဿနာ ဘာဝနာကို လေ့ကျင့် ပွားများရာ၏။

သောတာပန်ဖြစ်လိုသူ ပုဂ္ဂိုလ်အပေါင်းတို့သည် ဤသို့လျှင် ဒုက္ခကို ပညတ်မျှသာ မဟုတ်ဘဲ ပရမတ် ဆိုက် အောင် ကိစ္စ ဉာဏ်ဖြင့် ဝိပဿနာ ဘာဝနာကို ပွားများ လေ့ကျင့်နေသော အချိန်အခါသည် အဘိုး မဖြတ် နိုင်အောင် တန်ဘိုး ရှိခြင်း ကြောင့် ဝမ်းသာ၍မဆုံးနိုင်တော့ပြီ၊ ဤစခမ်းသို့ ရောက်ရှိလာ သော အချိန်သည် သောတာပန်ဖြစ်ရန် စည်းဝိုင်း အတွင်းသို့ ဝင်စပြုလာသော ကြက်သရေအဖြာဖြာ မဂ်လာအပေါင်းတို့ နှင့် ပြည့်စုံသော အချိန်အခါကြီးပေတည်း။

ဤမှ တဆင့် တက်သော် ပညတ်ပရမတ်၊ အတ္တ အနတ္တ၊ အနိစ္စ အနိစ္စလက္ခဏာ စသည်တို့ အချင်းချင်း ကွာခြားကြပုံ တို့နှင့်တကွ ဝိပဿနာ ဘဝနာကို သဘာဝကျနစွာ ပွားများ နိုင်ရန် ရှေတွင် ထင်ရှားစွာ တွေ့ရှိရလတံ့၊(ဒုတိယတွဲကို ဆက် ဖတ်ရှုတော်မူကြပါကုန်)။

နိဗ္ဗာန်လမ်းပြ-ဓမ္မကထိက

ပဒေသာလက်သုံးကျမ်း

ဤကျမ်းစာမှာ ဝိပဿနာ ယောဂိပုဂ္ဂိုလ်များ အတွက် အထူး အရေးပါ အရာရောက်၍ အားကိုးလောက်သော ကျမ်းကြီး တကျမ်း ဖြစ်ပေ သည်၊ သတ္တာယဒိဋ္ဌိ ပဟာနေန ဒွါသင်္ဌယော မိစ္ဆာဒိဋ္ဌိ ပဟိယတိ၊ သတ္တာယဒိဋ္ဌိ ၂၀-ကို ပယ်ခွါနိုင်ပါက ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ပယ်ခွါနိုင်လေတော့ သည်ဟူ၍ အဋ္ဌကထာ ဆရာရှင်မိန့်မှာသည်နှင့်အညီ ဝိပဿနာ ယောဂိပုဂ္ဂိုလ်သည် သတ္တာယဒိဋ္ဌိကို ပယ်ခွါနိုင်ဘို့အရေးကြီးသည်နှင့်လျော်ညီစွာ ဤကျမ်းစာ အုပ်မှာလည်း သတ္တာယဒိဋ္ဌိ ပယ်ခွါပုံနှင့်တကွ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကို သူ့နေရာနှင့်သူ အကွက်ကျကျ အသေးစိပ် ရှင်းပြထားပါသဖြင့် နိဗ္ဗာန်မဂ်လမ်းကို ရှယ်မှန်းနေကြသော ဝိပဿနာ ယောဂိများအတွက် "နိဗ္ဗာန်လမ်းပြ-ဓမ္မကထိက" သဘွယ် ဖြစ်သော ကျမ်းကြီးတကျမ်း ဖြစ်ပါပေသည်။

အဘိုး ၃-ကျပ်၊ ၅၀-ပြား။

ရန်ကုန်သောဌာန

ပညာမဇ္ဈ။ဝိဇ္ဇကတ်စာအုပ်ဆိုင်၊

၁၇၊ ရွှေတိဂုံဘုရားလေး (ဒဂုံစာတိုက်)ရန်ကုန်မြို့။

ဝမ္မဝိဇ္ဇာနရ-နိဗ္ဗာနကျမ်း

ဗောဓိပက္ခိယတရား ၃ ၇-ပါးကို အသေးစိတ် ရှင်းပြ ထားပါသဖြင့် လူတိုင်းနှင့် သင့်လျော်သည့်အပြင် နိဗ္ဗာန်သို့ သွားရာ လမ်းကြောင်းသည် ယာဉ်သုံးပါး သည်သာလျှင် အစအဦး အမှူးဖြစ်၏ဆိုသည့်အတိုင်း အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော လက္ခဏာယာဉ် သုံးပါး ကို အနက် အဓိပ္ပါယ်နှင့် တက္ခ ရှုပုံ ရှုနည်းများကိုပါ ပေါ်လွင် ထင်ရှားစွာ ဖော်ပြထားသော ကျမ်းဖြစ်ပါ သဖြင့် ဝိပဿနာ ယောဂိပုဂ္ဂိုလ်များအတွက် အထူး လိုအပ်လှသော ကျမ်းစာအုပ် ဖြစ်ပေသည်။

အဘိုး ၂-ကျပ်၊ ပြား-၅၀။

ရန်ဝင်သောဌာန

ပညာမဋ္ဌ||ပိဋကတ်စာအုပ်ဆိုင်၊

၁၇၊ ရွှေတိဂုံဘုရားလျှောက်(ဒဂုံစာတိုက်)ရန်ကုန်မြို့။

သမစိတ္တဘာသာကျမ်း

နှင့်

သံဃာစစ်တမ်းအလင်းကျမ်း

"ကမ္ဘာအစပြဟ္မာက" ဆိုသော စကားကို ကျမ်းပေါင်းမြောက်မြားစွာနှင့် ညှိနှိုင်းထားသောကျမ်းစာဖြစ်သည်၊ ကမ္ဘာလောကကြီး တည်ရှိလာပုံ, လူမှုသမိုင်း ဖြစ်ပေါ်လာပုံတို့ကို အသေးစိတ် ဖော်ပြထားသော ကျမ်းဖြစ်သည့်ပြင် ကမ္ဘာပေါ်တွင် ထင်ပေါ်ကျော်ကြားလျက်ရှိသောဘာသာရပ်ကြီးများ၏အယူဝါဒကို ဖော်ပြထားသော ကျမ်းဖြစ်ပေရာ မိမိတို့ ယခုယနေ့ ယုံကြည်ကိုးကွယ်နေသော ဗုဒ္ဓဘာသာနှင့် အခြား ဘာသာရပ်များ မည်ကဲ့သို့ ကွာခြားချက်ရှိသည်ကို နှိုင်းယှဉ်ကြည့်ပါရန်၊လူတိုင်းနှင့် သင့်လျော်သော စာအုပ်ဖြစ်ပါသည်။

အဘိုး ၂–ကျပ်၊ ၅၀–ပြား။

ရန်ကုန်သောဌာန

ပညာမဋ္ဌ။ပိဋကတ်စာအုပ်ဆိုင်၊

၁၇၊ရွှေတိဂုံဘုရားဈေး (၅ဂုံစာတိုက်)ရန်ကုန်မြို့။

ပဋ္ဌိစ္စသမုပ္ပါဒ်လမ်း

မေး-ဖြေ ကျမ်း

အဝိဇ္ဇာ ပစ္စယာသင်္ခါရာ၊ အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရ အစရှိသည့် အကျိုးတရားတွေသည် စက်ရဟတ်ကဲ့သို့ အမြဲမပြတ် ဒလစပ် ဖြစ်နေခြင်းကြောင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျား, မိန်းမ, ပုပ္ပရ္ဏရ သတ္တဝါဟူသမျှတို့သည် သံသရာဝဲ သြဃသဲတွင် တဝဲလယ်လယ် ဖြစ်နေကြရသည်။

ထိုကဲ့သို့ ပဋ္ဌိစ္စသမုပ္ပါဒ် ဝဋ္ဋဇာတ်သိမ်းရာသည် နိဗ္ဗာန်ပင် ဖြစ်သောကြောင့် ဝဋ္ဋဘဝတိုတိုနှင့် မင်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုကြသော ဗုဒ္ဓဘာသာဝင် အပေါင်း, ဝိပဿနာယောဂီ သူတော်စင်အပေါင်းတို့သည် "ပဋ္ဌိစ္စသမုပ္ပါဒ်လမ်း မေး-ဖြေ ကျမ်း"ကို တအုပ်ကျစီ ဆောင်ထားသင့်ပေသည်။

အဘိုး ၂-ကျပ်။

ရနိုင်သောဌာန

ပညာမဇ္ဈ။ဝိဋ္ဌကတ်စာအုပ်ဆိုင်၊

၁၇၊ ရွှေဟိုဂုံဘုရားစျေး (ဒဂုံစာတိုက်)ရန်ကုန်မြို့။

ဦးပဏ္ဍိုင် ရေး

၁။	ဝိပဿနာ အခြေခံနှင့် အဖြေမှန်	၃-၅၀
၂။	ဂ ဗ္ဗီရဝိပဿနာ ရှုဘွယ် (ပ - ၃)	၂-၈၀-၆
၃။	၎င်း .... (တ)	၅-၅၀

ဓမ္မစေတီဆရာတော်ရေး

၄။	နိဗ္ဗာန်လမ်းပြ ဓမ္မကထိက	၃-၅၀
၅။	သောတာပန်လမ်း အလင်းကျမ်း	၃-၅၀
၆။	ဓမ္မဝိဇ္ဇာနရဂုဏ်ကျမ်း	၂-၅၀
၇။	သမစိတ္တ ဘာသာကျမ်း	၂-၅၀
၈။	ပဋ္ဌာန်းသမုဒ္ဒါဒိလမ်း မေး-ဖြေ ကျမ်း	၂-
၉။	ပရမတ္ထစက္ခု (ဒီပဝိရင်း)	၃-၅၀
၁၀။	အဘိဓမ္မာဟောစဉ် (ဝိသုဒ္ဓါရုံ)	၃-
၁၁။	အနုဿသာရ ဒေသနာ (ပ-၃-တ)	၃-၅၀-၆
၁[illegible]။	[illegible]ဒ္ဓါရုံယပ်လှေပေါင်းချုပ် (၃)	၃-၇၅-၆

ပညာမ[illegible]။ ဝိဒူကတ် စာအုပ်ဆိုင်
၁၇၊ ရွှေတိုဂုဏားချောင်း (ဒဂုံစာတိုက်) ရန်ကုန်မြို့။